www.burmeseclassic.com

# ခိုင်ဇင်သက်

တွယ်ငြိနှုန်းတာရိပ်ရိပ်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၄၇၃၀၄၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၁၂၄၉၁၀၀၇

တန်ဖိုး - ၂၄၀ ကျပ်

အုပ်ရေ - ၃၀၀

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်

ထုတ်ဝေသည့်ကာလ - ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ။

မျက်နှာဖုံး ——— ဦးတိုးဝင်း(နေလရောင်အော့ဖ်ဆက်)


(၀၂၄၃၁) အမှတ်(၉၆/ခ)၊ (၁၁)လမ်း ရန်ကုန်မြို့

အတွင်းပုံနှိပ် ——— ဦးဝင်းအောင် (သန်းထိုက်ရတနာပုံနှိပ်တိုက်)

(၀၅၁၃၁) အမှတ်(၈၄/၈၆)၊ လမ်း(၃၀)၊

၁ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။





www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ ------- ဦးတိုးဝင်း (မြ ၈၉၃) ရန်ပိုင်ဦးစာပေ၊
(၉၃/၁၁)လမ်း။



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ခိုင်ဇင်သက်

ထွယ်ဒါကြီးနန်း တရိပ်ရိပ်

ရန်ဝိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com

" ကိုကိုတို့များ နေနိုင်တယ်... စာလေးတောင် ရေးဖော်မရဘူး... ပြောလိုက်ရင်တော့ ကိုယ့်မှာ ညီမလေး တစ်ယောက်ပဲရှိတာ... သတိရနေမယ်တဲ့... အလကား အစ်ကို... မဟုတ်မှလွဲရော... ရည်စားတွေ ဘာတွေ ထားနေပြီ ထင်ပါရဲ့..."

ကိုကို့ကို စိတ်တိုရလွန်းတာ ကြက်သွန်တွေတောင် အတော်ညက်လာပါပြီ။ ကြက်သွန်နီ မွှန်တာကလည်း တစ်မျိုး... ကိုကို့ကို သတိရတာကလည်း တစ်မျိုးနဲ့ မျက်ရည်တွေကလည်း ကျပြီလေ...။

" ဝန်းရံ... ငါအေးအေးဟင်းချက်ပါရစေ... ခိုတစ်ကောင်လို ညည်းညူမယ်ဆိုရင်တော့... အခန်းထဲ သွားနေပါတော့အေ..."

" ကိုကို့ကို လွမ်းနေတာကိုး "

" ဟဲ့... လူတိုင်းက မောင်နှမ်းကို လွမ်းတဲ့လူချည်းပဲ... နင့်အဖေလည်း လွမ်း... နင့်အမေလည်းလွမ်း... ငါလည်းလွမ်း... နင်လည်း လွမ်းပဲပေါ့... ဒါပေမယ့် သူလည်း ဝန်ထမ်းဖြစ်နေပြီ... ကျရာနေရာကို သွားရမှာပဲ... ဖုန်းလည်းဆက်နေတာများ စာကရေးရဦးမလား..."

" ဝန်းရံ လိုက်သွားချင်တယ်... ကိုကိုနဲ့ လိုက်နေချင်တယ်... ကိုကို့ကို ထမင်းဟင်းချက်ပြုတ်ကျွေးပြီး နေချင်တာ..."

" နင့်အဖေက လူမမာ... နင့်အမေက စီးပွားရေး ပွက်ပွက်ဆူ...

www.burmeseclassic.com

www.burmeseclassic.com



တယ်… ငါက ထမင်းဟင်းချက် အဝတ်လျှော်… ငါတို့သုံးယောက်ကိုတော့ မေးမေးမမ မနေပဲ နင့်အစ်ကိုနောက် လိုက်ချင်ရတယ်လို့ပဲ…"

"ကိုကို့ကို လွမ်းတယ်… တော်ကြာ… မိန်းမရသွားရင် ယောက်မနဲ့တော့ အတူမနေချင်ပါဘူး… ကိုကိုက လူပျိုကြီး လုပ်မှာပါ…"

ကိုကိုတစ်ယောက်တည်းကို အဲဒီမြို့လွှတ်လိုက်ရတာ…။ မေမေက အိပ်ရာပေါ်မှာဆိုတော့ ဒေါ်ဒေါ်နှင့် ဝန်းရံကပဲ ပြုစုနေရတာ… ဝန်းရံတောင်မှ စွဲ့ရပြီး အပြင်အလုပ် ထွက်မလုပ်နိုင်ပါဘူး…။

"ဝန်းရံ… သမီး "

"ဟော… နင့်အမေ ခေါ်တယ်ထင်တယ်… သွားကြည့်စမ်း"

ဖေဖေ့အခန်းဆီ ပြေးခဲ့ရတယ်။

ဖေဖေ့ခမျာလည်း ကိုကိုရှိတုန်းကတော့ ဘီးတပ်ကုလားထိုင်လေးပေါ်တင်ပြီး တွန်းပေးလို့ အပြင်ထွက်ရသေးတာ…။ ကိုကိုက သူကိုယ်တိုင် ဆရာဝန်လည်း ဆရာဝန်ဆိုတော့ ဖေဖေ့ကို ဆေးတိုက်တာက အစ အရှမ်းဂရုစိုက်တာ။

"ဝန်းရံက သမီးကိုကို့ကို သတိရနေတာလား "

"ဟုတ်တယ် ဖေဖေရယ်… ကိုကို ပြောင်းသွားတည်းက အိမ်ကြီးက ခြောက်ကပ်နေသလိုပါပဲ…"

"ဖေဖေလည်း… သားကိုလွမ်းတယ်… ဖေဖေနဲ့ ဝန်းရံ ဖုန်းဆက်ကြမယ် ဟိုမှာ သား အိမ်နေစရာ အဆင်ပြေရင် ဖေဖေတို့ လိုက်သွားကြမလား…"

"ဟယ်… တကယ်… တကယ်လား ဖေဖေ… ကောင်းလိုက်တာ… ဖေဖေနဲ့ ဝန်းရံ လိုက်သွားမယ်… မေမေနဲ့ ဒေါ်ဒေါ်ကို



ထားခဲ့မယ် "

"ဝန်းရံက ဖေဖေ့ကို ပြုစုရမှာ မပင်ပန်းဘူးလား "

"ကိုယ့်အဖေပဲ ဖေဖေရယ်… မပင်ပန်းပါဘူး…"

"ဝန်းရံ… အဖေကို ဘာတွေကပ်ချွဲနေလဲ…"

"မေမေ ပြန်လာပြီလား…"

မေမေကတော့ စီးပွားရေး ရှာဖွေကျွေးနေရလည်း ပြုံးပြုံးရွှင်ရွှင်ပါပဲ။ ဖေဖေမမာတာ… ကိုကို အလုပ်သင် ဆရာဝန်ဖြစ်တည်းကပါ။ မေမေက စီးပွားရှာတတ်လို့သာ တော်တော့တယ်။

"ကိုနဲ့ သမီး… သားဆီမှာ သွားနေချင်တယ် "

"ဖြစ်ပါ့မလား ကိုရယ်… သားက ဆေးရုံတာဝန်တွေနဲ့… ဝန်းရံကလည်း ကလေးစိတ်… ကိုက ကိုယ့်ကိုယ်ကိုတောင် မဟန်နိုင်… ကိုသိပ်သွားချင်ရင်တော့ နုနုပါခေါ်သွား…"

"နုနုခေါ်သွားတော့ မေတစ်ယောက်တည်း ကျန်နေမှာပေါ့… မေ့ စားဝတ်နေရေး ရှိတယ် "

"မေ့ကို မပူပါနဲ့… မေက ဝေတို့အိမ် သွားနေမယ် "

မေမေက ဒေါ်လေးဝေတို့နှင့် သွားနေမတဲ့…

မေမေ့ညီမ ဒေါ်လေးဝေမှာကလည်း ယောကျာ်းဆုံးပြီး မုဆိုးမမှာ သမီးလေး နှင်းဆီချို တစ်ယောက်တည်း ရှိတာ…။

"ကိုတို့သွားနေချင်တာက ထား… သားကိုလည်း မေးပါရစေဦး… သားဟိုမှာ နေစရာရော အဆင်ပြေရဲ့လား… ကိုတို့သုံးယောက် လိုက်လာရင်ကော ဖြစ်မလား… မေးပါရစေဦး "

"ငါ့သားလေးက ဖြစ်အောင်စီစဉ်ရှာမှာပါ"

ဖေဖေ မေမေက ကိုကို့ကို ချစ်သမျှ ဝန်းရံကလည်း

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတာပါပဲ။

" မေမေ ကိုကို့ဆီ အခု ဖုန်းဆက်ပါ..."

" ဝန်းရံကတော့ လောပြီ "

ပြောသာ [illegible]ပြောတာပါ။ မေမေကိုယ်တိုင်လည်း ကိုကို့ကို သတိရနေတာပါလေ။ ကိုကို့ဆီ မေမေဖုန်းခေါ်တော့ ခွဲစိတ်ခန်းထဲ ရောက်နေလို့ ပြန်ပြောပေးပါမယ်တဲ့။

" သားက လာနေဆိုရင် ရှင်တို့သုံးယောက်သွားပေါ့..."

" နနပါ ပါလာတော့ သားရဲ့ အစားအသောက်က အစ ပြုစုနိုင်တယ်... မင်းကရော ဝေတို့နဲ့ နေလို့ အဆင်ပြေပါတယ်နော်"

" သိပ်ပြေတာပေါ့... ရှင်တို့သားအဖတွေအတွက် မေ ငွေပို့ပေးပါမယ်..."

ဒေါ်ဒေါ်ကတော့... မဝန်းရံတို့ ပူဆာလိုက်ရင် အမေနဲ့အမေ ကပါ အလိုလိုက်ရော... ကျွန်မမှာတော့ အဲဒီ့ပူပူလောင်လောင်မြို့မှာ နေရဦးမယ်... နွေကျပူ ဆောင်းကျအေးနဲ့ အဲဒီ့ရာသီဥတုကို အစ်ကိုက ခံနိုင်ပါ့မလားတဲ့လေ။

" ငါ့သားရှိတယ်... ငါ့သား သူ့ဘာသာ ဆုံးဖြတ်မယ်... ငါ့သားက မလာနဲ့ဆို မသွားရုံပေါ့..."

ကိုကိုက လာခဲ့လို့ ခေါ်ပါစေပဲ ဆုတောင်းရတော့မှာပါလား။

✡ ✡ ✡

" ကိုကို... ကိုကို့ကို ဝန်းရံကတော့ လွမ်းနေတာ... ကိုကိုကတော့ မေ့လို့..."

" မမေ့ပါဘူး ညီမလေးရယ်... ကိုကို အလုပ်များနေလို့ပါ— ပြီးတော့ အိမ်ရှုပြီ သိလား... ကိုကို အိမ်ကျယ်ကျယ် ငှားထားတယ်— ဒီမှာက ရာသီဥတုပူတော့ ခြံကျယ်ကျယ် အိမ်ကျယ်ကျယ် ငှားထားတာ... အားလုံးကို ခေါ်ထားမလို့... ကိုကိုလည်း မိသားစုနဲ့ မခွဲစဖူး ခွဲရတော့ လွမ်းတယ်..."

လာနေချင်တယ် ကိုကိုလို့တောင် မပြောရသေး။

အဆင်ကိုပြေလို့...။

မေမေကတော့ မရွှေဝန်းရံတို့က အစ်ကိုနဲ့တွေ့ရင် ဖော်ကြော မပြတ်ဘူး... ပေး... မေမေပြောမယ်တဲ့။

" ဒေါ်ဒေါ်... ကိုကိုက အိမ်တောင်ငှားပြီးပြီတဲ့ "

" ဒါဆိုလည်း ကောင်းတာပေါ့အေ..."

ဖေဖေကလည်း ကိုကိုနှင့် စကားပြောတာ လိုက်လာခဲ့ဖို့ ပြောတယ်ဆို ဝမ်းသာနေပါတယ်။ ဒေါ်ဒေါ်ကတော့... မမြ တစ်ယောက်တည်းနေခဲ့ရမှာပါလားတဲ့။ မေမေနဲ့ ဒေါ်ဒေါ်က သမီး ယောက်မသာဆိုတာ အတော်ချစ်ကြပါတယ်။

" သားက သူ့အမေ နေခဲ့မှာတော့ စိတ်မကောင်းဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



" မေလည်း ဘယ်နေချင်ပါ့မလဲ… မိသားစု ဟိုအရင်ကလို စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ပဲ နေချင်တာပေါ့… ဒါပေမယ့် သားတစ်ယောက်လခနဲ့ ကိုပင်စင်လေးနဲ့ ဘယ်အပိုသုံးနိုင်မလဲ… မေ ရှာတဲ့ငွေကပဲ လည်ပတ်နေရတာလေ "

တစ်အိမ်လုံး မေမေ ရှာတဲ့ဝင်ငွေက အများဆုံးဆိုတော့လည်း ကျန်တဲ့လူတွေက ဘာမှမပြောနိုင်ဘူးပေါ့။ မေမေကတော့ သူလည်း… ခဏခဏ လာလည်မှာပေါ့… သားကခေါ်နေတာ သွားသာသွား… ဒါမှလည်း သားရဲ့ စားရေးဝတ်ရေး အဆင်ပြေမယ်တဲ့။

" မြဝန်းရံကိုတော့ နန ထိန်းရဦးမှာပေါ့ "

" မေမေကလည်း ဝန်းရံ အသက်နှစ်ဆယ်ကျော်ပြီ ဘွဲ့ရပြီ ကလေးလေးလို ထိန်းစရာလိုသလား…"

" ဟဲ့… မသင့်တော်တဲ့ လူနဲ့ မတွေ့ရအောင်တော့ ထိန်းရမှာပဲ… နနရေ… ဟိုရောက်ရင် ဂရုစိုက်နော်…"

" မေမေရယ်… ဝန်းရံ ကလေးမဟုတ်တော့ပါဘူး ပြီးတော့ ကိုကို့ကိုလည်း လူပျိုကြီးလုပ်ခိုင်းမယ်… ဝန်းရံလည်း အပျိုကြီး လုပ်မယ်…"

" အပြောကတော့ ကောင်းပါ့… ကြည့်ရသေးတာပေါ့ "

ဖေဖေကတော့ ဝန်းရံကို ပြုံးပြုံးကြီး ကြည့်နေပါတယ်။

ကိုကို့နှင့်စကားပြောလိုက်ရတာ အတော်ကြီး အလွမ်းပြေသွားသားလား…။

" ကိုကိုတို့များ အဲဒါမျိုးလေးတွေ ချစ်ဖို့ကောင်းတာပေါ့… ဝန်းရံတို့ လိုက်နေရအောင် အိမ်ငှားထားသတဲ့လေ…"

" ဝန်းရံလို အစ်ကိုကို သိပ်သည်းတဲ့မိန်းမ… အစ်ကိုများ



မိန်းမယူမယ်ဆို ယောက်မကို ရန်သူများ ထင်မလားပဲ…"

" ဒါဆို ဒေါ်ဒေါ်က ဖေဖေ့ကို သိပ်မသည်းဘူးလို့ ဆိုတာပေါ့ "

" ငါတို့က အစ်ကိုကိုချစ်တာပါပဲ… ဒါပေမယ့်… ညည်းလို တော့ ကဲကဲဆတ် မဖြစ်ပါဘူးဟယ်…"

" ဒေါ်ဒေါ်ပြောသလို ကဲတယ်ပဲဆိုဆို… ကိုကို့ကို ချစ်တာပဲ"

ဒေါ်ဒေါ်ကတော့… ဟိုကလည်း သူ့ညီမမှ သူ့ညီမ… ဒီမောင်နှမ ဘယ်လိုများ ချစ်သူတွေတွေ့မယ် ကြည့်ချင်တယ်တဲ့။

" ဝန်းရံက ဖေဖေ… မေမေ… ကိုကို့ထက် ပိုချစ်ရမယ့်လူ မရှိသေးဘူး… အခုလည်း မရှိဘူး… နောက်လည်း မရှိဘူး…"

" အဲလိုလူမျိုးတွေက ပိုတောင်မှ မြန်မြန်စွံသွားဦးမယ်… မမေ… ဝန်းရံကို ကိုနိုင်းရဲ့သူငယ်ချင်း… ဇော်ထွန်းဆွေနဲ့ ပေးစားလိုက်ရင် မကောင်းဘူးလား… ကောင်လေးက ဝန်းရံကိုရမယ်ဆို တိုက်ကား အတွင်းပစ္စည်း… အတော်များများ တင်မှာဆို…"

ဒေါ်ဒေါ်ကလည်း တစ်မျိုး။

တစ်ခါလာ ဇော်ထွန်းဆွေ… တစ်ခါလာ ဇော်ထွန်းဆွေနဲ့ လိုချင်ပါဘူး။ ဝန်းရံကို နှစ်သက်လို့ ဆိုပြီးတော့… အိမ်လာ… ဖေဖေ မေမေနဲ့ ဒေါ်ဒေါ်ကို ကပ်ပေါင်းနေတာများ ဝန်းရံကမြင်ကြည့်လို့ကိုမရ။

" နနရယ်… နင်ကလည်း… ငါ့သမီးလေးပဲ ပြောနေတယ်… ငါ့သမီးလေးက အပျိုကြီးလုပ်ပြီး သူ့အစ်ကိုအိမ်မှာ တဘူမတွေ လိုက်ထိန်းရမှာ "

" ဟင် ဖေဖေကလည်း ဝန်းရံက ကိုကို့ကိုပဲချစ်တာ—"

www.burmeseclassic.com

www.burmeseclassic.com



" ယောက်မ မချစ်ဘူးပေါ့ဟုတ်လား..."

" ဟုတ်တယ်..."

" အဲလိုပေါ့... ယောက်မ မုန်းတယ် မုန်းတယ်နဲ့ တူတူမတွေကျ သည်းသည်းလှုပ်ချစ်တဲ့ လူတွေ အမြဲလို မြင်နေရတယ်"

" ကိုကိုကလည်း ညီမလေးတစ်ယောက်ပဲ ရှိတာ... ဝန်းရံကို ပဲ ချစ်မှာပါ... တခြား မိန်းမ မချစ်ပါဘူး "

ဖေဖေနှင့် မေမေကတော့ ဝန်းရံဒီလိုပြောရင် ပြုံးနေပြီး... ချစ်ကြပါ... ချစ်ကြပါ... ဒီမောင်နှမ သေတစ်ပန် သက်တစ်ဆုံး ချစ်ကြပါလို့ ပြောနေကျပါ...။

" ကိုတို့ ဘယ်နေ့ သားဆီ သွားကြမလဲ "

" နန ပစ္စည်းလိုမယ် ထင်သမျှ သိမ်းလေ... သားနဲ့ ချိန်းပြီး သွားကြတာပေါ့..."

ရင်ထဲမှာတော့ သိပ်ကို ပျော်တာပါပဲ...

ကိုကိုနှင့်အတူ ပြန်နေကြရမယ်... မေမေ အတူမနေနိုင်ပြန်တဲ့ အတွက်လည်း စိတ်မကောင်းတော့ ဖြစ်ရပြန်တာပါပဲ။ ဒါပေမယ့် မေမေက မကြာခဏ လာမှာပေါ့လို့ ဆိုပါတယ်။

" နန အစ်ကိုကိုလည်း ဂရုစိုက်... တူမလည်း ဂရုစိုက်နော်"

" အစ်ကိုကိုတော့ ဂရုစိုက်ပါမယ်... ဝန်းရံကတော့ သူ့ အစ်ကို တစ်ယောက်လုံး ရှိတာ... သူ့ညီမ သူတာဝန်ယူပေါ့ "

ဝန်းရံကိုများ စိတ်ပူလို့။ ဝန်းရံကဖြင့် ကိုကို့စကားဆို အမြဲနားထောင်ခဲ့တာ... ဝန်းရံတို့ မောင်နှမကိုဆို သိတဲ့လူတိုင်းက သိပ်ချစ်တဲ့ မောင်နှမလို့ ပြောကြတာပဲ မဟုတ်လား။

✡ ✡ ✡

ဘူတာမှာ ကိုကို ကိုယ်တိုင် လာကြိုမလားမှတ်တယ်... သူနဲ့ အတူ တာဝန်ကျနေတဲ့ သူငယ်ချင်း ကိုလင်းဇော်ကို လွှတ်လိုက်သတဲ့။ ဖေဖေ့ကို ပွဲချီရတာ မဟုတ်လား။

" အားမနာပါနဲ့ အန်ကယ်... နိုင်းဆ သေရာမှာသွား တာပါ... အိမ်ထိလည်း လိုက်ပို့ပါမယ်... နိုင်းဆက ကွင်းဆင်းအဖွဲ့နဲ့ ပါသွားတာ... ညနေ မိုးချုပ်လောက်တော့ ပြန်ရောက်မှာပါ..."

" ကျေးဇူးပါပဲ သားရယ် "

အိမ်ပြောင်းသလောက်ဆိုတော့လည်း ပစ္စည်းတွေက ပါသေး တာ။ ဖေဖေ့ကို ကားပေါ်ပွဲချီတင်... ပစ္စည်းတွေကိုလည်း ဒေါ်ဒေါ်နဲ့ ဝန်းရံကို ကူသယ်နဲ့ ကိုကို့သူငယ်ချင်းတော့ အတော်ပင်ပန်းသွား မှာပါပဲ။

" ဒီခြံ... ဒီအိမ်ပါပဲ..."

" ဟယ်... ကောင်းလိုက်တဲ့ ခြံ... အိမ်လေးကလည်း နှစ်ထပ်အိမ်ကလေး အနေတော်ပါပဲ... မန်ကျည်းပင်ရိပ်တွေ အများကြီး ပါလား... ဒီမှာ ပူတဲ့နွေလောက်ကတော့ ဒီမန်ကျည်းပင်တွေက မမှုလောက်ပါဘူး "

ဒေါ်ဒေါ်တောင် သဘောကျနေပြီ။

" ဟိုဘက်မှာ တစ်အိမ်ရှိသေးတယ်နော်..."

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်... အဲဒါ အိမ်ရှင်တွေရဲ့ အိမ်ပါ... အငြိမ်းစား ယူထားတဲ့ အရာရှိကြီးတစ်ယောက်ပါပဲ... သူတို့မိသားစုလေးကလည်း အေးအေးဆေးဆေးမို့... အန်ကယ်တို့ နေရတာ အဆင်ပြေမှာပါ..."

ကိုလင်းခေဦးက ထမင်းဟင်းတွေလည်း ချက်မနေနဲ့... သူလာပို့မယ်လို့ ပြောပြီး ပြန်သွားပါတယ်။

" မချွေမြဝန်းရံတို့က ရောက်မရောက်သေးဘူး... စွံနေပြီ..."

ကိုလင်းခေဦးရဲ့ နှုတ်ဆက်မျက်ဝန်းလေးတွေကို ဒေါ်ဒေါ် မြင်သွားမှာပေါ့လေ။ ကိုကို့သူငယ်ချင်းဆိုတိုင်း ချစ်သူဖြစ်ရရင် ကိုကို ကျောင်းတက်နေသမျှမှာ သူငယ်ချင်းတွေ များမှများမို့ မြဝန်းရံလည်း ချစ်သူတွေ များမှများဖြစ်ကုန်မှာပေါ့...။

" ဖေဖေက ကုလားထိုင်နဲ့သွားနေရတာဆိုတော့ အောက် ထပ်မှာနေပေါ့ "

" အစ်ကို့တော့ အောက်ထပ်မှာ ထားရမှာပေါ့... မောင်နိုင်း လာမှ ကျန်တဲ့လူတွေအတွက် စီစဉ်မယ်... ခုနေကတော့ ကြိုတဲ့နေရာ အိပ်ပဲ..."

ဖေဖေ့အတွက်တော့ လောလောဆည် ကိုကိုအိပ်နေပုံရတဲ့ အသင့်ပြင်ပြီးသော ကုတင်မှာထား နားခိုင်းထားရတယ်။

" ဒေါ်ဒေါ်... ဝန်းရံ ခြံထဲ လေ့လာရေး ထွက်ဦးမယ်..."

ပြောပြီးတာနှင့် လုစ်ခနဲဆို ထွက်ခဲ့ပါပြီ...။

မန်ကျည်းပင်ရိပ်တွေကို ဝန်းရံ သဘောကျလိုက်တာ။ မန်ကျည်းပင်ကြီးအောက်က ကွပ်ပျစ်ကြီးကလည်း မနည်းမနောပါလား။ သဘောကျစွာ ထိုင်နေမိပါတယ်...။ သစ်ရိပ်လွှတ်နေတဲ့ နေရာတွေမှာ တော့ အပူဓာတ်ရှိနေပါပြီ။ ဒေါ်ဒေါ်က လာတဲ့လမ်းတလျှောက်



ကြည့်ပြီးတော့ နွေရာသီဆို ဘယ်လောက်များ ပူလိုက်လေမလဲတဲ့ ညည်းနေပါပြီ။

ဝန်းရံကတော့ သဘောကျတယ်...

ဒီမှာ ထန်းသီးပေါတယ်လေ။

ထန်းသီးက ဝန်းရံကြိုက်တဲ့ အစားအစာပဲ... ထိုင်နေရာကနေ ဟိုးခြံနောက်ဘက်ကို လျှောက်ခဲ့ပြန်ပါတယ်။

" ဟိတ်... ဟိတ် "

ခေါ်သံကြောင့် လှည့်ကြည့်မိတယ်...

ကောင်လေးတစ်ယောက်ပဲ...။

" ဘာလဲ..."

" မင်းက ဆရာနိုင်းဆနဲ့ ဘာတော်လဲ..."

" ညီမ "

" မင်းတို့လာနေမယ်တော့ သိတယ်... အခု ဘယ်လဲ "

" ဘယ်မှမဟုတ်ပါဘူး... မရောက်ဖူးတဲ့ အရပ်ဆိုတော့ ခြံထဲ လျှောက်ကြည့်တာ... ဒီအပင်ကြီးက ဖြောင့်လည်းဖြောင့် မြင့်လည်းမြင့်... ဒါဘာပင်လဲဟင်..."

သစ်ပင်ကြီးကို နှစ်သက်စွာ မော့ကြည့်မိပါတယ်။

" ဒါလား... ဒါလက်ပံပင်လေ "

" လက်ပံပင်... ဟုတ်လား..."

လက်ပံပင်တဲ့။ ဒီမျှ ကြီးမားသော လက်ပံပင်ကြီးဟာ... ပွင့်တဲ့အချိန်ဆို ဘယ်လောက်များ လှပလိုက်လေမလဲ။

" ပွင့်တဲ့အခါ တွေ့ဖူးလားဟင် "

" တွေ့ဖူးတာပေါ့... လက်ပံပင်တွေ ကြွေတာ မင်း

www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးလား…"

" ဟင့်အင်း…"

" သူက ဝေ့ဝဲပြီး ချာချာလည်လို့ ကြွေကျတာ အရမ်းလှတယ်… ပြီးတော့ ချဉ်ရေဟင်းချက်စားလို့ ရတယ်လေ…"

" ဟုတ်လား…"

ကောင်လေးနှင့် စကားသာ ပြောနေရတယ်။ အဲဒီကောင်လေးကို သေချာစူးစိုက် မကြည့်ရဲပါဘူး။ အားနာမိတယ်လေ။ ကြည့်မိရင် ငါက ခြေထောက်နှစ်ဘက် ကောင်းကောင်းမသန်စွမ်းလို့ ချိုင်းထောက်နဲ့ သွားနေရတာမို့ ဒီကောင်မလေးက အားမနာ ကြည့်လိုက်တာလို့ ထင်ရင် မကောင်းဘူးပေါ့…။

" မင်းနာမည် ဘယ်သူလဲ "

" မြဝန်းရဲ…"

" လှတာပဲ… လူကလည်း လှပါတယ်…"

" နင့်နာမည်ကရော…"

" ကိုထိန်…"

" ကိုထိန်… နာမည်အပြည့်အစုံကရော…"

" ထိန်လင်းနိုင်…"

" နင့်နာမည်လည်း လှပါတယ်…"

ကောင်လေးက ရယ်တယ်။ သူ့ရယ်သံမှာ နာမည်ပဲလှတာပါ… လူကတော့ ချိုင်းထောက်တွေနဲ့ သွားနေရတယ်လို့… အဓိပ္ပါယ်အပြည့် ပါသလိုပါပဲ။

" သွားမယ်… ကိုထိန်… တော်ကြာ ဒေါ်ဒေါ်က အခုပဲရောက်တယ်… အခုပဲ လျှောက်လည်တယ် ဖြစ်နေမယ်… သွားပြီ…"



အိမ်ကလေးဆီ ပြန်လျှောက်လာခဲ့ပါတယ်။

တကယ့်ကို အေးချမ်းတဲ့နေရာလေးပါပဲ။

အသက်ရှူရတာ လွတ်လပ်ပေါ့ပါး လန်းဆန်းနေသလိုပါ။ ဒေါ်ဒေါ်ကတော့ အိမ်ရှေ့မှာ ဒရင်းဘက်ချပြီး အိပ်နေပါရော။ ဖေဖေလည်း အိပ်နေပြီ ထင်ပါရဲ့။

ဒါကြောင့် ဝန်းရဲလည်း အိမ်ရှေ့ကုလားထိုင်ပေါ် ခွေခွေလေးလှဲအိပ်နေလိုက်ပါတယ်။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

ပါးကို ညင်သာဖွဖွ လိမ်ဆွဲလိုက်တာမို့ လန့်နိုးပြီး ဖျတ်ခနဲ ထိုင်လိုက်တဲ့အခါမှာ ချစ်သော ကိုကိုပါလား။ ဒါကြောင့်မို့ ကိုကိုဆိုပြီး လက်ဆွဲလို့ အတင်း လက်မောင်းကို ဖက်ထားလိုက်တဲ့အခါမှာ... ဝန်းရံကို ကြည့်နေသော မျက်ဝန်းတစ်စုံ။ ကိုကို့သူငယ်ချင်း ကိုလင်းဓေ ဦးပါ လိုက်လာတာပါလား။

" ကိုကိုပြန်လာပြီလား..."

" ဖေဖေလည်း နိုးနေပြီ... ဒေါ်ဒေါ်လည်း နိုးနေပြီ... အိပ်ပုတ်တစ်ယောက်ပဲ အိပ်နေတာပါလား..."

" ကိုကိုမရှိတော့ ဘယ်နှားအိပ်ရမှန်း မသိတော့... ကုလားထိုင်ပေါ် အိပ်တာပေါ့ "

" အပေါ်မှာ... ညီမလေးနဲ့ ဒေါ်ဒေါ့်အတွက် အခန်းပြင်ထားတယ်... ဖေဖေ့ကို ကိုကိုက အောက်ထပ်မှာပဲ ခေါ်ထားမလို့..."

ထမင်းဟင်းတွေကို ချိုင့်နဲ့ ယူလာတာပါလား။ ကိုကိုတို့က စားခဲ့ပြီတဲ့လေ...။ ထမင်းဟင်းတွေ ပြင်ဆင်ပြီး ညနေစာစားဖို့ ပြင်ကြတယ်...။

" မောင်နှိုင်းဆ... မောင်နှိုင်းဆ..."

" ဩော်... ဒေါ်လေးညို... ဝင်ပါ "

" ကလေးရဲ့အဖေတို့ ရောက်နေတယ်ဆို... ဟင်းလာပို့တာ"

" ကျေးဇူးပါပဲ ဒေါ်လေးညို... ဒေါ်ဒေါ်... ဒါက ဟိုဘက်



အိမ်မှာနေတဲ့ အိမ်ရှင် ဒေါ်လေးညိုပါ... ဒေါ်ဒေါ်က ဖေဖေ့ညီမပါ... ဒေါ်နုနုတဲ့ ဒေါ်လေးညို... သူက ကျွန်တော်ရဲ့ ချစ်ရလွန်းသော ညီမလေး... မြဝန်းရံတဲ့..."

ဒေါ်လေးညိုဆိုတာ ဟိုဘက်အိမ်မှာ နေတဲ့ အိမ်ရှင်ဆိုရော... ကိုထိန့်အမေများလား။ ဖြစ်နိုင်တာပေါ့... ဒေါ်လေးညိုက ကိုထိန်နဲ့ ရုပ်ချင်း အတော်တူပါတယ်။ ဒေါ်လေးညို ဟင်းလာပို့ပြီးလည်း ပြန်ရော ကိုကို့ကို မေးမိတာပေါ့။

" ဒေါ်လေးညိုဆိုတာ ကိုထိန့် အမေလား ကိုကို "

" ဟာ... ဝန်းရံ တယ်တော်နေပါလား... ကိုထိန်နဲ့တောင် သိတယ် "

" မမဝန်းရံ... ဒီအိမ်ရောက်တာ နှစ်ဆယ့်လေးနာရီ မပြည့်သေးဘူး... ဘယ်က ကောင်လေးနဲ့ သိတာလဲ... ငါ ဒါကြောင့်မို့ ဖော်ထွန်းဆွေနဲ့ လက်ထပ်ပေးလိုက်ဆိုတာ "

" ဒေါ်ဒေါ် တစ်ခါလာ ဒီဖော်ထွန်းဆွေပဲ ပြောနေတယ်... ဝန်းရံက အပျိုကြီးလုပ်မှာ... ကိုကိုက လူပျိုကြီးလုပ်မှာပါလို့ ဘယ်နှစ်ခါ ပြောရမှာလဲ..."

ဝန်းရံ ဒီလိုပြောတော့ ကိုလင်းဓေဦးကရယ်တယ်။ ဘာရယ်တာလဲ ဆိုတော့... ကိုယ့်ဘာသာ အပျိုကြီးလုပ်ချင်လုပ်ပါလား ဘယ့်နှယ် နှိုင်းဆကိုပါ လူပျိုကြီး လုပ်ခိုင်းနေရတာလဲတဲ့...။

" ကိုကို... ဟုတ်တယ်နော် "

" ဟုတ်တယ်... လင်းဓေ... မင်းမရယ်နဲ့ ငါ့ညီမပြောတာ ဟုတ်တယ်... ငါက လူပျိုကြီးလုပ်မှာ... သူက အပျိုကြီးလုပ်မှာ..."

ကိုကို့ကို အဲဒါတွေချစ်တာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ဝန်းရုံသဘောကျပဲ အမြဲနေတယ်… ဖေဖေနဲ့ ဒေါ်ဒေါ်က စောစော ထမင်းစားချင်တယ်ဆို စားပြီ။ ဝန်းရုံကတော့ မဆာသေးလို့ဆို မစားပါဘူး…။

"ကိုကို နောက်ရက်တွေကျရင်… လျှောက်လည်ချင်တယ်"

"အခုရော မလည်ချင်ဘူးလား…"

"မောင်နှင်း… မင်းညီမပြောတိုင်း…"

"ဝန်းရုံကို တို့ဟူးကြော် လိုက်ကျွေးမယ်…"

"ကိုကို့ကို ဒါတွေချစ်တာ "

စက်ဘီး ထုတ်ခဲ့တော့ ကိုလင်းဇော်ဦးက ဆိုင်ကယ်နဲ့ပါလား…။ ကိုကိုက စက်ဘီးနင်းတော့ ဝန်းရုံက နောက်ဘက် ကယ်ရီယာပေါ် ထိုင်လိုက်ခဲ့တယ်။

"ကိုကိုကော ဆိုင်ကယ်ဝယ်ပါလား… စက်ဘီးနဲ့ မပင်ပန်းဘူးလား…"

"ကိုကို့ ဆိုင်ကယ်ရှိပါတယ်… ဆေးရုံမှာထားခဲ့လို့ပါ… ပြီးတော့… တို့ဟူးဆိုင်က သိပ်မဝေးဘူး…"

ပထမဦး ရောက်ဖူးတာဆိုတော့… ဝန်းရုံဖြင့် ဟိုကြည့် ဒီကြည့်နဲ့ ကြည့်စရာချည်းပါပဲ။ တို့ဟူးဆိုင်လေးက ထန်းလက်တဲ လေးပါလား။ စားပွဲခုံလေးမှာ ဝန်းရုံတို့ ဝင်ထိုင်လိုက်ကြတယ်။ ဆရာတို့ တို့ဟူးလာစားသလားဆို နှုတ်ဆက်တဲ့သူတွေ အများကြီး ပါလား။

"ဝန်းရုံ ဇော်ထွန်းဆွေက အိမ်ကို ခဏခဏ လာသေးလား"

"ကိုကို… ဒေါ်ဒေါ်မပါလို့များ ဒီနာမည် မကြားရတော့ဘူး မှတ်တယ် "



"အကောင်းမေးတာပါ ညီမလေးရာ…"

"ဝန်းရုံမှ သဘောမကျတာ… မပြောနဲ့ပေါ့ ကိုကိုရဲ့…"

"ဟုတ်ပါပြီ… ဒါဆိုလည်း မပြောတော့ပါဘူး…"

တို့ဟူးကြော်ကလည်းကောင်း… တို့စားရတဲ့ အချဉ်ရည်က လည်း ကောင်းပါပဲ။ ထမင်းမစားရသေးတော့ ဝန်းရုံ ပိုတောင် စားလို့ကောင်းနေတာ။

"ဂျုံးမြစ်ကြော်ရော စားမလား ဝန်းရုံ "

"စားမယ် "

"မငြင်းဘူးလား "

"ငါ့ညီမက အစားဆို မငြင်းဘူး လင်းဇေ… ဒါကြောင့် သူများတွေ မော်ဒယ်လ်လုပ်နေတယ်… သူက ဝတုတ် ဖြစ်နေပြီ"

"ဝန်းရုံက လုရုံလေး ဝတာပါ "

ကိုလင်းဇော်ဦးက ဝန်းရုံကို လုရုံလေး ဝတာတဲ့။

"ကိုကိုနဲ့ လင်းဇေက ဂျူတီချင်းလွဲထားတော့ ကိုကို မအားတဲ့ရက် လင်းဇေ အားလိမ့်မယ်… သွားစရာရှိရင် လင်းဇေ ပို့ပေးမှာပေါ့ ဟုတ်လား…"

"ဟင့်အင်း ကိုကို ပို့…"

"ငါ့ညီမက အိမ်မှာဆိုးပေလေ…"

ကိုလင်းဇော်ဦးက အခုမှ ကိုကိုနှင့် ခင်တာတဲ့ သူက မွန္တလေးက အောင်တော့ ကိုကိုနှင့် ကျောင်းတုန်းက မတွေ့ဖူးကြဘူးတဲ့ ဝန်းရုံကတော့ ကိုကို့သူငယ်ချင်းတွေ တွေ့ဖူးပေါင်းများလို့… သိပ်မငုံမခဲ့ ခံစားမှုမျိုး မရှိပါဘူး။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

“ ဒါကဘယ်လဲ… မိန်းကလေးက ဟိုသွားဒီသွား နေရာ အစိမ်းမှာ…”

စက်ဘီးကို ထုတ်မလို့ မြင်နေတာ… ဒေါ်ဒေါ်ပြောပြီလေ။ ဝန်းရံကဖြင့် စေတနာနဲ့ ဈေးဘက်သွားကြည့်မလို့လေ။ ဒေါ်ဒေါ့်ကို ဈေးဝယ်ပေးမယ်ဆိုပြီး စဉ်းစားတာကို ဆွဲဦးမလားပဲ။

“ သွားပါစေ နုနုရယ်… သမီးပျင်းမှာပေါ့… သွား… သွား… ကားတွေ ရှိရင်တော့ ဂရုစိုက်စီး… ဈေးဘယ်နားရှိလဲလို့လည်း ကြည့်ခဲ့… နောက်ဆို သမီးကို ဈေးဝယ်ခိုင်းရမှာပဲ နုနုရယ် သွားပါစေ…”

“ ဈေးကဖြင့် နီးပါတယ်… နုနုဘာသာ ဝယ်မယ်… မမညိုကို မေးပြီးပြီ…”

ဒေါ်ဒေါ်ဆူလည်း ဖေဖေကျေနပ်နေတော့ အေးဆေးပဲ စက်ဘီးနင်း လာခဲ့တာပေါ့…။ မနက်ပိုင်းဆိုတော့ လမ်းပေါ်တွေမှာ လူစည်မလားမှတ်ပါတယ်။ လူနည်းလိုက်တာ…။ စက်ဘီးစီးလာရင်း ဟိုဒီ ကြည့်လို့ ပတ်ဝန်းကျင်ကို လေ့လာရတယ်။

“ ဟယ်… ကိုထိန်…၊ ကိုထိန် ဘယ်လဲ ”

ရုတ်တရက် လမ်းပေါ်မှာ ကိုထိန်ကို မြင်လိုက်တော့ အံ့သြပြီး ရပ်မေးရပါပြီ။



“ မြဝန်းရံ…”

“ ဝန်းရံပဲ ခေါ်စမ်းပါ… နင်ဘယ်လဲ…”

“ ငါ ဆေးသွားဝယ်မလို့…”

“ ဆေး… သွားလေ… ငါလိုက်ပို့မယ်… ငါ့စက်ဘီးနောက်က လိုက်ရဲလား…”

ကိုထိန်က တွေတွေလေး ကြည့်နေသေးတယ်။ ကိုထိန့်ကို ကြည့်ရတာ ဝန်းရံထက်တောင် ငယ်မယ့်ပုံ ရှိပါသေးတယ်…။

“ တက်လေ ကိုထိန်ရဲ့…”

စက်ဘီးရပ်ထားပေးတာတောင် သူ့ခမျာ မနည်းတက်ရတာ။ သနားပါတယ်။ ဒါပေမယ့် သနားတယ်ပြောလို့တော့ သူဘယ်ကြိုက်ပါ့မလဲ…။

“ ဆေးက ဘယ်သူ့အတွက် ဝယ်တာလဲ ကိုထိန် ”

“ ဖေဖေ့အတွက်…”

“ ဖေဖေ… မင်းဖေဖေ ရှိတယ်လား… မင်းမေမေကိုသာ ဝန်းရံတွေ့ဖူးတာ မင်းဖေဖေနဲ့ မတွေ့ဖူးသေးဘူး…”

“ ကျွန်တော့်ဖေဖေက အိပ်ရာပေါ် ဗုန်းဗုန်းလဲနေတာ တစ်နှစ်နီးပါး ရှိပြီ… လေဖြတ်ပြီး မထနိုင်ဘူး…”

“ ဟုတ်လား… ဒါဆို ဝန်းရံလာကြည့်ဦးမယ် ”

“ ကိုနိုင်း လာကြည့်တဲ့အခါ လိုက်ခဲ့ပေါ့ ”

“ ကိုကိုက လာကြည့်သလား…”

“ အင်း… ကိုနိုင်းနဲ့ပဲ ပြနေရတာ…”

ဒီတစ်ခါ ကိုကို့ကို ပြောထားမယ်။ ကိုထိန့်ဖေဖေကို သွားကြည့်ရင် ဝန်းရံလိုက်ချင်တယ်လို့လေ။ ကိုထိန် ပါလာတော့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ… ဘယ်ဟာက ဈေး… ဘယ်ဟာက မုန့်ဆိုင်… ဟိုဘက်လမ်းမှာ ဘာရှိတယ်… ဘယ်ရုံးက ဘယ်နားမှာ… အမျိုးမျိုး ပြပေးဖော်ရတာပေါ့…။

ဆေးဝယ်တဲ့ဆိုင် ရောက်တဲ့အခါ…။

" အန်တီမိုး… ဖေဖေ့အတွက် ဆေးကုန်နေလို့… သူက ဆရာကိုနိုင်းဆ ညီမလေးလေ… "

" ဟဲ့ ဆရာကိုနိုင်းဆ ညီမလေးလား… ချစ်စရာလေး "

အဲလိုပြောလို့ကတော့ ဝန်းရုံတို့ သဘောကျပေါ့…။

ဆေးဝယ်ပြီးတော့… ကိုထိန် ဘယ်သွားဦးမှာလဲ ဈေးဘက်က ပတ်ပြန်ရအောင်လို့ ပြောလိုက်တယ်။ ကိုထိန်က ကွေ့ဆိုကွေ့… သွားဆိုသွားနဲ့…။

" လမ်းတွေ မှတ်မိလား ဝန်းရုံ "

" မဆိုးပါဘူး… မှတ်မိပါတယ်… "

" အဲဒီ့ အကြော်ဆိုင်က ရေမုန့်နဲ့ အကြော် အရမ်းကောင်းတာ "

" ဟုတ်လား… လာ ကိုထိန် ဝန်းရုံတို့သွားစားရအောင်… "

ကိုထိန်က လိုက်လာတာတောင် တွန့်ဆုတ် တွန့်ဆုတ်နဲ့။

" ကျွန်တော် ကျွေးချင်တယ် "

" ကိုထိန်ကျွေးမှာ… ပိုက်ဆံများများပါလား… ဝန်းရုံက အစားပုတ်တယ်… လူသာကြည့် ဖက်တီးဖြစ်နေပြီ "

ကိုထိန်ကျွေးတာ မစားချင်ပေမယ့် စိတ်မကောင်းဖြစ်မှာ စိုးလို့… ရေမုန့်နဲ့ အကြော်တွေ စားရတယ်။ ကိုထိန်နဲ့ အပြန်မှာတော့ ခြံဝင်းထဲထိ စက်ဘီးကို စီးခဲ့တာ…။ အိမ်ရှေ့ရောက်နေတဲ့ ဒေါ်ဒေါ်



ကတော့ ဝန်းရုံတို့ကို ကြည့်နေပါပြီ။

" ဒေါ်ဒေါ်… သူက ဒေါ်လေးညို့ရဲ့သားလေ… ကိုထိန်တဲ့… ကိုထိန်… ဝန်းရုံရဲ့ ဒေါ်ဒေါ်… ဒေါ်နုနု… "

" ဟုတ်ကဲ့… ဒေါ်ဒေါ်နု… "

ကိုထိန်က နှုတ်ဆက်ပြီး ထွက်သွားပါပြီ။

ကိုထိန့်ပုံစံလေးကြောင့် ထင်ပါရဲ့ ဒေါ်ဒေါ် ဘာမှ မဆူတော့ပါဘူး…။

" နင့်အစ်ကို ဖုန်းဆက်တယ်… ဆေးရုံလိုက်လာခဲ့… ဘုရားပို့ပေးမယ်… သူ့ ဂျူတီထွက်တော့မယ်တဲ့… "

ပျော်သွားပြီကွာ။ ကိုကိုက ဝန်းရုံကို အမြဲဦးစားပေး တတ်တာလေးဟာ သိပ်ချစ်စရာကောင်းတဲ့ အကျင့်လေးပါပဲ…။ ဒါကြောင့် အလုပြင်တော့မယ်ပေါ့…။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံက နိုးတော့ လမ်းလျှောက်လာခဲ့ပါတဲ့။ ဆေးရုံရောက်မှ ဆိုင်ကယ်နဲ့ လိုက်ပို့မယ်တဲ့လေ။ ဝန်းရံလမ်းလျှောက်လာခဲ့တော့ နေတောင် နည်းနည်း ပူချင်နေပြီ...။ ဦးထုပ်ကလေးက မေးသိုင်းကြိုးလေးကို ချည်လိုက်တယ်... ကိုကိုဝယ်ပေးတဲ့ ဦးထုပ်လေးတွေမှာ ဒီကို ဒီဦးထုပ်လေးတစ်ခုပဲ ယူလာခဲ့နိုင်တယ်လေ...။

" ဝန်းရံ... လာလေ... မြန်သားပဲ... ကိုကိုက လာဦးမယ် မထင်လို့ ဗိုက်ဆာတာနဲ့ လင်းဇေကို ကော်ဖီတောင်းသောက်နေတာ..."

" ဝန်းရံလည်း သောက်ပါဦး..."

" မုန့်လည်းမပါဘူး "

" တွေ့လား လင်းဇေ... ငါ့ညီမက အဲလိုမျိုး..."

ဝန်းရံပြောတော့ ဘီရိုထဲက မုန့်ပုံးတစ်ပုံး ထုတ်ယူလာပေးပါတယ်။

" တော်ပါပြီ... ဒီလိုမုန့်တွေ ဝန်းရံမကြိုက်ပါဘူး..."

" ဒါဆိုလည်း ဝန်းရံ ဘယ်လိုမုန့်တွေ ကြိုက်တယ်ဆိုတာ ပြောပြလေ... နောက်လာမယ်ဆို ဝယ်ထားပါမယ်..."

ကိုကိုကတော့ ဝန်းရံကို သူ့လုပ်ငန်းတူ မိတ်ဆွေတွေဖြစ်တဲ့ စစ္စတာကြီး ဒေါ်မိုးဝေတို့ သူနာပြုဆရာမ မအေးအေးဟန်တို့ မနွယ်နီတို့နဲ့ မိတ်ဆက်ပေးပါတယ်။



" မောင်နှမကလည်း ရုပ်ချင်းမတူဘူး တခြားစီပဲ "

" ဝန်းရံက ပိုလှတာလား အန်တီမိုး..."

" ဟုတ်တာပေါ့... ဝန်းရံက ပိုလှတာ "

" ဒီလိုပဲ ပြောပါ အန်တီမိုး... ကျွန်တော်က ပိုချောတယ်ဆိုရင် ငိုလိမ့်မယ်... အမှန်ဆိုတာ မှန်တိုင်းမပြောသင့်ဘူးလေ "

" ကိုကို..."

ကိုကို့ကျောကို ထုပြီး ရယ်ရတာပေါ့...။

ကော်ဖီသောက်ပြီးမှ ကိုကို့ဆိုင်ကယ်နောက်က လိုက်လာခဲ့ပါတယ်။ မြို့မှာ ဘုရားနှစ်ဆူရှိပြီး... တစ်ဆူက မြို့ပြင်တောင်ပေါ်လေးမှာမို့ တစ်ရက်မှ အေးအေးဆေးဆေး ဖေဖေတို့ ခေါ်ခေါ်တို့ပါခေါ်ပြီး သွားကြမယ်တဲ့... အခုကတော့ မြို့စွန်က ဘုရားကြီးကိုပဲ သွားမယ်တဲ့လေ...။

" ကောင်းလိုက်တဲ့ အရိပ်အာဝါသတွေနော်... ဒါဘာပင်တွေလဲ ကိုကို..."

" မျောက်ပေပင်တွေပေါ့ "

" မျောက်ပေပင် ဟုတ်လား... ဝန်းရံဖြင့် တစ်ခါမှ မကြားဖူးပေါင် "

" မျောက်ပေ... မြေပေါက်တာလေ... မြေမှာပေါက်တဲ့ အပင်ပေါ့ "

" ကိုကို..."

ကိုကိုကလေ... တစ်ခါတလေ ဝန်းရံကို ဒီလို အမှတ်မထင် စတတ်ပါသေးတယ်။ ကိုကို ဘုရားရှိခိုးနေတော့ ဘေးမှာ ထိုင်ရှိခိုးမိပေမယ့်... ဝန်းရံ မျက်စိဖွင့်ပြီး ကြည့်မိတဲ့အချိန် ကိုကို ဘုရားရှိခိုး

www.burmeseclassic.com

www.burmeseclassic.com



နေဆဲ...။

ကိုကိုနှင့် ဝန်းရံကို မောင်နှမလို့ ပြောတိုင်း လူတွေက ရုပ်ချင်း မတူဘူးနော်လို့ပဲ ပြောကြတယ်။ ကိုကိုပြောသလို တကယ်လည်းပဲ ကိုကိုက ပိုချောပါတယ်...။

" ဝန်းရံ... ဘာထိုင်ကြည့်နေတာလဲ "

" ကိုကိုက တကယ်ပိုချောတယ် "

" သိတယ်နော်... သိတယ်... ဝန်းရံ အပြန်မှာ မုန့်စားချင်ပြီ မဟုတ်လား..."

ဘုရားမှာ... သိပ်တော့ မစည်လှပါဘူး...။

အပြန်ကျတော့... ကိုကိုက ဘာမုန့်စားမလဲတဲ့။ ဒီမှာတော့ မုန့်ဟင်းခါး လုံးဝ စားမကောင်းဘူး... အသုပ်တော့ စားကောင်းတယ်တဲ့လေ။

" ဆရာ... ဆရာကိုနိုင်းဆ "

" ဩော်... ကိုသိန်းမောင် "

" ကြို့ပင်ချောင်ကွေ့မှာ ခရီးသည်တင် ကားမှောက်လို့ဆို ဆေးရုံမှာ လူနာတွေ အများကြီးပဲ ဆရာ... ဆရာဂျူတီ မဟုတ်ဘူးလား "

" ဟုတ်လား ကိုသိန်းမောင်... ဒီနေ့ လင်းဇေ ဂျူတီ... ဒါပေမယ့် ခုလိုဆို ကျွန်တော်သွားမှ ဖြစ်မှာပေါ့... ဝန်းရံလေး ဆေးရုံကနေဆို အိမ်ပြန်တတ်တယ် မဟုတ်လား "

" ပြန်တတ်ပါတယ် ကိုကိုရဲ့... ဝန်းရံကို စိတ်ချပါ... ကိုကိုသာ ပင်ပန်းနေတာ "

" ရတယ်... ဒါဆို ဆေးရုံပဲသွားမယ်နော်..."



ဆေးရုံရောက်တော့ တကယ်ပဲ လူတွေရှုပ်နေပါလား။ သနားပါတယ်။ ခရီးသွားရင်းဆိုတော့... ဘယ်လောက် စိတ်ညစ်လိုက်ကြမလဲ...။ ကိုကိုက ဝန်းရံကို လှည့်မကြည့်အားတော့ပါဘူး။ ဝန်းရံ ပြန်မယ်လို့ ပြောခဲ့ပြီးမှ ထွက်လာခဲ့ပါတယ်...။

နေတောင် အတော်ပြင်းနေပါပြီ...

ဦးထုပ်လေးယူလာလို့ တော်တော့တာ။

ကိုကိုနှင့်ကတော့ ခုလိုမျိုး ခဏခဏ တွေ့ရပါလိမ့်မယ်။ အလုပ်အရေးကြီးလာရင် ထမင်းမေ့ ဟင်းမေ့ ညီမမေ့လေ...။

အိမ်ရှေ့ရောက်တော့ မောမောနှင့် ရေအရင်ပြေးသောက်ရတယ်...။

ဒေါ်ဒေါ်ကတော့ ကိုကို အတူပြန်လာတယ်ထင်ပြီး မောင်နှမ်းကို ပြောစရာရှိသတဲ့။ ပူလွန်းတာမို့ အပေါ်ထပ်ကို ပြေးတက်ခဲ့ရတယ်... အမြင်သွား ဝတ်တဲ့ အဝတ်တွေ အမြန်လဲမယ်လေ...။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

" နေ့ခင်းက တော်တော်ပူပြီး ညကျတော့လည်း အေးစပြုလာပြီနော်... နောက်ကို အရမ်းအေးတော့မှာ... အစ်ကို ဒီမှာနေလို့ ဖြစ်ပါ့မလား..."

" ဘာမှ မဖြစ်စရာ မရှိဘူး... ငါ့သားတစ်ယောက်လုံး ရှိနေတာ ဖြစ်တယ်..."

ညဦးပိုင်းမှာတော့ အနွေးထည်ဝတ်ရလောက်အောင် အေးလာပါတယ်။ ကိုကိုက နိုက်ဂျူတီဆိုတော့ ညနေတည်းက ထွက်သွားပါပြီ...။ ဒေါ်ဒေါ်ကတော့ အအေးကြောက်တဲ့သူဆိုတော့ ဒီမှာအေးလာတာကြောင့် ရန်ကုန်ပြန်ချင်ပုံ ရပါတယ်။ ဖေဖေကလည်း ကိုကို့ကို ခွဲပြီး ပြန်ချင်ပုံမရ။

" အစ်ကိုတို့ လုပ်ပုံနဲ့ ကြာရင် မောင်နိုင်လေး မိန်းမရမယ့်ပုံ မရှိဘူး... တစ်ယောက်ကလည်း အစ်ကိုကို လူပျိုကြီးလုပ်စေချင်တယ်... မဟုတ်သေးပါဘူး..."

" နုနု... နင်ဘာမှ မသိပဲ ပြောမနေနဲ့... ငါ့သားရှေ့ရေး ငါစဉ်းစားတတ်တယ်... နင်မနေချင်ရင် ပြန်... ငါကတော့ ငါ့သားနဲ့ ငါ့သမီးရှိရင် ဖြစ်တယ်..."

ဖေဖေကတော့ ပြတ်သားတယ်။

" ကိုနိုင်... ကိုနိုင်... ကိုနိုင်းပြန်ရောက်ပြီလား "



" ဟဲ့ ကိုထိန်... ကိုကိုက နိုက်ဂျူတီဟဲ့... ဆေးရုံမှာ..."

" ဖေဖေ မောနေလို့... အဲဒါ..."

" ဒါဆို နင့်အဖေကို ဆေးရုံပို့ပါလား..."

" ဆရာကိုလင်းဇေတော့ အိမ်မှာရှိမလား "

" ကိုလင်းဇေ ရှိမှာပေါ့... ကိုလင်းဇေအိမ်က ဆေးရုံဝင်းထဲမှာပဲဟာ... ဘာထူးလဲ နင့်အဖေ ဆေးရုံပို့လိုက်တော့လေ "

" ဒါဆိုလည်း မြင်းလှည်းသွားငှားဦးမယ် "

ကိုထိန်သနားပါတယ်... သူ့ခမျာ အိမ်မှာ သူက ယောကျ်ားကြီးကြီး မားမား သန်းစွမ်းမှုက မရှိနဲ့။

" ကိုထိန်... ဒီလိုလုပ်ပါလား... ငါဆေးရုံမှာ ကိုလင်းဇေကို စက်ဘီးနဲ့ သွားခေါ်ပေးမယ်... ဖေဖေ သမီး..."

" ကူညီလိုက်ပါ..."

စက်ဘီးလေး အမြန်ထုတ်ပြီး ဆေးရုံဘက်နင်းခဲ့ရတယ်... မာတ်မီးတိုင်လေးတွေ ရှိတော့ ကားလမ်းပေါ် သိပ်မဆိုးလှပါဘူး...။ ကားကိုတော့ ဂရုစိုက်မှပါ။ ဂျာကင်လေး ဝတ်ထားတာတောင် အပြင်မှာ အေးစိမ့်နေပါလား။

ဆေးရုံထဲကို မောင်းလာပြီးတော့ ကိုကို့ကို အရင်ဝင်ပြောမလို့ပါ... ဒါပေမယ့်.... ကိုလင်းဇေအိမ်က လမ်းနဲ့ ပိုနီးတယ်လေ။

" ကိုလင်းဇေဦး... ကိုလင်းဇေ "

" ဘယ်သူလဲဟင်... ဟာ... ဝန်းရံ "

" ကိုလင်းဇေ... ကိုကိုကဂျူတီကျနေတယ်... ကိုထိန့်အဖေကြီးက အမောဖောက်နေတယ် ပြောတာပဲ..."

" အင်းလေ... ဒါဆိုလိုက်ခဲ့မယ်... ကိုနိုင်းသွားခေါ်ဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



" မခေါ်တော့ဘူး... သွားမှာဆို သွားရအောင် "

" ကိုယ် ဆိုင်ကယ်နဲ့ လိုက်ခဲ့မယ် "

ဝန်းရံက ရှေ့မှနင်းပြီး ကိုလင်းဇေက ဆိုင်ကယ်ကို မှန်မှန်မောင်းပေးတယ်လေ။ ကိုထိန်တို့ အိမ်ထဲထိ ဝန်းရံလိုက်ခဲ့ရတာပေါ့။ ကိုထိန့်ဖေဖေကို ခုမှတွေ့ဖူးပါတယ်။ ကိုထိန်က အမေနဲ့တူပြီး ကိုထိန့်ဖေဖေက ဘယ်သူနဲ့ တူတာပါလိမ့်။

" ဆေးရုံတက်ဖို့ လိုမလား ဆရာ "

" ဆေးရုံတက်လိုက်တာကတော့ အကောင်းဆုံးပဲပေါ့... အခု ဆေးထိုးပေးခဲ့မယ်... မနက်တော့ ဆေးရုံတင်လိုက်ပါလား"

" အခုတက်ရင်ကော ဆရာ "

" အခုလည်းရတာပဲ... ခင်ဗျားတို့ အဆင်ပြေရင် သွားပါလား ကျွန်တော် မြင်းလှည်း ငှားပေးမယ်လေ..."

ကိုထိန့်တို့ဖေဖေက မောနေပေမယ့် အခြေအနေ အဆိုးကြီးတော့ မဟုတ်ပါဘူးလို့ ကိုလင်းဇေဦးက ဝန်းရံကို တိုးတိုးပြောပြပါတယ်။ ကိုလင်းဇေဦး ဆိုင်ကယ်နဲ့ အပြန်မှာ မြင်းလှည်းတစ်စီး လွှတ်ပေးပြီး ကိုထိန်နဲ့ ဒေါ်လေးညိုတော့ ဦးလေးကို ဆေးရုံပို့ကြပါတယ်...။

" လူမှုရေး လုပ်ငန်းတွေ ပြီးပြီလား "

" ဒေါ်ဒေါ်ကလည်းလေ... သူတို့ခမျာ သနားပါတယ်... အဖေကလည်း မမာ အမေကလည်း ဘာမှနားမလည်... ကိုထိန်က မသန်စွမ်းနဲ့... သမီးတို့အိမ်မှာ ဖေဖေက ခုလို ဖြစ်ပေမယ့် မေမေက အရမ်းထက်မြက်သေးတယ် ဘေးကဖေးမမယ့် ဒေါ်ဒေါ်ရှိတယ်... အားကိုးရာ ကိုကိုရှိသေးတယ်... သူတို့က ဘာမှမရှိဘူး... ဝန်းရံ



ဒီလိုတွေးမိလို့ပါ..."

" နနရယ်... သမီးပြောတာမှန်တယ်... နင်ဘယ်လိုဖြစ်လို့ အားနည်းတဲ့လူတွေအပေါ် ငြူစူနေရတာလဲ..."

ဖေဖေပါ ဝင်ပြောတော့ ဒေါ်ဒေါ်ဘာမှ မပြောတော့ပါဘူး...။ ဝန်းရံကတော့ အိပ်မယ်ဆို အခန်းဆီ တက်လာခဲ့ပါပြီ။ ဒေါ်ဒေါ်က ဘယ်သူ့ကို စိတ်ဆိုးဆိုး... တီဗွီရှေ့မှာ အစီအစဉ် တစ်ခုပြီး တစ်ခုကိုတော့ မကုန်မချင်း ကြည့်ပါလိမ့်မယ်...။

ဒါတောင်မှ ပြောလိုက်သေး။

ရန်ကုန်အိမ်မှာ ဇလောင်းရှိတော့ ပိုကြည့်လို့ကောင်းတယ်... ဒီမှာက ဇလောင်းမတပ်ထားတော့ ညဘက် နည်းနည်းပဲကြည့်ရတယ် တဲ့လေ။

အပေါ်ထပ်မှာက အခန်းနှစ်ခန်းရှိပြီး တစ်ခန်းမှာ ဒေါ်ဒေါ် နေတယ်... တစ်ခန်းမှာ ဝန်းရံနေတယ်လေ။ တစ်ယောက်မှ မကြောက်တတ်လေတော့... ကိုယ့်ဘာသာပဲ လွတ်လွတ်လပ်လပ်နေရတာကို သဘောကျကြတယ်ပေါ့။

ရာသီဥတု အတော်အေးလာပြီပဲ...။

ကိုကိုက ငွမ်းကပ်တွေ ထုတ်ပေးထားတယ်လေ။ အိမ်သားတွေလာရင် ချမ်းတော့မယ့်အချိန်ဖြစ်ပြီဆို ငွမ်းကပ်တွေကအစ ဝယ်ထားတာ။ ကိုကိုက မိသားစုအပေါ် သိပ်စဉ်းစားတတ်တာပါပဲ...။ သိပ်ချစ်ဖို့ ကောင်းပါတယ်။

ဒီညတော့ ကိုကိုမအိပ်ရဘူးထင်တယ်... ကိုထိန့်အဖေလည်း သက်သာမယ် ထင်ပါတယ်။ မေမေလည်း တစ်ယောက်တည်း... လွမ်းလိုက်ရတာ။

www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေ များပြားပြီး… ရုတ်တရက် အိပ်မပျော်နိုင်ပါလား…။ တစ်နေ့တစ်နေ့ လည်စရာနေရာရှာပြီး လျှောက်လည်နေရတာ ပျင်းစရာ ဖြစ်လာပြီ။

အလုပ်တစ်ခုခု လုပ်ရင် ကောင်းမလား။ ဘာလုပ်ရင် ကောင်းမလဲ။ ဖေဖေနဲ့ကိုကို့ကို တိုင်ပင်ရမလား။ ရှန်ကုန်ပြန်ရောက်မှ စဉ်းစားလို့ ပြောမလား…။ အတွေးတွေ မေးခွန်းတွေများစွာကြားက အိပ်ပျော်သွားခဲ့ရပါပြီ။

✡ ✡ ✡

" ကိုကို အိပ်နေလား "

မေးသံက တိုးတိုးလေး။ နိုးနေပြီမို့ နှိုင်းဆ ပီပီသသ ကြားရပါတယ်။ နှုတ်ခမ်းတွေက ပြုံးလိုက်ချင်ပေမယ့် တမင့်ကို တိုးတိုးလေး ခေါ်နေတဲ့ ဝန်းရံကို စချင်တာမို့ အိပ်ချင်ယောင်ဆောင်နေလိုက်တယ်လေ။

" ကိုကို… နိုးပါတော့လား… ကိုကို "

" ဟဲ့… အမလေးနော်… ဟိုက နိုက်ဂျူတီထွက်ပြီး နားစေးချင်လို့ဆို အိပ်တာလေ… ဘယ်လိုဖြစ်ပြီး နှိုးနေသလဲ… ပြောတော့ အစ်ကိုကို ချစ်လိုက်ရတာ အဲဒါမျိုးက ချစ်တာလား "

ဒေါ်ဒေါ်ရဲ့ တီးတိုး ဆူပူသံကြောင့်လည်း ရယ်ချင်မိပါတယ်။

" အဲဒါလည်း ချစ်တာပဲပေါ့… ချစ်လို့ပဲ စကားပြောချင်လို့ "

" အံမယ်… အဲဒါချစ်တာ… တော်ပါတော့ ဝန်းရံရယ်… လာပါဟယ်… အပြင်ထွက်စမ်းပါ "

" ဝန်းရံ "

" တွေ့လား… ကိုကိုနိုးပြီ "

" နိုးပြီပေါ့… နှင်နှိုးနေတာကိုး… "

ဒေါ်ဒေါ်ထွက်သွားတော့ ဝန်းရံက ကုတင်ဘေး ကုလားထိုင်မှာ ဝင်ထိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



" ဝန်းရံ ပျင်းနေပြီလား..."

" သိပ်ဟုတ်တာပေါ့ ကိုကိုရာ... ညကရော ကိုကိုအိပ်ရရဲ့လား... ကိုထိန့်အဖေရော ဘယ်လိုနေလဲ..."

" ညက နားရပါတယ်... အရေးတကြီး လူနာမရှိပါဘူး... ကိုထိန့်အဖေက လင်းဖေ ဆေးထိုးပေးပြီးတည်းက သက်သာနေပါပြီ... စိတ်ချရအောင် နှစ်ရက်သုံးရက် နေရရုံပါပဲ..."

" ကိုကို..."

" ဟင်..."

" ဒီမှာ ဘယ်ကို လည်စရာရှိသေးလဲ..."

" လည်စရာ... လည်စရာ... ဒီမှာတော့ လည်စရာများများ ဘယ်ရှိမလဲ... ကိုကို အားရက်ရမှ... ပုပ္ပါး ပုဂံဘက် လိုက်ပို့ပေးမယ်လေ "

" ဟယ်... အဲဒီကို သွားလို့ရသလား "

" ဝန်းရံရယ်... ညီမလေးဟာ စာမတတ်သလိုပါလား... ဒီကနေ တစ်မနက်လောက်သွားရင် ရောက်တယ်... နေ့ချင်းပြန်လည်းရတယ်... ဒါပေမယ့် ပင်ပန်းတာပေါ့... တစ်ညအိပ်လောက်မှ ကောင်းတာ... လင်းဖေနဲ့ ကိုကို တာဝန်ချိန် ညှိဦးမယ်... ပြီးတော့ ပုပ္ပါးဘက်သွားမယ်လေ..."

" ကောင်းလိုက်တာ... သွားမယ်... သွားမယ်... ပုပ္ပါး မရောက်တာ ကြာပြီ..."

" ကိုကို့ကို ဘာကျွေးမလဲ... ရေချိုးတော့မယ်... ပြီးရင် ဆေးရုံဘက် သွားဦးမယ် "

" ကိုကို့တာဝန်ချိန်လည်း မဟုတ်ပဲ... ဘာလို့သွားမှာလဲ... ကိုကို ဟုတ်ရော ဟုတ်သေးရဲ့လား "



လှပတဲ့ သူနာပြုဆရာမလေး နှစ်ယောက်ကို မြင်ဖူးပြီးပြီလေ...။ ကိုကို့ကို ချစ်သူရှိတယ်လို့ ဝန်းရံမကြားချင်သလိုပါပဲ။ ခုလိုမျိုး ကိုကို့ကို ချွဲနွဲ့နေချိန်တွေကို လက်လွှတ်ပေးလိုက်ရမှာကို မနှစ်သက်ပါဘူး။

" ဝန်းရံလေး... ကိုကိုက လင်းဖေတစ်ယောက်တည်းမို့ သွားမှာပါ..."

ဝန်းရံလေးရဲ့ ချစ်ခြင်းမေတ္တာကို နှိုင်းဆသိခဲ့တာကြာပေါ့။ ညီမလေးပဲဟာ... နှိုင်းဆကို ချစ်သလောက်... သဝန်တိုအူတိုလေးလေ... ကျောင်းတုန်းကလည်း နှိုင်းဆ ရှိရာကို လိုက်လာတတ်ပြီး... ကောင်မလေးတွေနဲ့ ဘယ်လောက်ခင်သလဲ အစ လိုက်ကြည့်တာ...။

ဖော်ထွန်းဆွေကတောင် မင်းညီမက အရမ်းချစ်တတ်တာ... အဲလိုမျိုးချစ်တတ်တာမှ ငါသဘောကျတယ်ဆို ဝန်းရံကို အိမ်ထိလာတောင်းသတဲ့...။

" ဝန်းရံလိုက်ခဲ့မယ် "

" လိုက်ပါဗျာ... လိုက်စေ "

အဲလိုပြောမှ သဘောကျသွားတာ။

" ကိုကို... ကိုထိန့်အဖေကိုလည်း မေးချင်တယ် "

" ဝန်းရံ... သူ့ဘာသာ ဆေးရုံသွားမှာ ဘာကိစ္စ လိုက်ဦးမှာလဲ... နေရာတကာဟယ်... မောင်နှိုင်းကရော ဘာလို့ ဝန်းရံကို ဒီလောက်အလိုလိုက်ပြီး ခေါ်နေရသလဲ..."

" လိုက်ပါစေ ခေါ်ခေါ်ရယ်... ဝန်းရံလည်း ပျင်းနေမှာပေါ့... ငါ့ညီမလေးကို အလုပ်ရှာပေးရင် ကောင်းမလား

www.burmeseclassic.com

www.burmeseclassic.com



" တကယ်လား ကိုကို... တကယ်လား... ဝန်းရံ တကယ့်ကို အလုပ်လုပ်ချင်တာပါနော်..."

နှိုင်းဆ လက်မောင်းကို ဖက်ပြီး ဝန်းရံခုန်ပေါက်နေတာဟာ ဟိုးကလေးလေးဘဝတည်းကပဲ မဟုတ်လား။ ဒီပုံစံလေးနဲ့ တဖြည်းဖြည်း ကြီးပြင်းလာတဲ့ ဝန်းရံဟာ တကယ့် လူကြီးဖြစ်နေပါရောလား။ ဖော်ထွန်းဆွေက မိသားဖသားပီပီတောင် တောင်းဖို့လာပြောတယ်တဲ့... အဲလိုကြားရပေမယ့် ဝန်းရံဟာ နှိုင်းဆအတွက် တကယ့် ကလေးလေးပဲ မဟုတ်လား။

ဖေဖေကတော့ မောင်နှမနှစ်ယောက် ခုလိုချစ်ချစ်ခင်ခင် ပျော်ရွှင်နေရင် ပြုံးနေတော့တာပါပဲလေ...။ နှိုင်းဆအတွက်ကတော့ ဖေဖေ မေမေ... ဝန်းရံတို့နှင့် နေရတဲ့ သာယာလှပသော ကမ္ဘာလေးကို အဖိုးမဖြတ်နိုင်အောင် ခံစားရပါတယ်။ ဒါပေမယ့် တစ်နေ့ကျရင် ကိုယ့်ဘဝလေးတွေ ကိုယ်ထူထောင်ကြရင် ဝန်းရံနှင့် ခွဲသွားရမှာပါလား။

✡ ✡ ✡

" ကိုထိန်... ဝန်းရံတို့ သတင်းလာမေးတာ "

ကိုထိန်က သူ့ဖေဖေဆေးမှာ ထိုင်လို့။ ဝန်းရံတို့ ရောက်လာမှ ဒေါ်လေးညိုက ဓာတ်ဗူးလေးကိုင်ပြီး ဝင်လာပါတယ်။ ဒေါ်လေးညိုနှင့် ကိုကို စကားတွေပြောနေတော့ ဝန်းရံကလည်း ကိုထိန်နဲ့ပဲ စကားပြောနေရတာပေါ့...။ ပြီးတော့မှ မောင်နှမနှစ်ယောက်... ရုံးခန်းဘက် ထွက်ခဲ့ကြတာ...။

" ဆရာနှိုင်းတို့မောင်နှမ ဘယ်ကပြန်လာလဲ "

" ဒီကို သက်သက်မယ့် လာတာပါ... အိမ်မှာလည်း ဖေဖေနဲ့ စကားပြောပြီးပြီ... ကိုလင်းဇေတစ်ယောက်တည်း ဖြစ်နေမှာလည်း စိုးလို့..."

" ဝန်းရံက ဦးလေးကိုလည်း သတင်းလာမေးတာပါ..."

" ဘယ်ဦးလေးလဲ "

" ကျွန်တော့် အိမ်ရှင် ဦးလေးဦးမောင်မောင်ကြည်ကိုပါ... ဒေါ်လေးညိုနဲ့ ကိုထိန်လည်းရှိတယ် "

" ဦးမောင်ကြည်က ခုမှ ဟန်ကျတာပါ ဆရာနှိုင်းရယ်... တစ်ချိန်က ရာထူးနဲ့ငွေနဲ့တုန်းက အရမ်းမောက်မာတယ်... မညှိကမှ သနားစရာကောင်းတာပါ... သားလေးတစ်ယောက်ရှိတာ... ဝဋ်ကျွေး ခံနေရသလို မသန်မစွမ်းလေး..."

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်လား… ခုတော့လည်း ဦးလေးက စကားပြောလို့ကောင်းပါတယ် "

" ခုတော့လည်း မြွေက အစွယ်ကျိုးပြီကိုး…"

အန်တီမိုးက မြို့ခံပီပီ လူတွေအကြောင်း အကုန်သိနေတာပါ။ ကိုလင်းဇေက ဝန်းရံကော်ဖီသောက်မလားတဲ့။

" ကော်ဖီတင် မရဘူးလေ "

" သိပါတယ်ဗျာ… ဒါကြောင့်လည်း အကြော်ဝယ်နိုင်းလိုက်တာ ရပါပြီ "

ကိုလင်းဇေက အကြော်နဲ့ ကော်ဖီပြင်ပေးတာ ကိုကိုက ကြည့်နေတာပါလား။ တော်ကြာ အိမ်ပြန်ရောက်ရင် ပြောနေဦးမယ်… ဖော်ထွန်းဆွေလည်း အဲလိုပါပဲ ကိုကိုနှင့်လိုက်လာရင်းက… စိတ်တွေပြောင်းကုန်တယ်…။ ကိုလင်းဇေကတော့ ရိုးသားတဲ့ ပုံကလေးပါ…။

" ဆရာလင်း မျက်နှာလိုက်တယ်… ဟိုနေ့ကတော့ နိုက်ဂျူတီမှာ ဘာမှဝယ်မကျွေးဘူး "

" ကျွေးပါတယ်… ညဘက် အကြော်မှ ဝယ်လို့မရတာ…"

မနွယ်နီတို့က ကိုကို့ရှေ့ထားပြီး စချင်သလိုပါလား။ ကိုကိုကတော့ ရယ်နေတာပါပဲ…။ အခန်းဝကနေ ရိပ်ခနဲ လာကြည့်တဲ့ ကိုထိန့်ကို မြင်တာမို့…

" ဘာလဲ ကိုထိန် "

" ပြန်တော့မလို့… ဝန်းရံလိုက်မလား "

" ဟင့်အင်း… မလိုက်ဘူး… ကိုကိုနဲ့မှ ပြန်မှာ…"

ကိုထိန်လည်း ထွက်သွားပြီးရော အန်တီမိုးကြီးက မေးပါလေရော… ကိုထိန်နဲ့ ဝန်းရံ သိပ်ခင်သလားတဲ့။



" သူငယ်ချင်းပဲ အန်တီမိုးရဲ့ ခင်ပါတယ်… ဘာလို့လဲ…"

" အဲဒီကောင်လေးကို ဝန်းရံစက်ဘီးပေါ်မှာ တွေတွေနေလို့… ဆရာနိုင်း… ကိုယ့်ညီမလေးကို သူငယ်ချင်း ကြည့်ပေါင်းခိုင်းလေ…"

ဟင် အန်တီမိုးကလည်း ဒေါ်ဒေါ့်လိုပါပဲလား… ဒေါ်ဒေါ်ကလည်း ကိုထိန့်ကို သိပ်တပူးတွဲတွဲ မနေနဲ့… သနားတယ်ဆိုတိုင်းကောင်းတာမဟုတ်ဘူးတဲ့… အခု လာပြန်ပြီ။

" ဝန်းရံက သိနားလည်မှုရှိပါတယ် အန်တီမိုးရာ… ကျွန်တော် ကျောင်းတက်တဲ့နှစ်တွေ သူငယ်ချင်းတွေ အိမ်လာတာအများကြီး… ထိန်းကို မထိန်းရအောင် နေတတ်ပါတယ် "

" ကိုကိုပြောလိုက်လေ… ဝန်းရံနဲ့ ကိုကိုက ကတိရှိတယ်လို့"

" ဆိုပါဦး… မောင်နှမ… ဘာကတိလဲ "

" ကိုကိုကလူပျိုကြီးလုပ်ရမယ်… ဝန်းရံက အပျိုကြီးလုပ်မှာ"

ဝန်းရံအပြောကြောင့် အန်တီမိုး မနွယ်နီတို့က တအားရယ်ပြီး ကိုလင်းဇေကတော့ ပြုံးပြုံးကြီး။

" ဒီလိုပဲ ပြောကြတာပါပဲ… အကြိုက်မှ မတွေ့သေးတာ… ဝန်းရံ အပျိုကြီး လုပ်မယ်ဆိုတာတော့ အန်တီမိုး ယုံပါတယ်… ဒါပေမယ့် ဆရာနိုင်း လူပျိုကြီးလုပ်မယ် ဆိုတာတော့ မယုံပါဘူး…"

" ပြောလိုက်လေ ကိုကို "

" အန်တီမိုးကလည်း… ဝန်းရံပြောတာ အမှန်ပါပဲ… ကျွန်တော်က လူပျိုကြီးလုပ်မှာ…"

" ဟုတ်ပါပြီ… ဟုတ်ပါပြီ… ကျွန်မနားလည်ပါပြီ ဆရာနိုင်းရယ်…"

အန်တီမိုးတို့က ရယ်စရာလို သဘောထားနေကြတာပါလား။

www.burmeseclassic.com



စောင့်ကြည့်ဦးပေါ့လေ…။

" ကျွန်တော် ကျောက်ပန်းတောင်းဘက် အလုပ်ကိစ္စနဲ့ သွားစရာရှိတယ် ဝန်းရံ လိုက်ခဲ့ပါလား…"

" လင်းဇေနဲ့လိုက်သွားပါလား "

" ဟင့်အင်း… ကိုကိုပါမှ "

" အခုတော့ ကိုကိုပါမှပေါ့လေ… နောက်တော့ ကြည့်ချင်ပါသေးတယ်…"

" ကြည့်ပေါ့ အန်တီမိုးရဲ့…"

အရေးတကြီးလူနာလည်းမရှိသလို ကိုလင်းဇေဂျူတီမို့ ကိုကိုနှင့် ပြန်ထွက်လာခဲ့ကြပါတယ်။ ကိုကို့ဆိုင်ကယ်နောက်က လိုက်စီးရတာကတော့ ဝန်းရံ ငါးတန်း ခြောက်တန်းလောက်တည်းကပါ…။

" ကိုကိုကရော ပုပ္ပါးဘက် မသွားရဘူးလား…"

" ပုပ္ပါးက နေ့ချင်းပြန်သွားလို့ရပါတယ်… ဝန်းရံ့ မပင်ပန်းဘူးဆိုရင်ပေါ့…"

" ကိုကိုနဲ့ အတူသွားတာပဲ ဘာပင်ပန်းလဲ… ညဘက် ကိုယ့်အိမ် ကိုယ်ပြန်အိပ်တာပဲဟာ…"

" ဝန်းရံ ဒီလောက် သွားချင်ရင် တစ်ရက် ကိုကိုပို့ပါမယ်…"

ကိုကိုက ဝန်းရံကို အလိုလိုက်နေကျပဲလေ…။

ဝန်းရံတို့နဲ့ ခင်မင်သမျှ လူတွေက ဒီမောင်နှမကျတော့လည်း ရန်မဖြစ်တမ်းကို ချစ်ခင်တယ်လို့ ပြောတဲ့လူချည်းပါပဲ…။

ခြံထဲကို ဆိုင်ကယ်အဝင်မှာ ဟိုဘက်အိမ်ပေါ်ကနေ လှမ်းကြည့်နေတဲ့ ကိုထိန့်ကို တွေ့လိုက်ပါတယ်…။

✡ ✡ ✡

နှိုင်းဆ အားတဲ့ရက် ပုပ္ပါးသွားမယ်ဆို လင်းဇေကတော့ လိုက်လို့ မရတော့ဘူးပေါ့…။ လင်းဇေနဲ့ ဝန်းရံကို မနွယ်နီတို့က နှိုင်းဆ ကွယ်ရာမှာ စနေတာ ကြားပါတယ်။

" ဆရာနှိုင်းဂျူတီမှာ ဆရာလင်းပါ ရှိနေတော့ စကားပြောဖော် ရတာပေါ့လေ…"

" အန်တီမိုးကလည်း ကျွန်တော်တို့နှစ်ယောက်အတွက် စားစရာ တစ်ခုခု အမြဲစီစဉ်ပေးနေရတာ အားနာပါတယ် "

" အားနာစရာလား… ဆရာနှိုင်း အခု ဝန်းရံမပါတုန်း မေးရပါရစေဦး… တကယ် လူပျိုကြီး လုပ်မှာလား "

အန်တီမိုး အပြောကြောင့် နှိုင်းဆ ရယ်ရပါပြီ။

ဝန်းရံ့လူဆိုးမလေးက သိတတ်တဲ့ အရွယ်တည်းက ဒီလိုပဲ ဆိုးလာခဲ့တာလေ အမေကိုဆိုး… အမေကိုဆိုး… အစ်ကိုကိုဆိုးနဲ့… ဒေါ်ဒေါ်ကျတော့ ဆိုးလို့လည်း မရရော ခဏခဏ ပြဿနာတက်တော့တာပါပဲ…။

" ခုချိန်ထိတော့ ကျွန်တော်ကလည်း ချစ်တဲ့သူကို မရှိသေးတော့ ဝန်းရံ စိတ်ဆိုးမခံနိုင်လို့ သူ့အကြိုက် လိုက်ပြောနေရတာပါ အန်တီမိုးရယ်… ပြီးတော့ သူက အရင်စွဲမယ် ထင်ပါတယ်… ဝန်းရံကို နှစ်သက်တဲ့လူ များပါတယ်… ကျွန်တော့်သူငယ်ချင်း တစ်ယောက်ဆို

www.burmeseclassic.com

www.burmeseclassic.com



ပထမနှစ်တည်းက တွေ့ဖူးပြီး သဘောကျတာ ခုထိ လိုက်နေတာ… ဝန်းရုံက ဟင့်အင်းဆို ပြောမရဘူး… ခုထိတော့ အပျိုကြီးက မလျှော့သေးဘူးလေ…”

လင်းဇေကတော့ ပြုံးနေတာပါပဲ…။

အဲလောက် အစ်ကိုကို ချစ်ရင် ယောက်မနဲ့ ပြေလည်ဖို့ မလွယ်ဘူးလို့ အန်တီမိုးက ပြောပါသေးတယ်။ နိုင်းဆကလည်း ချစ်တဲ့လူ မရှိတော့ ဒါတွေ သိပေမယ့် သိပ်စိတ်မပူလှပါဘူး…။

“ အကောင်းဆုံးကတော့ သူ့ကို အရင်ပေးစားလိုက်တာ ဟာ… ကိုနိုင်းအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ် ”

“ ဒါဆိုလည်း အားကိုးပါရစေ လင်းဇေရယ် ”

“ ဟော… တွေ့လား ဆရာလင်း… အစ်ကိုတစ်ယောက်လုံး က ပြောနေပြီ… ဘယ်လိုလဲ…”

“ ဝန်းရုံကို ကျွန်တော် ကြောက်တယ်… ကြည့်ရတာ ရည်စားစကား ပြောရင် လက်သီးနဲ့ ထိုးမယ့်ပုံ…”

ဝန်းရုံရဲ့ ပွင့်လင်း မြန်ဆန်တဲ့ ပုံလေးက လင်းဇေ ပြောသလို ပါပဲလေ…။ ဇော်ထွန်းဆွေကိုတောင် နောက်တစ်ခါ ရည်းစားစကား ပြောရင် ဆွဲကုတ်ပစ်မယ်ဆိုလို့ ဖေဖေနဲ့မေမေက ဆုံးမစကား ပြောရသေးတာ…။

“ ဦးမောင်ကြည်ရော… သက်သာလား ဆရာနိုင်း ”

“ သက်သာပါတယ်… ဒါပေမယ့် သူက နာတာရှည် ရောဂါသည်… သားလေးက ဘာမှအလုပ်မလုပ်နဲ့… ဒေါ်လေးညိုက သနားစရာပါ… သူတို့ စားစရာ ဆေးဖိုး… အဆင်ပြေပါ့မလား…”

“ ဆရာနိုင်းရယ်… သိပ်အားမနာပါနဲ့… ဒီလူကြီးက



ငွေရှိမှာပါ… ကျွန်မပြောပါကော… ရာထူးအရှိန် ငွေအရှိန် အရမ်း မောက်မာခဲ့တာပါ… ရှိတဲ့ ပစ္စည်းလေး ကျစ်ကျစ်ပါအောင် ကုတ်ပြီး တော့… စားနေကြမှာပါ… ခုချိန်လောက်နဲ့ မကုန်လောက်သေးပါဘူး…”

နိုင်းဆကတော့ စာနာလို့ပါ…

အိမ်မှာဆို ဖေဖေ နေမကောင်းတော့ မေမေ ဝင်ငွေကောင်း ပေလို့သာ… နိုင်းဆတို့အိမ်အတွက် ဘာမှမပူပန်ရတာပါ…။ မေမေက လည်း ဒေါ်လေးညိုလိုသာ အိမ်ထဲက အိမ်ပြင် မထွက်တဲ့လူ ဖြစ်နေရင် နိုင်းဆ ဘယ်လောက် ခေါင်းပူ ရင်မောရမလဲ။

“ ဒါဆို ဆရာနိုင်း မေမေက တော်တာပေါ့…”

“ အခုလည်း သူ့လုပ်ငန်းတွေ မပစ်နိုင်တော့ လိုက်မနေနိုင် ဘူးလေ… အဒေါ်နဲ့ နေနေခဲ့တယ်…”

“ ဆရာက အဖေနဲ့ မတူဘူး အမေနဲ့ရော တူလား… ဝန်းရုံကတော့ အဖေနဲ့တူတယ်…”

“ ကျွန်တော်က အမေနဲ့လည်း မတူပါဘူး… ကြည့်ရတာ မွေးစားထားတာ နေမှာပါ ”

ငယ်တုန်းကဆို ခုလိုမျိုး ဒေါ်ဒေါ်တို့ အန်တီဝေတို့တွေ ပြောရင်… နိုင်းဆက မငိုပါဘူး… ရယ်နေတာပါပဲ… ငိုတာက ဝန်းရုံလေ… ကိုကိုက ဝန်းရုံရဲ့ ကိုကိုပါ… မွေးစားသားမဟုတ်ပါဘူးဆို အော်အော်ငိုတတ်တာ။ နောက်တော့ ဝန်းရုံကို ငိုအောင် စချင်တဲ့ အခါတွေ ဦးလေးတွေက နိုင်းဆကြည့်ရတာ အဖေ အမေနဲ့မတူဘူး မွေးစားတာထင်တယ်လို့ ပြောတာနဲ့ အသံကျယ်ကြီး အော်ငိုတတ်တဲ့ ဝန်းရုံကို သဘောကျကြရပါတယ်။

“ အမှန်က ဆရာနိုင်းကိုသာ တကယ်မွေးစားရင် ဝန်းရုံ

www.burmeseclassic.com

www.burmeseclassic.com



မငိုသင့်ဘူး… အကောင်းဆုံးပေါ့…”

“ အန်တီမိုး… ဆောင်းရောက်နေပြီဆို လျှောက်မပြောနဲ့ မိုးကြိုးပစ်ချမယ်…”

မနွယ်နီက လက်ဖက်သုတ်တွေ လာပို့တာ… လက်ဖက်ကြိုက်တဲ့ ဝန်းရံကိုပဲ အမှတ်ရသွားရပြန်ပါတယ်။ ဝန်းရံကလည်း နှိုင်းဆကြိုက်တဲ့ အစားအစာလေးများ တွေ့ရင် ကိုကိုကြိုက်လို့ဆို ဝယ်လာတတ်ပြန်တာပါ…။

တစ်နေ့ နှိုင်းဆ လက်ထပ်တော့မယ်ဆို ဝန်းရံနှင့်က သေချာ စကားပြောရမယ် ထင်ပါရဲ့။

✡ ✡ ✡

“ အေးလိုက်တာ… အေးလိုက်တာ ”

ဝန်းရံ နှစ်ခါသုံးခါ ညည်းတယ်ဆိုရင်ပဲ ဒေါ်ဒေါ်က မျက်စောင်းထိုးပါပြီ။ ခုရက်ပိုင်း အအေးပိုလာပါပြီ။ ဖေဖေကတော့ နေလို့ကောင်းပါတယ်တဲ့…။ မနက်ဆို အေးစိမ့်ပြီး နှင်းတွေလည်း ကျနေပေါ့…။ နေ့ခင်း ဆယ့်နှစ်နာရီလောက်ထိ နေပူထဲ နေတာတောင် အနွေးထည်မချွတ်ချင်။ ညနေဆိုလည်း ငါးနာရီလောက်ဆို ပြန်အေးပြီ…။

“ ဝန်းရံ… နိုးပြီလား… ကောင်းလိုက်တာ… လာ… ကိုကိုတို့ ဆေးရုံဘက်ကို ပြေးရအောင်…”

“ ဟာ… ကိုကိုကလည်း ချမ်းတယ်…”

“ ဓိရဘူး… မရဘူး… လာ သွားမယ်… အပြန်ကျ အကြော်ပူပူ ဝယ်ကျွေးမယ်…”

“ အကြော်တော့ စားချင်ပါတယ် ”

“ မရဘူး… လာခဲ့…”

ဝန်းရံ အနွေးထည် အထပ်ထပ်ဝတ်တာကို ကိုကိုက ရယ်တယ်လေ…။ ပြီးတော့ ဦးထုပ်ဖြူလေးနဲ့ အနွေးထည် အဖြူလေးနဲ့ ဝန်းရံဟာ ယုန်ဖြူလေးတစ်ကောင် အတိုင်းပဲတဲ့။

“ ရန်ကုန်မှာ ဒီလောက်အေးမှာ မဟုတ်ဘူး…”

www.burmeseclassic.com

www.burmeseclassic.com



" ချမ်းသလား... ချမ်းရင် မြန်မြန်နဲ့ ဝေးဝေးပြေး "

ကိုကိုအကျင့်မကောင်းဘူး... တအားအမြန်ကြီး ပြေးရသလား...။ ဝန်းရံမောနေပြီ။ နှင်းတွေလည်း ကျနေလိုက်တာ... အသက်ရှူလိုက်တိုင်း အငွေ့တွေတောင် ထွက်နေတယ်...။ ကိုကိုကတော့ ဝန်းရံကို ချန်ပြီး ပြေးနေပြီ... ဒါကြောင့် မမီမီအောင် အပြေးလိုက်ရတယ်...

ပြီးတော့ ကိုကို့ဂျာကင်ကြီးကို ဆွဲထားလိုက်တာပေါ့။

" လွှတ်စမ်း ခွေးမလေး... လူလည်မကျနဲ့... ကိုယ့်ဘာသာနိုင်အောင် မပြေးပဲ... သူများအကျီ ဆွဲထားရသလား..."

" ကိုကို မောတယ်... ဖြည်းဖြည်းလျှောက် "

" ဖြည်းနေရင် ချမ်းတာပေါ့ဟ... မြန်မြန်ပြေး..."

" ဟင့်အင်း... ဝန်းရံ မလိုက်နိုင်ဘူး..."

" ဘယ်လိုက်နိုင်မလဲ... အစားကပုတ်... လူကဝနေပြီ... နောက်ကို မနက်တိုင်း ပြေးရမယ်... မဟုတ်ရင် ဝန်းရံကို ကြိုက်မယ့် လူတောင် ရှိတော့မှာ မဟုတ်ဘူး..."

" အပျိုကြီးပါဆိုမှ ပိုကောင်းတာပေါ့..."

" လာပါ အပျိုကြီးရယ်... အပျင်းမထူပါနဲ့... နည်းနည်းပိုအရှိန်မြှင့်ပါဦး..."

" ဟင်... ကိုကို ဟိုမှာ ကိုထိန်ပါလား..."

နှင်းကြောင့် အတော်နီးလာမှ မြင်ရတာ။

ကိုထိန်လျှောက်လာတာ မြင်ရတော့ စိတ်မကောင်းပါဘူး...။ ဘယ်ကပြန်လာလဲ ကိုထိန်လို့ နှုတ်ဆက်လိုက်တယ်။ ဘာတွေဝယ်လာတယ်မသိ... အိတ်ကလေးကို အပေါ်မြှောက်ပြပါတယ်...။



" ကိုထိန်... ဦးလေးကို ဂရုစိုက်နော် အအေးပိုလာပြီ... အစ်ကိုလည်း လာကြည့်ဦးမယ် "

" ဟုတ်ကဲ့..."

ကိုထိန် လွန်သွားပြီးတော့မှ ကိုကိုကပြောတာ။

မေမေကလည်း မကျန်းမာတော့ စာနာတယ်တဲ့...။ ဒီရောက်တော့ ဦးမောင်မောင်ကြည် ဆေးရုံတက်တော့ ကြည့်မိရာက ဖေဖေ့ကို မြင်ရသလို ခံစားရတာတဲ့လေ...။ ဒါကြောင့်လည်း ခင်မင်သွားရာက သူတို့အိမ်လေးပဲ ငှားလိုက်တာတဲ့...

" ကိုကို... မေမေလာရင်... ပုပ္ပါးသွားမယ်လေ "

" ဝန်းရံလေးကတော့ လျှောက်လည်ဖို့ပဲ..."

" ပြောပြီးတော့ ပို့လည်း မပို့ဘူး..."

" ဆိုင်ကယ်နဲ့ဆိုတော့ ပိုအေးတယ်... ရင်ဘတ်အအေးမိမှာပေါ့... ဆောင်းအကုန် နွေအကူးလေးကျရင် ပို့မှာပေါ့..."

" ကားငှားသွားမယ်လေ "

" ဖေဖေနဲ့မေမေ့ကို ညှဉ်းဦးမယ် မဟုတ်လား... ကိုကိုကတော့ အိမ်က ပိုက်ဆံကို ပြန်မတောင်းချင်ဘူး... ဖေမေ့ဆေးဖိုးတွေနဲ့... ကိုကိုတို့ကပါ မေမေ့ဆီ ပြန်တောင်းနေရတော့ ဘယ်ကောင်းပါ့မလဲ... ကိုကိုကလည်း ပိုက်ဆံစုနေတာပါ ဝန်းရံရယ် "

" ဒါကြောင့် ဝန်းရံအလုပ်လုပ်ချင်တာ... ရန်ကုန်မှာဆိုရင်တော့ မေမေ့ကို ပြောရင် အလုပ်လွယ်မှာ... ဒီမှာကတော့ ဘာလုပ်ရမလဲ... ရန်ကုန်လည်း မပြန်ချင်ဘူး... ကိုကိုနဲ့ ခွဲမနေချင်ဘူး... ဖေဖေလည်း ဒီလိုပါပဲ ကိုကိုနဲ့ ခွဲမနေချင်ဘူး..."

ဆေးရုံကို ဆိုင်ကယ်လေး စက်ဘီးလေးနဲ့လာရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်မှ မဝေးသလိုပေမယ့် ပြေးလာရတော့လည်း အတော်မောသား။ ကိုကိုကတော့ သူ့ အကျင့်ရနေပြီတဲ့...။ ဝန်းရံတို့ မောင်နှမကို မြင်တော့ ကိုလင်းဇေက ကော်ဖီနဲ့ မုန့်တီ အဆင့်သင့်ပဲလို့ ပြောပါတယ်။

" ဝန်းရံမောနေပြီလား "

" မောတာပေါ့... ကိုကိုက ညစ်ပတ်တယ်... အရမ်းပြေးတော့ မီအောင်မနည်းလိုက်ရတာ..."

" မလှလှအောင် တလှုပ်လှုပ်ပြေးနေလို့ ရမလား... ချွေးထွက်အောင် ပြေးမှပေါ့..."

" ဝန်းရံက လှလိုက်တာ "

" မအေး... အကြော်စားမလား... မုန့်တီစားပါဦး "

" သူများကျေးတာတွေ လောကွတ်ချော်နေတယ် ကိုနိုင်း"

" သူက အဲလိုပဲ... မဟုတ်မှန်းလည်း သိလျက်သားနဲ့ သူ့ကို လှတယ်ဆို အရမ်းကြိုက်တာ "

" ကိုကို..."

ကိုကို့ပခုံးစွန်းကို ကောင်းကောင်းထုတာပေါ့...။ ကောင်မလေးငါ့အခွေးထည် ပေကုန်မယ်တဲ့။ ကိုကိုက အန်တီမိုးကို မေမေလာလည်မယ့်အကြောင်း ပြောပြပါတယ်။

" ဝန်းရံက အဖေနဲ့အမေ ဘယ်သူ့ပိုချစ်လဲ "

" နှစ်ယောက်လုံးပေါ့... အိမ်မှာက ဖေဖေရော မေမေပါ ဝန်းရံကို အလိုလိုက်ကြတယ်... တစ်အိမ်လုံးက ဝန်းရံသဘောချည်းပါပဲ... ဒါကြောင့် ဖေဖေ မေမေ ကိုကို အားလုံးကို ချစ်တာပါပဲလေ..."

" ဝန်းရံက ကံကောင်းတာပေါ့ "



" ဟုတ်တယ် "

ဝန်းရံကိုယ် ဝန်းရံလည်း ဒီလိုပဲ ယုံကြည်ပါတယ်။ ဒီမျှ အလိုလိုက် ချစ်ခင်သော အိမ်မှာ နေရတယ် မဟုတ်လား...။ အားလုံးက ချစ်တဲ့ မြဝန်းရံပဲလေ...။ ပျော်ရွှင်ချမ်းမြေ့မှု အပြည့် ရှိပါတယ်။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

မမမရောက်လာမယ့် နေ့မှာမှ နှိုင်းဆဂျူတီကျနေတယ်… ဒါကြောင့် လင်းဇေနဲ့ ဝန်းရံကို ဘူတာလွှတ်လိုက်ရတာပေါ့။ လင်းဇေကို ဝန်းရံနှင့် လွှတ်ရတာ အရေးမကြီး။ လင်းဇေစိတ်မှာ ဝန်းရံကို သဘောများ ကျသွားမလား။ တော်ကြာ မရွှေဝန်းရံတို့က ပြန်နှစ်သက် တယ်ဆို ထားပါဦး…။ ဇော်ထွန်းဆွေတုန်းက မနှစ်သက်ပါဘူးဆို လစ်ရင်လစ်သလို ရန်တွေလွှတ်တတ်တယ်။ လင်းဇေကိုတော့ ဝန်းရံ ဆိုးတာလေးတွေ ပြောထားဦးမှပါ။

“ ဆရာနှိုင်းမမမကို ဆရာလင်းနဲ့ ဝန်းရံသွားကြိုတယ်ဆို”

“ ဟုတ်တယ် အန့်တီမိုး…”

“ ဆရာလင်းက ဝန်းရံကို သဘောကျနေတယ် ထင်တယ်”

“ သူတို့ လူပျို အပျိုတွေပဲ အန့်တီမိုးရယ်… နှစ်ဦးနှစ်ဘက် မေတ္တာမျှရင် ကျွန်တော်က ယောက်ဖကို ကြိုဆိုမှာပါ… ခက်တာက ဝန်းရံပဲလေ… ဝန်းရံက အပျိုကြီးမှ အပျိုကြီးဆို လေကမလျှော့ဘူး… ပြီးတော့ တစ်အိမ်လုံးက ချစ်လို့အလိုလိုက်ထားသမျှ ဆိုးတယ်… လင်းဇေကို ပြောပြထားမှပါ…”

“ သူချစ်တာ မတွေ့သေးလို့ပါ…”

နေ့ခင်းတည်းက လင်းဇေထွက်သွားတာ… ရထားနောက်ကျနေပြီ ထင်ပါတယ်။



ကောင်းပါတယ်… ညနေ နှိုင်းဆ ပြန်လို့ရတဲ့အချိန်ပဲ နီးနေပြီ…။

“ ပြောနေတုန်း ဆရာလင်း ပြန်လာပါပြီ သေခဲဦးမယ်…”

“ ဘယ်လိုလဲ လင်းဇေ…”

“ ကြိုပြီးတော့ အိမ်ပို့ပေးခဲ့ပြီ… ဝန်းရံကမှာလိုက်တယ်… ညနေ ကိုနှိုင်းကို သူလာကြိုမလို့တဲ့ စောင့်နေပါတဲ့ ”

“ ဒီကောင်မလေး.. မမမနဲ့ အိမ်မှာ အေးအေးဆေးဆေး နေရမှာကို… ခက်လိုက်တာ…”

အန့်တီမိုးကတော့ အလိုလိုက်တုန်းက အလိုလိုက်ကြပြီးရင်… အခုတော့ ဘယ်နိုင်ပါတော့မလဲဆို ရယ်တယ်လေ…။ ဒေါ်ဒေါ်ကဆို သိပ်ပြောတာ… အစ်ကိုနဲ့ မမမက ဝန်းရံကို ဒီလောက် အလိုမလိုက် နဲ့လေ… မောင်နှိုင်းလည်း အတူတူပဲ… ဒီလိုသာ သူ့အကြိုက်ချည်းဆို ဒီကောင်မလေး ဘယ်လိုထိန်းမလဲတဲ့။

“ ဝန်းရံဆိုးတယ်ဆိုပေမယ့်… မရိုင်းဖို့တော့ ပြောရတာပေါ့… ကိုယ်ကျင့်သိက္ခာတရားနဲ့ ပတ်သက်ပြီး အစွန်းအထင်းမရှိအောင် ပြောရင် နားထောင်နေတော့လည်း တခြားဆိုးတာမျိုး ခွင့်လွှတ်ထားရ တာပေါ့ အန့်တီမိုးရယ်… လင်းဇေကိုလည်း ကြိုပြောထားမယ်… တောင်းပန်တာနော်… ဝန်းရံတစ်ခုခုပြောရင် ခွင့်လွှတ်… အဲဒီချာတိတ်မ က မထင်ရင် မထင်သလို ပြောတတ်တယ်…”

“ ရပါတယ်… ကျွန်တော် နားလည်ပါတယ်… ဝန်းရံဆိုးတာ က ကလေးဆိုးသလိုပါ… မရိုင်းပါဘူး…”

“ မမမကော အဆင်ပြေသတဲ့လား ”

“ ရထားက နည်းနည်းနောက်ကျတယ် ကိုနှိုင်းရဲ့…

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ… ကိုနိုင်းက အဖေအမေနဲ့ မတူဘူး ”

“ မွေးစားသားပါ ဆိုမှကွာ…”

နိုင်းဆပြောပြဖူးတော့ အန်တီမိုးတို့က ရယ်ပါလေရော…။ လင်းဇေက အိမ်ပြန်တယ်… ခဏနေမှ နိုင်းဆအလုပ်ဆင်းချိန် ပြန်ဝင်ရမယ်လေ။

“ မနေ့က ဦးမောင်ကြည် မိန်းမ မညိုနဲ့ ဈေးမှာတွေ့တယ် ဆရာနိုင်း… အတော်ပိန်သွားရှာတာ… သူလည်းသနားပါတယ်… လင်းဆိုးမယားဆိုတော့ ”

“ နေပါဦး အန်တီမိုးရဲ့… ဦးမောင်မောင်ကြည်က အဲလောက် ဆိုးလား ”

“ ဆိုးပါသော်ကော ဆရာရယ်… ခုမှ အိပ်ရာပေါ်ရောက် သွားလို့… ဒါတောင်မှ မိန်းမကို ဆူပူနေတာ… တစ်ချိန်ကတော့ ရာထူး ငွေအရှိန်နဲ့ အရက်ဖဲ မိန်းမ တစ်ခုမှ မကင်းဘူးပေါ့ ဆရာ… မညိုက အိမ်ထောင်ရေး ကံခေရှာပါတယ်… သွားဦးလေး မွေးတော့လည်း အဖတ်မတင်… သားအငယ်လေးကျတော့လည်း မစွမ်းမသန်လေး သနားစရာပါ ”

“ ကျွန်တော်က ကိုထိန်တစ်ယောက်ပဲ မွေးတာထင်နေတာ… အန်တီမိုးရဲ့…”

“ ဦးမောင်ကြည်က ငယ်တုန်းက ပွေတာလည်းမပြောနဲ့ ချောလည်းအတော်ချောတာလား… အခု ဆရာနိုင်း ချောတဲ့အတိုင်းပေါ့”

“ ဟာ… အန်တီမိုးကလည်း ကျွန်တော် မပွေပါဘူး ”

“ ဆရာနိုင်းကို ပွေတယ်ပြောတာမဟုတ်ပါဘူး… ချောတယ် ပြောတာပါ ”



“ မလုပ်ပါနဲ့ဗျာ… ပွေဖို့နေနေသာသာ… ရည်းစားထားဖို့ တောင် ညီမနဲ့ အဆင်ပြေပါ့မလား တွေးရင်းတွေးရင်းက အခု အသက်ပဲ နှစ်ဆယ့်ကိုး ရောက်လာပြီ… သူငယ်ချင်းတချို့ဆို… ကလေးတောင် နှစ်ယောက်သုံးယောက် ရနေပြီ…”

အန်တီမိုးကတော့ ဆရာနိုင်း မိန်းမရဖို့ မလွယ်ပါဘူး။ ဝန်းရံက ရှေကနေ လူပျိုကြီးလုပ်မှာပါ လူပျိုကြီးလုပ်မှာပါနဲ့ အစ်ကို့ကို စာရင်းပိတ်ပေးနေတာကိုးတဲ့။

“ ပြောရင်းဆိုရင်း… ဆရာ့ရဲ့ ရှေပြေးစာရင်းပိတ်လေး လာပါပြီ ”

အန်တီမိုးကတော့ ဝန်းရံကို မြင်တယ်ဆိုရင်ပဲ ရှေပြေး စာရင်းပိတ်လေးဆို သဘောတကျကို ရယ်နေတော့တာပါလား။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

မမေ့ကို ကိုလင်းဇေနဲ့ သွားကြိုတာ ဒေါ်ဒေါ်က ပွည်ပွည် ပြောတယ်လေ။ အစ်ကိုကလည်း ညီမကို သူစိမ်းကောင်လေးနဲ့ လွှတ်တာပဲ… ညီမကလည်း… တစ်ယောက်တည်းသွားရင် ရပါလျက်နဲ့ ဆို ပြောနေတော့တာ…။

“ နနရယ်… သားက သမီးရဲ့ ရိုးသားမှုကို သိတယ် တချိန်တုန်းကလည်း သူ့သူငယ်ချင်းတွေနဲ့ ခင်ခင်မင်မင်နေလာတာပဲ… မောင်နှမတွေလို ရိုးရိုးသားသားလည်း ပေါင်းဦးမှာပေါ့…”

“ မောင်လင်းဇေလေးလည်း မဆိုးပါဘူး… သမီးသဘောကျ ရင်…”

မေမေ မမေ ဒေါ်ဒေါ်တို့ စကားတွေပြောနေတုန်း ကိုကို့ကို သွားကြိုမယ်ဆို လစ်ထွက်လာခဲ့တယ်လေ…။

“ အန်တီမိုး… တို့ဟူးကြော် ဝယ်လာပါတယ်…”

“ သိပ်ကောင်းတာပေါ့… စားမယ် ဝန်းရံ…”

“ ဝန်းရံ ဘာတွေဝယ်လာလဲ ”

ကိုကိုပြန်တော့မှာမို့ ကိုလင်းဇေလည်း ရောက်လာပြီလေ။ တို့ဟူးကြော် ဝယ်လာတာ ဆိုပြီးတော့… အထုပ်ကလေးကို စားပွဲပေါ် တင်ပေးထားလိုက်တယ်။

“ ကိုကို ပြန်စို့လေ ”



“ ပြန်မှာပါ… ကိုကိုကလည်း မမေနဲ့ တွေ့ချင်နေပါပြီ… ဒေါ်ဒေါ် ဘာဟင်းတွေ ချက်ထားလဲ မသိဘူး… မမေက ရေမုန့် ကြိုက်တယ်… အပြန် သွားဝယ်ရအောင်နော် ဝန်းရံ… လင်းဇေ… အန်တီမိုး သွားပြီ…”

ကိုကိုက ဝန်းရံပခုံးလေးကို ဖက်ပြီး မောင်နှမနှစ်ယောက် ထွက်လာခဲ့ကြပါတယ်။ ဆိုင်ကယ်နောက်မှာ ကိုကို့ခါးကိုဖက်ပြီး ထွက်ခဲ့တဲ့အချိန်… ပြတင်းပေါက်ကနေ ကိုလင်းဇေလှမ်းကြည့်နေတာ တွေ့ရတဲ့အခါမှာ… ဒေါ်ဒေါ်ဆူနေတာကို ပြောပြမိတာပေါ့။

“ ညီမလေးလည်း ကိုယ့်ကိုယ်ကို ထိန်းနိုင်တဲ့အရွယ် ရောက်နေပြီပဲ… လင်းဇေကလည်း လူတော်တစ်ယောက်ပဲဟာ… ဒေါ်ဒေါ်က စိတ်ပူလွန်နေတာပါ… ကိုကိုက စိတ်မချရရင် လွှတ်ပါ့ မလား…”

“ ဒေါ်ဒေါ်ကတော့ ကိုထိန်နဲ့ ခင်ခင်မင်မင် နေတာကိုလည်း မမေ့ကို တိုင်တယ်…”

“ ညီမလေးကရော… အဲလိုမျိုး အချစ်ရှိလား ပြောပါဦး”

“ ဟာ မရှိပါဘူး… ကိုကို… နော် ကိုကို…”

ပခုံးစွန်းကို ထုလိုက်တဲ့အခါ ကောင်မလေး ဆိုင်ကယ်ပေါ်မှာ နော် လိမ့်ကျမယ်တဲ့။ ရေမုန့်ဝင်ဝယ်တော့လည်း ကိုကို့အသိတွေ တွေ့နေသေးတယ်လေ။ ကိုကို့လက်ကို ဆွဲပြီး ရပ်နေတဲ့ ဝန်းရံကိုတော့ လှမ်းကြည့်ကြတာပဲပေါ့…။

အိမ်ပြန်ရောက်တော့ ဆိုင်ကယ်သံကြားတာနဲ့ မမေက အိမ်ရှေ့ထိ ထွက်ကြိုပါတယ်။ ကိုကိုက မမေ့ကို ဖက်ထားတော့ ဝန်းရံက ကိုကို ချွဲနေပြီ ချွဲနေပြီလို့ အော်ပြီး လက်ခုပ်တီးမိတာပါ…။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ဘေးအိမ် ဝရန်တာမှာ ရပ်နေတဲ့ ဒေါ်လေးညိုကို လှမ်းမြင်ရတာပါလား။ မေမေ့ကို မမြင်ဖူးသေးလို့ ကြည့်တယ်နဲ့ တူပါရဲ့…။ မေမေနှင့် ဒေါ်လေးညိုတို့အိမ်ကို သွားလည်ဦးမှပါ…။ ဖေဖေကတော့ ဘီးတပ်ကုလားထိုင်လေးနှင့် ဆိုတော့ ခြံထဲတောင် သိပ်ဆင်းတာ မဟုတ်ဘူးလေ…။ ဒေါ်လေးညို အိမ်လာလို့ ဖေဖေနှင့်ကတော့ တွေ့ဖူးနေပါပြီ။

" သား ဝလာသလိုပဲ "

" ဒေါ်ဒေါ်က ဟင်းချက်ကောင်းတာကိုး "

" ကိုကို့အပြောလေးတွေ ဝန်းရံသင်ဦးမှပါ…"

" ညည်းကတော့ အဲဒီအပြောရမယ် မထင်ပေါင်…"

ဒေါ်ဒေါ်ကတော့ ဝန်းရံကို ကိုကို့လောက် မချစ်ဘူး ထင်တာပဲ။

" သား ရေချိုးရင် စောစောချိုး… အေးလိုက်တာ… မေမေဖြင့် ရောက်တာနဲ့ အနွေးထည်ဝတ်ရပြီ… ရန်ကုန်မှာတော့ မအေးဘူး "

" မြန်မြန်ချိုးပါမယ် မေမေ "

" ဟိုကောင်မလေး… နင့်အစ်ကို ရေချိုးပြီးရင် ထမင်းစားမှာ… လာကူ…"

ဒေါ်ဒေါ်က ထမင်းပြင်ခိုင်းနေပါပြီ။ ဟဲ့… ဝန်းရံ ခြံထဲမှာ ရောက်ရွက်နုနု ရှိရင် ခူးစမ်း… နင့်အမေကြိုက်တယ်ဆို နောက်တစ်မျိုး ခိုင်းပြန်ရော…။

" ရောက်ရွက်နုနုကလည်း ဆူးရှိမယ်… လူနုနုကလည်း ဆူးရှိတယ်…"



" ဘာပြောတယ် "

" ဆူးစူးမှာလည်း စိုးတယ် ပြောတာပါ "

ဖေဖေကတော့ သူ့ညီမနဲ့ သူ့သမီးရဲ့ အဲဒီလို ပွည့်ပွည့်တွေကို ရီးနေပါပြီလေ…။ ရောက်ရွက်လေးတွေက ဝန်းရံခူးလွန်းတဲ့ကြားက အနုလေးတွေ ဝေလို့…။

" ဝန်းရံ…"

" ဟယ်… ကိုထိန်… ဒီနားမှာ ဘာလုပ်နေလဲ…"

" နင့်ကိုတွေ့လို့ လာတာပါ…"

" မေမေရောက်နေတယ်… အဲဒါ တို့စရာလုပ်ဖို့ ရောက်ရွက်လာခူးတာ… အိမ်လာလည်ဦးလေ… မေမေနဲ့ တွေ့ရတာပေါ့…"

ကိုထိန်ကပါ ကူခူးပေးပါတယ်။

ကိုထိန်ခူးပေးတဲ့ ရောက်ရွက်နုလေးတွေကို ကမ်းယူနေခိုက်မှာ…။

" ညီမလေး… ဒီလောက်ဆို ရပြီ… မေမေတို့ စောင့်နေပြီ"

" ကိုကို…"

ကိုကို့မျက်နှာကြီးကလည်း စူပုတ်လို့ အရင်ကဆို ဒီလို မဟုတ်ပါဘူး။ အိမ်ရောက်ကာနီးကျတော့ ပြောပါပြီ…

" ကိုထိန်နဲ့ မခင်ရဘူးလို့ မပြောပါဘူး… ဒါပေမယ့် တပူးတွဲတွဲ မနေပါနဲ့ ညီမလေးရယ်…"

" ကိုကို အရင်က ဒီလိုမဟုတ်ပါဘူး… ကိုထိန်က ဝန်းရံအပေါ် ဖြူစင်ရိုးသားစွာ ခင်တာပါ…"

" သူ့ရင်ထဲကို ကိုကိုတို့ ဝင်ကြည့်လို့ရတာမှ မဟုတ်တာ… ဝန်းရံကို ဒီလိုလူမျိုးနဲ့ ချစ်မသွားစေချင်ဘူး… သူတို့မိသားစုက

www.burmeseclassic.com



ဘာတက်လမ်းရှိလဲ ထူးချွန်မှုရော ဘာရှိလဲ... ဒီအိမ်စုတ်လေးတွေပဲ ရှိတာ... ထိန်လင်းနိုင်ကရော ဘာထူးလဲ... ရေရှည်အားကိုးလို့ရမယ့် ယောကျ်ားတစ်ယောက် မဟုတ်ဘူး... အဲဒီ့ မိသားစုထဲ မဝင်ချင်ပါနဲ့"

ဝန်းရံဖြင့် ကိုကို့ကို အဲလိုပြောတတ်လိမ့်မယ် တစ်ခါမှ မထင်ခဲ့ဖူးသမျှ အံ့ဩလိုက်တာ။ ကိုထိန့်အပေါ် ဝန်းရံရဲ့ ခင်မင်မှုက ဖြူစင်ပါတယ်... ဖြူစင်သော ခင်မင်မှုနှင့်မို့လားမသိ ကိုထိန့်ကို ဒီလိုနှိမ့်ချပြောတော့လည်း မနှစ်သက်သလို စိတ်မကောင်းလိုက်တာ။

" ကိုကို့ကို ဝန်းရံ ဒီတစ်ခါ အရမ်းအံ့ဩတာပဲ... လူတစ်ဖက်သားကို ကိုကိုဘယ်တုန်းက ဒီလိုပြောလို့လဲ... ဒါဆို ကိုလင်းဇေနဲ့ကျတော့ ဘာလို့ ဒီလိုမပြောလဲ "

" လင်းဇေက လင်းဇေ... ထိန်လင်းနိုင်က ထိန်လင်းနိုင်ပဲ..."

" ဩော်..."

" ဟဲ့ မောင်နှမ... ဘာဖြစ်လာလဲ "

ဒေါ်ဒေါ်ဆီ ဒီအကြောင်းရောက်သွားရင် ပိုတောင် ဆိုးဝါးလာဦးမယ်။ကိုကိုကလည်း သိပါတယ်...။ ဘာမှမဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်... မှောင်စပြုနေတော့ ချောက်ပင်မှာ မြွေစိမ်းလေးတွေ ရှိတတ်လို့ မြန်မြန်ခူးပါဆိုတာ... သူ့ကို ဆူရလားဆို ပြန်ပြောနေတယ်တဲ့...။

" ကောင်မလေးက အငယ်ဖြစ်ပြီး အစ်ကိုကို ပြန်ပြောရသလား... အစ်ကိုက စေတနာနဲ့ စိတ်ပူလို့ပြောတာ... မမေသမီးကို လာတုန်း ဆူသွားနော်... နမျှားဆို သူက ရှိတယ် မထင်ဘူး..."

" ဟုတ်လား သမီးလေး... ဒေါ်ဒေါ်နဲ့ ကိုကို့စကား နားထောင်ရမယ် မေမေပြောထားတယ်လေ... ဒေါ်ဒေါ်နဲ့ ကိုကို့ကို



မတည့်ရင် မေမေအပြန် ပြန်လိုက်ခဲ့မလား "

မေမေကတော့ နောက်ပြီး ချစ်စနိုးပြောတာပါ... ဒါပေမယ့် ကိုကို့ကို ဝန်းရံ တကယ် စိတ်ဆိုးနေချိန်မို့...

" လိုက်မယ် မေမေ... မေမေပြန်ရင် ဝန်းရံ ပြန်လိုက်ခဲ့မယ်"

ဒီလိုပြောပြန်တော့လည်း။

" မလိုက်ရဘူး... ဝန်းရံ ပြန်မလိုက်သွားရပါဘူး... ညီမလေး မရှိရင် ကိုကို လွမ်းနေမှာပေါ့..."

ခုမှ လာ အဖြစ်သည်းပြမနေနဲ့။ စိတ်ဆိုးလိုက်တာ။ တမင်ကို ဂျစ်ပြီး ပြန်လိုက်သွားမယ်။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com



နိုင်းဆ ဘာဖြစ်သွားပါလိမ့်…

မှောင်ရီပျိုးစ အချိန်ရဲ့ သွေးတိုးပေးမှုလား… ဝန်းရံနဲ့ ကိုထိန်ကို ရှောက်ပင်လေးနားမှာ ရယ်မောရင်း ပွ့ပူးကပ်ကပ် မြင်လိုက်ရတော့ ထူပူသွားတာပါပဲ…။ ဝန်းရံနှင့် လင်းဇေတို့လည်း အခုလိုမျိုး အတူယှဉ်တွဲ စကားပြောနေတာ ရှိပါလျက် သည်သို့ မဖြစ်ခဲ့ပါဘူး။ ဘာလို့ပါလိမ့်။ ညီမလေးကို ကိုထိန်လို ရှေးရေး အနာဂတ် အားကိုး ဘာမှ မရှိသော ကောင်လေးတစ်ယောက်နှင့် သဘောမတူတာပဲ ဖြစ်မှာပါလေ။

ဝန်းရံကတော့ စိတ်ဆိုးသွားလိုက်တာ။

နိုင်းဆက မနက်ဘက် ဆေးရုံသွားမယ်… စောထွက်ပြီး မုန့်လိုက်စားခေါ်တာတောင် ချမ်းတယ် မလိုက်ဘူးတဲ့…။

“ ဝန်းရံကို မမေတို့ အစ်ကိုတို့ သိပ်အလိုမလိုက်သင့် တော့ဘူး… အခုပဲကြည့် မောင်နိုင်းကို စိတ်ကောက်ပြီး နိုးလို့ကို မရတော့ဘူး… အရင်က မနက်စောစော သူ့အစ်ကိုနဲ့ ပြေးနေတာပါ…”

“ နုနု… ဝန်းရံက ကလေးစိတ်နဲ့ စွဲဆိုးဆိုးတာပါ ဘယ်ကိစ္စ ကောင်းတယ် မကောင်းဘူး သူနားလည်ပါတယ်… ဘာလဲ မောင်ဖော် ထွန်းဆွေအပေါ် နင့်သူငယ်ချင်းနဲ့ မျက်နှာပျက်ရလို့လား… နင့်ကို ငါတစ်ခုပဲ ပြောပါရစေ နုနုရယ်… ငါ့သမီးရဲ့ အနာဂတ်ကို ငါ အကုန်တွက်ချက်ပြီးနေပြီ… အချိန်စောင့်နေတာ… နင် အဲဒီ့ကျမှ



အံ့သြပြီး အစ်ကိုလို့ ငါ့ကို မခေါ်နဲ့…”

“ ဒါဆိုလည်းပြီးရောပေါ့… အစ်ကို့သမီး အစ်ကိုပိုင်တာပဲ…”

ဝန်းရံ စိတ်အကောက်ကောင်းတာ ဖေဖေနဲ့ ဒေါ်ဒေါ်တောင် စကားပြောကြရတယ်။ နိုင်းဆစိတ်မှာလည်း ဘာတွေ စိတ်မကောင်း ဖြစ်တယ် မသိပါဘူး…။ စိတ်ရှုပ်ထွေးစွာနဲ့ တစ်ယောက်တည်းပဲ ထွက်လာခဲ့ရတာပေါ့…။

“ ကိုနိုင်းလာမှ ကော်ဖီသောက်မလို့… ဘယ်လိုလဲ မေမေ… မေမေ… ချစ်ညီမလေးနဲ့ သောက်ခဲ့ပြီလား ”

“ မသောက်ခဲ့ရသေးပါဘူး… ကောက်တေးက ကောက်နေ တာနဲ့ စိတ်ရှုပ်ထွက်ခဲ့တာ…”

“ ဝန်းရံ ကောက်နေသလား… ကျွန်တော်ချော့လိုက်မယ်လေ”

လင်းဇေ ဒီလိုပြောတော့လည်း စိတ်မှာ မနှစ်သက်သလိုပါပဲ။ နိုင်းဆ စိတ်မှာ ညီမကို နှမြောတွန့်တို ဖြစ်နေမိသလား…။ ဟိုးအရင်က သည်သို့ မဟုတ်ပါဘူး…။

“ ဘာတွေကောက်ကြလဲ ကိုနိုင်း… ဆောရီး ဆောရီး ”

နိုင်းဆမျက်နှာပျက်နေတော့ လင်းဇေ ချက်ချင်း တောင်းပန်ပါ တယ်။ အန်တီမိုးကတော့ နံပြားတွေ ထောပတ်သုတ်ပေးနေရင်း… သူတို့ကို ကြည့်ပြီး ပြုံးနေပါတယ်။

“ ထိန်လင်းနိုင်နဲ့ အရမ်းခင်သလိုနေလို့ ဆူမိတာ… ဝန်းရံကို သူ့ဘဝခရီးဖော်ရွေးတာ မှားသွားမှာ စိုးလို့… အဲဒါ သူ့ကို ဆူလို့တဲ့ သူက ထိန်းလင်းနိုင်ကို ရိုးသားဖြူစင်တယ်တဲ့… စုံနေတာပဲ… ကိုယ်ကလည်း ဝန်းရံအနာဂတ်အတွက် ထိန်လင်းနိုင်လို ကောင်လေးနဲ့ ဘယ်လိုမှ ကြည့်မရဘူး…”

www.burmeseclassic.com



" ဆရာနှိုင်း ညီမကို ဒီလောက် စိတ်ပူနေရင်လည်း... မေမေ မေမေနဲ့ တိုင်ပင်ပြီး သင့်တော်တဲ့လူနဲ့ အိမ်ထောင်ချပေးလိုက်ပါလား "

" ရပါလိမ့်မယ် အန်တီမိုးရေ ဇော်ထွန်းဆွေနဲ့ ဒေါ်ဒေါ်က အတင်းဇွဲစပ်ပေးဖို့ပြောတော့ သူ့သဘောမတူရင် အိမ်ကထွက်သွားမယ်တဲ့... ဝန်းရံက မလွယ်ဘူး..."

လင်းဇေကတော့ ဒါဆိုရင် ဝန်းရံက သူ့သဘောကျမှ ဖြစ်မှာပေါ့တဲ့...။ လင်းဇေကရော ဝန်းရံသဘောကျအောင် ကြိုးစားတော့မှာလား။

ဘာလို့များ အရင်က ဒီလောက် စိတ်မရှုပ်ထွေးပါပဲနဲ့...။ လင်းဇေက ဂျူတီထွက်ပြီး ပြန်သွားပြီ။ နှိုင်းဆကတော့ အလုပ်တွေထဲ ကျွန်နဲ့ပြန်ပြီပေါ့လေ...။ အလုပ်ချိန်တော့ လူနာတွေရယ်... ဆေးကုသမှုတွေရယ်နဲ့ပဲ အလုပ်များနေသလို အစည်းအဝေး တက်စရာရှိတာတွေလည်း သွားရပြန်သေးတယ်။ အချိန်ဆိုတာ ဘယ်လိုကုန်သွားတယ် မသိတော့...။

အစည်းအဝေးက အပြန်မှာ... ရုံးခန်းထဲလည်း ဝင်ရော လင်းဇေနဲ့ အတူတွေ့လိုက်ရတာ ဝန်းရံနှင့် မေမေပါလား။

ကြည့်ရတာ ကောက်တေး ဝန်းရံတစ်ယောက် မေမေ့ကို ခေါ်လာပြီ ထင်ပါရဲ့...။

" လင်းဇေလာရင် သားပြန်လို့ရပါပြီ... ခဏလေးတော့ စောင့်ရမယ် မေမေ "

" ရပါတယ် မေမေ... မမိုးနဲ့ စကားပြောနေမှာပေါ့..."

ဝန်းရံကတော့ ဘယ်ထွက်သွားပြန်တယ် မသိ...



စိတ်ဆိုးနေတုန်းများလား... ဟိုအရင်က ခုလောက် စိတ်မကောက်လှပါဘူး။ နှိုင်းဆက ချော့လိုက်ရင် ချက်ချင်း ပြန်လည်ကြည်လင်သွားတတ်ပါတယ်။

အခုတစ်ခါတော့ နှိုင်းဆကိုယ်တိုင်က မချော့ပဲ လေးငါးရက်ထားလိုက်ရင် ကောင်းမလား တွေးနေမိပြီ...။ လင်းဇေကတော့ မေမေ့ကိုတွေ့တာနှင့် ခင်မင်ရင်းနှီးလောက်အောင် ပြောဆိုတတ်နေပြီလား... အန်တီမိုးပြောသလို ဝန်းရံကို သင့်တော်တဲ့လူနဲ့ နေရာချထားလိုက်တာ ပိုကောင်းမလား။ ကိုထိန်တို့လို လူမျိုးနှင့် မတော်တဆ ဆုံဆည်းသွားရင် နှိုင်းဆ စိတ်မကောင်းဖြစ်ရမယ်... မေမေ မပြန်ခင် ပြောပြပြီး လင်းဇေကို နှစ်သက် မနှစ်သက် မေးကြည့်သင့်တယ် ထင်ပါရဲ့။

" ပြန်မယ် လင်းဇေ မေမေ့ကို ဘုရားဘက် လိုက်ပို့လိုက်ဦးမယ်... မေမေ သားဆိုင်ကယ်နောက်က လိုက်ပေါ့... ဝန်းရံသူ့ဘာသာ စက်ဘီးစီးလိမ့်မယ် "

ပြောလိုက်တာနဲ့ စက်ဘီးဆီကို ဖျတ်ခနဲ ထွက်သွားပြီ။ လင်းဇေကတော့ ဝန်းရံပုံစံကို ကြည့်ပြီးတော့... ကိုနှိုင်း မြန်မြန်ချော့လေတဲ့။

" ခုအချိန်ကစ မချော့ပဲ နားရင်းအုပ်မလား စဉ်းစားနေတယ်..."

နှိုင်းဆ ဒီလိုပြောတော့ မေမေက ပြုံးပြီး မောင်နှမနှစ်ယောက်က ဒီလိုပါပဲ... တော်ကြာ ပြန်တည့်သွားတာနဲ့... သူ့ညီမ ပြန်အလိုလိုက် နေရတာပါပဲတဲ့။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

ကိုကို ဒီတစ်ခါ တကယ် စိတ်ဆိုးသွားပုံရပါတယ်။

ဝန်းရံကို အရင်လို မချော့ပါပဲ မေမေ့နားပဲကပ်နေတယ်...။ ဘုရားကို ဝန်းရံကတော့ အရင်တစ်ခါ ကိုကိုလိုက်ပို့လို့ ရောက်ပြီးသား ဆိုပေမယ့်... ခုတစ်ခါတော့ အေးဆေး ဖူးနေလိုက်တာပေါ့...။ အပြန်လမ်းမှာတော့ ကိုကိုနှင့်မေမေ့ဆိုင်ကယ်ကရှေ့မှာ ဝန်းရံစက်ဘီးက နောက်မှာ...။

အိမ်ပြန်ရောက်တော့ ဝန်းရံအပေါ်ထပ်ပဲ တက်လာခဲ့တယ်။ တစ်ချိန်ကလို ကိုကိုများ လာချော့မလားလို့လည်း မျှော်လင့်တယ်လေ...။ စိတ်မကြည်လင်လို့ ငွမ်းစောင်ကြီး ခြုံအိပ်လိုက်တာ အိပ်ပျော်သွားခဲ့ပါတယ်။

ဝန်းရံ လန့်နိုးလာတဲ့ အချိန်မှာတော့ တိတ်ဆိတ်လို့ပါလား... အခန်းထဲမှာလည်း မီးလုံးစိမ်းလေးရဲ့ အလင်းရောင်ပဲ ရှိတယ်။

မေမေတို့ အိပ်နေပြီလား သိချင်တာနဲ့ လှေကားက ဖွဖွနင်းလို့ ဆင်းခဲ့တဲ့အခါ...။

" ဒီတစ်ခါတော့ ထူးဆန်းအံ့ဩစရာပါလား သားရယ်... ဘယ့်နှယ် ကိုယ့်ညီမလေးကို အိမ်ထောင်ချပေးဖို့ သား တွေးမိပါလိမ့်"

ဖေဖေ့အသံပါလား...။ ဖေဖေတို့ မအိပ်ကြသေးဘူးပဲ။

" ဝန်းရံကို မသင့်တော်တဲ့ လူမျိုးနဲ့ အိမ်ထောင်ကျသွားမှာကို



သားစိတ်ပူလို့ပါ... လင်းဇေ ကြည့်ရတာလည်း ဝန်းရံကို သဘောကျ နေပုံပါပဲ "

" ဝန်းရံက သူ့သဘောမကျရင် ဘယ်လက်ခံပါ့မလဲ... ပြီးတော့ ကိုထိန်နဲ့အပေါ် သား ဘာလို့ ဒီလောက်အမြင်လွဲနေတာလဲ... သူတို့နှစ်ယောက် စကားပြောဆိုနေတာ ဖေဖေမြင်ဖူးနေတာပါ... ရိုးသားပါတယ်..."

" ခုတော့ ရိုးသားတာပေါ့... နောက်တော့ လူပျိုအပျိုပဲ... သား စိတ်ပူတယ် "

ကိုကိုတော့ ခက်နေပါပြီ... ကိုထိန်နှင့် ဝန်းရံခင်မင်တယ် ဆိုပေမယ့်... နှစ်ယောက်လုံးက ဖြူစင်ပါတယ်။ ဘယ်လိုဖြစ်ပြီး ဒီလောက်စိတ်ပူပန်နေရပါသလဲ။

ဖေဖေရယ်နေပါလား။

" မေ... သားက သမီးကို စိတ်ပူနေပါရောလား... ပြောလိုက် ရမလား..."

" အင်း... ကို့သဘောပါ... သားရော သမီးပါ အိမ်ထောင် ပြုသင့်တဲ့ အရွယ်တွေ ရောက်နေပြီပဲ..."

" ဖေဖေနဲ့မေမေကလည်း... ဘာတွေပြောနေလဲ..."

လှေကားထစ်လေးမှာ ကွယ်ပြီး ထိုင်နေမိပါတယ်။

" သားစိတ်မကောင်းဖြစ်မှာတော့ ဖေဖေနဲ့ မေမေ စိတ်ပူပါ တယ်... ဒါပေမယ့်... ပြောမှလည်းဖြစ်မယ်... သားကို ဖေဖေတို့ ပြောဖူးပါရောလား သားမျက်လုံးတွေက မွေးတုန်းက ပိတ်နေတာမှ ယောင်ကိုင်းပြီး ဒဏ်ရာ ဖြစ်နေတယ်ဆိုတာ..."

" မေမေတို့ဆို သားကို မွေးရာပါမျက်စိကွယ်နေတဲ့ ကလေး

www.burmeseclassic.com

www.burmeseclassic.com



လို့ ထင်ခဲ့တယ်... ဒါပေမယ့် မျက်စိပါရဂူကြီးတွေနဲ့ ပြပြီး ကုရင်းမှ... တဖြည်းဖြည်းကောင်းလာခဲ့တာ... ဒါတောင် သားဟာ ကလေးဘဝ တည်းက မျက်မှန်ပါဝါ အထူကြီး တပ်ခဲ့ရတယ်..."

" အမှန်ပြောရရင် သားရယ်... သားမိဘအရင်းဖြစ်တဲ့ သားအဖေက မျက်စိကွယ်နေတဲ့ ကလေးဆိုပြီး ထားပစ်ခဲ့တာကို ဖေဖေနဲ့မေမေ ချစ်လို့ မွေးစားခဲ့တာပါ..."

" ဗျာ..."

ကိုကိုမပြောနဲ့ ဝန်းရံတောင်မှ ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာ ဖြစ်ရတာပါလား။ ခုချိန်မှာတော့ အပေါ်ပြန်တက်ရင် ခြေသံကြားလို့လည်း မဖြစ်...။ ကိုကို့ကို ဖေဖေတို့ မွေးစားခဲ့တယ်ဆိုပါလား။

" အဲဒီတုန်းက ဖေဖေတို့ ဝန်ထမ်းဘဝ မြောင်းမြမှာ တာဝန်ကျနေကြတာ... သားကို မွေးစားတုန်းက ဖေဖေတို့မှာက သားသမီးလည်း မရှိတော့... မွေးရာပါ မျက်စိကွယ်နေတဲ့ ကလေး တစ်ယောက်ကို သနားလို့ မွေးစားခဲ့တာပေါ့လေ... ဖေဖေတို့ရဲ့ ကံတရားအရ သားဟာ မျက်စိမကွယ်ခဲ့သလို နောက်နှစ်လောက်မှာ သမီး ဝန်းရံကို မွေးခဲ့တာ... သားဟာ လိမ္မာလွန်းတဲ့ ကလေးမို့လည်း ဖေဖေတို့က သိပ်ချစ်ခဲ့တယ်... ဖေဖေ မေမေ မေတ္တာကို သားက ရယူခဲ့ရတဲ့ လူဆိုတော့ အစစ်အမှန် ဟုတ်မဟုတ် သား အသိဆုံးပါ... တစ်နေ့ သားနဲ့ ဝန်းရံ အရွယ်ရောက်ရင် လက်ထပ်ပေးလိုက်မယ်ဆို ဖေဖေတို့မိသားစုရဲ့ ချစ်ခင်ခြင်းဟာ ဘယ်ပျက်ပြယ်ပါတော့မလဲ..."

ကိုကိုကလည်း အသံတောင် မထွက်တော့ပါလား။

ဝန်းရံဆိုလည်း မယုံနိုင်စရာ စကားတွေကို ကြားရသလိုမို့



ရင်ထဲခံစားရတာတွေ ပြောမပြနိုင်လောက်အောင်ပါပဲ... ခြေသံကို ဖွဖွညင်သာနိုင်ဆုံး နင်းလို့ အခန်းဆီ ပြန်လာခဲ့ရပါတယ်။ တစ်ဘက်ခန်းမှ ဒေါ်ဒေါ်ရဲ့ အသက်မှန်မှန် ရှူရင်း အိပ်နေတဲ့အသံကို ကြားနေရပါတယ်။

ကိုကိုနှင့် လက်ထပ်ရဲ့မှာတဲ့။

ဘယ်လိုမှ မထင်မှတ်သလို... မဖြစ်နိုင်ပါဘူး...။

ကိုကို့ကို သိပ်ချစ်တာပါ...။

ဒါပေမယ့် အဲလိုမျိုး အချစ်နဲ့ ချစ်ရမယ်ဆိုတာကတော့ တစ်မျိုးကြီးပါပဲလား...။

အိပ်လို့လည်း မရတော့...။

မိသားစုရဲ့ ချစ်ခြင်းတွေ မပျက်ပြယ်ချင်တဲ့ ဖေဖေတို့ မေတ္တာကိုတော့ ဝန်းရံနားလည်ပေမယ့်...။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့စကားတွေ မေမေ့စကားတွေ... နှိုင်းဆ အံ့သြ ထိတ်လန့်ခဲ့ရပါလား။ တစ်သက်လုံး ဒီအဖေ... ဒီအမေ... ဒီညီမလေးနဲ့... ချစ်ခင်ပျော်ရွှင်နေခဲ့တယ်။

ဝန်းရံကို သိပ်ချစ်ပါတယ်... ဒါပေမယ့်... ညီမလေးလို ချစ်တာ။

လက်ထပ်ရမယ်လို့ပဲ...။ သည်သို့ဖြစ်နိုင်ပါ့မလား...။ ဆရာ နှိုင်းကိုသာ မေးစားရင်... ဝန်းရံမငိုသင့်ဘူး သဘောကျရမှာဆိုတဲ့ အန်တီမိုး စကားကိုပါ သတိရမိပါတယ်။

" ဖေဖေနဲ့ မေမေကတော့ သားကိုဖွင့်ပြောပြီး သမီးကိုပါ ပြောမယ်... လက်ထပ်ဖို့ကတော့ သားနဲ့သမီးသဘော လိုပါတယ်... ဖေဖေနဲ့မေမေကတော့... မိသားစု ချစ်ခင်မှု မပျက်စေချင်ဘူးလေ... သားနဲ့သမီးက ခေါင်းခါမယ်ဆိုရင်လည်း အတင်းမစီစဉ်ပါဘူး... သားတို့ကို စိတ်ဆင်းရဲအောင်လည်း မလုပ်ရက်ပါဘူး... အမိကက ဝန်းရံစိတ်ကရော ဘယ်လိုရှိမလဲမသိဘူး... ဒီကောင်မလေးအကြောင်း သားလည်း သိတဲ့အတိုင်းပဲလေ... "

ဟုတ်ပါတယ်... ဝန်းရံစိတ်က လွယ်တာမဟုတ်... ဝန်းရံက နှိုင်းဆကို သိပ်ချစ်တယ်ဆိုပေမယ့်... မောင်နှမတွေလို ချစ်ခဲ့တာပါ...။ ခုလိုများသိရင် ဘယ်လောက် စိတ်မကောင်းဖြစ်မလဲ။



" အေးလာပြီ... ဖေဖေနဲ့မေမေ အိပ်တော့နော်... သား အကောင်းဆုံး ဖြစ်အောင် ကြိုးစားပါမယ်... ပြီးတော့... ဖေဖေနဲ့ မေမေ့ကို စိတ်ချမ်းသာရပါစေမယ်... သားကြောင့်တော့ စိတ်မဆင်း ရဲစေပါဘူး "

" သားကို ဖေဖေတို့ ယုံကြည်ပါတယ် "

ဖေဖေနဲ့ မေမေကတော့ အိပ်တော့မယ့်...

နှိုင်းဆကတော့ အိပ်မရနိုင်...။ အခန်းထဲရောက်တော့လည်း ဒီလောက်အေးနေတဲ့အထဲ အသက်ရှူမဝသလို ခံစားရလို့ ခေါင်းရင်း ပြတင်းကို ဖွင့်လိုက်တယ်...။ လမ်းမက မီးလုံးအလင်းရောင်တန်းမှာ နှင်းတွေပိတ်နေသလို ဖြစ်နေတာ လှလွန်းပါလား...။ အရင်တစ်ချိန်က ခံစားချက်နဲ့ အခုခံစားချက်ဟာ တခြားစီပါလား...။

ဝန်းရံနဲ့ လက်ထပ်ရမတဲ့...။ နှိုင်းဆ ငြင်းရမလား...။

မွေးရာပါ မျက်စိကွယ်နေတဲ့ ကလေးဆိုပြီး ဖခင်အရင်းက စွန့်ပစ်ခဲ့သတဲ့။

ရင်ထဲ နာကျင်နေသလိုပါပဲ...။

ကိုယ့်ရင်သွေးကို မျက်စိချို့ယွင်းတယ်ဆို စွန့်ပစ်ရက်ပါ သလား...။ သည်သို့ ဖခင်ရှိတယ်လို့ ပြောပါရော...။ ရင်ထဲနာကျင် လိုက်တာ။

ဖခင်အရင်း မိခင်အရင်းကိုတောင် သိချင်စိတ် ကုန်သွား သလိုပါပဲလေ။

ဖေဖေပြောသလို ဖေဖေနဲ့မေမေ့မေတ္တာကိုတော့ အကြွင်းမဲ့ ယုံကြည်ပါတယ်။ ဝန်းရံနှင့် မောင်နှမအရင်း မဟုတ်ပါဘူး... နှိုင်းဆကို မွေးစားခဲ့တာပါလို့ အန်တီမိုးတို့ ပြင်းမေတို့သိရင်

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမလဲ။ လင်းဇေကလည်း ဝန်းရံကို သဘောကျနေတယ် ထင်တယ်။

ကျန်တဲ့လူတွေက ခုချိန် အဓိက မကျတော့ပါဘူး။

အဓိကကျတာက... ဝန်းရံသဘောထား...။ ဖေဖေနဲ့ မေမေက နှိုင်းဆကို ဖွင့်ပြောလိုက်ပြီဆိုတော့ သိပ်မကြာခင် ဝန်းရံကိုလည်း ပြောတော့မှာ။ ဝန်းရံ ဘယ်လို ဆုံးဖြတ်မှာပါလိမ့်...။

အိပ်မပေါ...။ မနက်ကျ စောစော ဂျူတီ ဝင်ရမယ်...။

လင်းဇေ မူးနေတော့ စောစောနားပါစေတော့လေ။ ဒီည နေပေးမယ်ဆိုတာ ပြောမရလို့သာ...။ အိပ်ပြန်တော့လည်း စိတ်ကြောင့်လားမသိ။ ရုတ်တရက် အိပ်မပျော်...။

နောက်တော့လည်း သည်သို့ အတွေးတွေ များမနေသင့်ဘူး...။ အကောင်းဆုံး အခြေအနေဖြစ်အောင် ဘယ်လိုလုပ်မလဲ...။

ဖေဖေနဲ့ မေမေစိတ်ချမ်းသာရပါစေမယ်ဆို စကားနားထောင်ရုံပေါ့...။ နှိုင်းဆဘက်ကတော့ မိဘသဘောကျပါပဲ...။ ဝန်းရံ ဆုံးဖြတ်ရမယ့် အပိုင်းပဲ ကျန်ပါတော့တယ်...။

ဒါကတော့ ဝန်းရံသဘောပါပဲလေ။

✡ ✡ ✡

ဝန်းရံအိပ်ရာမှ နိုးလာတော့ ဖေဖေနဲ့မေမေ ထမင်းစားစားပွဲမှာ ကော်ဖီ သောက်နေပြီ။ ကိုကို့ကို မတွေ့ပါလား။ ဝန်းရံ သိသွားပြီဆိုတာကို ရင်ထဲပဲ ထားမှပါ...။

" ကိုကိုရော..."

" သမီးကိုကိုက အစောကြီး ဆေးရုံသွားပြီ... မောင်လင်းဇေ မူးနေလို့ နားစေချင်လို့တဲ့လေ... နုနုကဈေးသွားပြီ..."

" မေမေပြန်ရင် ဝန်းရံ ရန်ကုန် ပြန်လိုက်ခဲ့ချင်ပါတယ်... အလုပ်တစ်ခုခု လုပ်ချင်တယ် မေမေ... ဒီမှာနေရင် ဘာအလုပ်မှ မလုပ်ရဘူး ပျင်းတယ်... နောက်ပြီး ကိုကိုက သမီးကို ကိုထိန်နဲ့ ခင်မင်တာ အရမ်းစိတ်ပူနေတော့... ရန်ကုန်ပဲ ပြန်မယ်..."

ဖေဖေနဲ့မေမေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြပါပြီ။ ဒီအချိန်မှာ ဒေါ်ဒေါ်က ဈေးခြင်းကြီးနဲ့ ဝင်လာလို့ ဝန်းရံ သွားကူဆွဲပေးလိုက်ပါတယ်။

" နုနု... ခဏလာထိုင်ဦး "

ဒေါ်ဒေါ့်ကိုပါ ဘာလို့ ခေါ်ပါလိမ့်။

ဒေါ်ဒေါ်ကလည်း ကိုကို့အကြောင်း သိမထားဘူးလား။

" နုနုနဲ့ ဝန်းရံကို ဖေဖေ ပြောစရာ ရှိတယ် "

" ဟုတ်ကဲ့... ပြော အစ်ကို "

" တကယ်ဆို နုနုကို ဒီအကြောင်း ဟိုးအစတည်းက

www.burmeseclassic.com



အသိပေးသင့်ပါတယ်… ဒါပေမယ့် ငါတို့လင်မယားကလွဲပြီး ဘယ်သူမှလည်း မသိစေချင်တာနဲ့ မပြောဖြစ်ခဲ့တာပါ သားကို အစ်ကိုတို့ မွေးစားထားခဲ့တာနုနဲ့ ”

“ ရှင်… ”

ဒေါ်ဒေါ်ကတော့ ခုမှ အံ့ဩရတာပါ။ ဝန်းရံမှာဖြင့် တစ်ညလုံးနီးနီး အံ့ဩရလွန်းလို့ အိပ်မပျော်နိုင် ဖြစ်ခဲ့ရတယ်။

“ ဘယ်ကနေ မွေးစားတာလဲ… သူ့မိဘတွေကရော… ဘာလို့ မွေးစားခဲ့တာလဲ… ”

“ ဒါတွေက အရေးမကြီးတော့ပါဘူး… အရေးကြီးတာ ပြောချင်တယ်… သားက သိပ်လိမ္မာတာ နင်လည်းအသိပဲ နုနုရယ်… ဒါကြောင့် သားနဲ့သမီးကို လက်ထပ်ပေးဖို့ ငါတို့လင်မယား စဉ်းစားထားတယ်… ”

“ မောင်နိုင်းနဲ့ ဝန်းရံကို… ”

ဝန်းရံက သိပြီးပြီဆိုတော့ ဒေါ်ဒေါ်လောက် အံ့ဩမနေတော့ပါဘူး…။

“ သားကို ပြောပြီးပြီ… သားက ဖေဖေနဲ့မေမေ စိတ်ချမ်းသာရပါစေမယ်တဲ့… ”

“ ဟင် မောင်နိုင်းက အဲလိုပြောလား ”

“ ဟုတ်တယ်… ဒီတော့… သမီးသဘောကရော… ”

ဝန်းရံကို မေးလာပြီ။ ဘယ်လိုဖြေမလဲ။ ဘယ်လိုဖြေရမလဲ။ ကိုကို့ကို လက်ထပ်ရမတဲ့…။ ဝန်းရံ အိပ်မက်မျှ မမက်ခဲ့ပါ… မဖြစ်နိုင်ပါဘူး။ ကိုကို့ကို သိပ်ချစ်ပါတယ်။ ဒါပေမယ့် သည်သို့တော့ အချစ်ကို မပြောင်းချင်ပါဘူး…။



“ ကို… သမီးက ဒီအကြောင်းကို ခုမှသိရတော့ ရုတ်တရက် ဘယ်ဖြေနိုင်ပါ့မလဲ… သမီး စဉ်းစားပါစေဦး… သားကလည်း ကျေးဇူးရှိတယ်ဆိုတဲ့ ခံစားမှုကြောင့်သာ ဖေတို့သဘောလို့ ပြောပေမယ့် သူလည်း ရုတ်တရက် ဒီအဖြစ်ကို ဘယ်လက်ခံနိုင်ပါဦးမလဲ… သားနဲ့ သမီးကို အေးအေးဆေးဆေး စဉ်းစားပါစေဦးလား… သူတို့ ဖြည်းဖြည်းစဉ်းစားတာ ကောင်းပါတယ် ”

“ ဟုတ်ပါတယ်လေ… ဖေဖေကတော့ သမီးကို တခြားလူ တစ်ယောက်ယောက်နဲ့ မှားယွင်းရွေးချယ်မိမှာ စိုးပြီး ပြောမိတာပါ… သမီးတို့ စဉ်းစားကြပါဦး… ”

“ အစ်ကိုနဲ့ မမေစဉ်းစားတာ မှန်တယ်… မောင်နိုင်းနဲ့ ဝန်းရံကို လက်ထပ်ပေးလိုက်တာဟာ အမှန်ဆုံးပါပဲ… ”

ဒေါ်ဒေါ်ကတော့ ချက်ချင်း အမှန်ဆုံးပဲတဲ့။ လက်ခံကျေနပ်သွားပါရော… ဝန်းရံကတော့ သည်သို့ကို ရုတ်ခြည်း လက်မခံနိုင်သလိုပါပဲ။ ကိုကို့ကို ချစ်ပါတယ်။ ဒါပေမယ့် လက်ထပ်ဖို့ဆိုတာ ဝန်းရံရဲ့ တစ်သက်တာအချစ်လေ… ရင်ထဲမှာ သည်သို့ ချစ်နိုင်မချစ်နိုင် မသေချာပါပဲနဲ့တော့…။

စိတ်ရှုပ်ထွေးစွာ ထွက်လာခဲ့မိပါတယ်… ရည်ရွယ်ချက် မရှိပါလား…။ ကိုကို့ဆီလည်း မသွားချင်။ ကိုကို ကိုယ်တိုင်လည်း ဒီအကြောင်းက စိတ်ကို အများကြီး ထိခိုက်နိုင်တာပဲလေ…။

“ ဘယ်လဲ ဝန်းရံ ”

“ ဩော်… ကိုထိန် ”

ကိုကို့စိတ်မှာ ကိုထိန်နှင့် ဝန်းရံကို ချစ်သွားမှာ စိုးပူလို့လည်း ဖေဖေတို့ ဒီကိစ္စကို ဖွင့်ဟလာကြတာ…။ ဝန်းရံကဖြင့် ကိုထိန့်ကို

www.burmeseclassic.com

www.burmeseclassic.com



သချာ စိုက်ကြည့်နေမိပါပြီ...။

" ဘာကြည့်တာလဲ ဝန်းရံရဲ့..."

" ကိုထိန့်ကိုမေးမလို့ ဖေဖေနဲ့မေမေ ဘယ်သူ့ပိုချစ်လဲ "

" ဘာများလဲလို့ ဝန်းရံရယ်... မေမေ့ကိုပိုချစ်တယ်... မေမေက တစ်ခါမှ မဆူမရိုက်ဘူး... ဖေဖေက နေကောင်းတုန်းကဆို အရမ်းဆူတယ် ရိုက်တယ်..."

" ဟင်... ကိုထိန့်ဖေဖေက ကိုထိန့်ကိုရိုက်တယ် ဟုတ်လား"

ကိုထိန် ပြောပြတော့လည်း သူ့ဘဝလေးက သနားစရာလေး။ ဒီလိုမျိုး မသန်စွမ်းရှာတဲ့ ကလေးတစ်ယောက်ကိုတောင် ရိုက်ရသတဲ့။ ဦးလေးက နေကောင်းတုန်း အရက်လည်း သိပ်သောက်တယ်လို့ ပြောပါတယ်။ အရက်သောက်လွန်းလို့လည်း လေဖြတ်သွားတာတဲ့။

" ဖေဖေလည်း အိပ်ရာထဲလဲရော... ကိုထိန်လည်း အရိုက်ခံရ လွတ်တာပေါ့... ဒါပေမယ့် မေမေ့ကိုတော့ ဆူပူနေတုန်းပါပဲလေ..."

" အရက်သောက်တာ မကောင်းဘူးပဲ... ဝန်းရံတို့ ဖေဖေက တော့ တစ်ခါမှ အရက်မသောက်ပါဘူး "

ကိုထိန်နှင့် ခင်မင်တာကို ကိုကိုက အထင်လွဲပါတယ်ဆိုမှ ဝန်းရံကလည်း ကိုထိန်နှင့် စကားပြောရတာ အရမ်းအဆင်ပြေပါတယ်လေ...။ ကိုထိန့်ကို ဘယ်လိုပဲ ကြည့်ကြည့် ဝန်းရံစိတ်မှာ ချစ်တယ်လို့ မခံစားမိပါဘူး။ ခင်မင်တဲ့ သူငယ်ချင်း တစ်ယောက်လိုပါပဲ...။ ကိုကိုက စိတ်ပူလို့ပါ။ ဝန်းရံက နှလုံးသားမှ လက်ခံမရသော သူကို ဘယ်တော့မှ ဘဝခရီးဖော်အဖြစ် မရွေးချယ်ပါဘူး။

✡ ✡ ✡

" ဆရာနှိုင်း နေမကောင်းဘူးလား..."

နှိုင်းဆ သိပ်ကို အမူအယာ ပျက်နေပြီလား...။ ဒါကြောင့်မို့ နေကောင်းပါတယ်လို့ပဲ ဖြေလိုက်ပါတယ်။ ဒါတောင်မှ ညီမချောနဲ့ရော စိတ်ကောက်ပြေသွားပြီလားတဲ့။ ဝန်းရံကို ဖေဖေတို့ အသိပေးပြီးရင်တော့ ဘယ်သို့ ဖြစ်လေဦးမယ် မသိနိုင်...။

" ပြန်မယ် အန်တီမိုး... ပြန်ပြီ လင်းဇေ "

လင်းဇေကိုတောင်မှ သေချာစကားမပြောနိုင်။ လင်းဇေစိတ်မှာ ဝန်းရံကို သဘောကျနေပြီလား... ဖေဖေတို့ သဘောထားကို သိရင် အားနာစရာကောင်းလေမလား။ ဒီအကြောင်းကိုရော ဘယ်နေ့လောက် အထိ ဖုံးကွယ်ထားနိုင်မှာတဲ့လဲ။

ဆိုင်ကယ်ကို မှန်မှန်လေး စီးလာခဲ့တယ်။

ဝန်းရံသိပြီလားဆိုတဲ့ ခံစားချက်က စိုးမိုးလွန်းပါရဲ့။ အိမ်ပြန်ရောက်တော့... ဖေဖေတို့ မေမေတို့လည်းမတွေ့ ဝန်းရံလည်း မတွေ့ ဒေါ်ဒေါ်တစ်ယောက်တည်း ဟင်းချက်နေပါလား...

" မောင်နှိုင်းပြန်လာပြီလား..."

" ဖေဖေတို့ရော ဒေါ်ဒေါ်..."

" မင်းအဖေက အပြင်ထွက်ချင်တယ်ဆို မင်းအမေက တွန်းပေးရင်း ခြံထဲသွားကြတာပါ..."

www.burmeseclassic.com

www.burmeseclassic.com



" ဝန်းရံရော…"

" ဝန်းရံလား… မနက်က…"

ဒေါ်ဒေါ်က စကားမဆက်သေးပဲ နှင်းဆီကို ဖျတ်ခနဲ လှမ်းကြည့်ပါတယ်။ စိတ်မှာ သဘောပေါက်လိုက်သလိုပါပဲလေ။ နှင်းဆီ အကြောင်း ဒေါ်ဒေါ်နှင့် ဝန်းရံတို့ကို အသိပေးလိုက်ပြီ ထင်ပါရဲ့…။

" အဲဒါ အပေါ်ထပ်ကကို ဆင်းမလာတော့ဘူး ငိုနေမလားပဲ"

ဒီလိုကြားရတော့လည်း နှင်းဆီ စိတ်မကောင်းပါဘူး…။ ဝန်းရံကို သိပ်ချစ်ခဲ့တာပါ… ဝန်းရံမျက်နှာ မညှိုးရအောင် အလိုလိုက်ခဲ့တယ်။ အခုလိုသိတာနဲ့… လျစ်လျူရှု မနေရက်ပါဘူး။ ဒါကြောင့် အိမ်ပေါ်ထပ်ကို တက်ခဲ့တယ်။ ဝန်းရံအခန်းမှာ မီးလည်း မဖွင့်ပါလား။ မီးဖွင့်လိုက်တဲ့အခါ အခန်းထဲမှာ မရှိပြန်။

ဒါကြောင့် ဝရန်တာကို ထွက်ကြည့်မိတယ်။ ဝရန်တာမှာ ထိုင်နေတာပါလား။ ဒါကြောင့် ဝန်းရံဘေးမှာ ဝင်ထိုင်လိုက်တယ်။

" ဝန်းရံ… ဝရန်တာက လေတိုက်လို့အေးတယ်… ထိုင်မနေနဲ့လေ… ကိုကို့ဆိုင်ကယ်သံ ကြားတာတောင် ဆင်းမကြိုဘူးကွာ… နေနိုင်တယ်…"

နှင်းဆီ ပြောနေပေမယ့် ဝန်းရံကတော့ ကျောက်ရုပ်ကလေး တစ်ရုပ်လို လှုပ်လည်း မလှုပ်ရှား။ စကားလည်း မပြော။

" ဝန်းရံ…"

ငိုနေသလားလို့ သေချာကြည့်တော့လည်း ခေါင်းငုံ့ထားတာ မမြင်ရပါဘူး…။ ငိုနေပုံတော့ မရပါဘူးလေ။

" ဝန်းရံက ဖေဖေပြောလိုက်တာနဲ့ ကိုကို့ကို အရင်လို



မချစ်တော့ဘူးပေါ့ ဟုတ်လား…"

နှင်းဆီစိတ်မှာ ရုတ်တရက် အံ့ဩတုန်လှုပ်သွားပေမယ့် ခုချိန်မှာတော့ စိတ်ကို အဆင့်သင့် ပြင်ဆင်ခဲ့ပြီးပြီပဲ။ မိဘကတောင် မလိုချင်တဲ့ ဘာမျှော်လင့်ချက်မှ မရှိတဲ့ မွေးရာပါမျက်မမြင်လေးလို့ ထင်ခဲ့တာတောင် ဖေဖေနဲ့မေမေက သနားလို့ ချစ်ခင်စိတ်နဲ့ မွေးခဲ့တာ။ သူတို့ ဂရုစိုက် ကုသပေးလို့ နှင်းဆီမျက်စိမြင်ခဲ့တာ… ဘဝမှာ ထွန်းပေါက်အောင်မြင်ခဲ့ရတာ…။ ဝန်းရံကိုလည်း ချစ်ခဲ့တာပဲ… ဘဝ တစ်သက်လုံး စောင့်ရှောက်ရမယ်ဆိုတော့လည်း ချစ်ခင်ကြင်နာစွာ စောင့်ရှောက်ရမှာပေါ့…။

" ဖြေလေ ဝန်းရံရဲ့…"

မေးဖျားလေးကနေ ငုံ့နေတဲ့ မျက်နှာကို ဆွဲမော့ကြည့်တဲ့အခါ မှာတော့…။

နှင်းဆီ မထင်မှတ်ခဲ့ပါဘူး။

သိပ်ချစ်ခဲ့ပါလျှက်။

နှင်းဆီလက်ကို ဆွဲဖယ်ပစ်လိုက်တယ်။

ရင်ထဲကျဉ်သွားသလို ခံစားရပါလား။ ဝန်းရံစိတ်မှာ ချစ်ခင်မှုတွေ မရှိတော့ဘူးပေါ့။ ပြီးတော့ အပြုံးတစ်စမရှိသလို မျက်ဝန်းတွေက နှင်းဆီအပေါ် စိမ်းလိုက်တာ။ ပြီးတော့ ချက်ချင်းဆိုသလို အနားမှ ပြေးထွက်သွားပါပြီ။ ဝန်းရံရဲ့ အခန်းတံခါးပိတ်လိုက်တဲ့ အသံဟာ နှင်းဆီစိတ်ကို ပင်ပန်းလွန်းစေပါလား။

ဖေဖေတို့ သဘောကို မနှစ်သက်ဘူး ထင်ပါရဲ့…

ဒါဆိုရင်တော့ လူကြီးတွေ စိတ်မကောင်းဖြစ်ရှာပဲပေါ့။ ဒါပေမယ့် ဖေဖေတို့ကလည်း ဝန်းရံကို သိပ်ချစ် သိပ်အလိုလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့... ဝန်းရံ့ သဘောအတိုင်း ရှိစေမှာပါပဲ။

" ဆိုင်ကယ်တွေ့လို့ သားပြန်ရောက်နေတာကို သိရတာ... ရေချိုးပြီးရင် ထမင်းစားကြမယ်..."

" သားဖျားချင်သလိုမို့ ခြေလက်ပဲ ဆေးလိုက်တယ် မေမေ... ဆေးသောက်လိုက်ပါမယ် "

" ဆန်ပြုတ်စားမလား မောင်နှိုင်း "

" ထမင်းပဲ စားပါမယ် ဒေါ်ဒေါ်..."

ထမင်းဝိုင်းကိုကော ဝန်းရံ့ဆင်းလာပါ့မလား။ ဖေဖေနဲ့မေမေ့ မျက်နှာကြည့်ရတာကတော့ ပုံမှန်ပါပဲလေ...။ နှိုင်းဆမှာသာ သက်ပြင်းမောတွေ အခါခါရှိုက်ရပါရဲ့။

✡ ✡ ✡

၆

ကိုကို့အပေါ် ဘာလို့များ ဝန်းရံ့ ဒီမျှ စိမ်းကားစွာ ခံစားရပါလိမ့်။ မချစ်တော့လို့လား။ ဒီလိုတော့ မဟုတ်နိုင်ပါဘူး။ ကိုကို့ကို ဝန်းရံ့ သိပ်ချစ်ခဲ့တာပါ...။ လက်ထပ်ရမယ်ဆိုတာကိုသာ ဝန်းရံ့ လက်မခံနိုင်တာ။ ဝန်းရံ့နှလုံးသားက ချစ်မှ လက်ထပ်ချင်တယ်။ ထမင်းစားဖို့ ဒေါ်ဒေါ် အော်ခေါ်နေတော့ ဆင်းလာခဲ့တယ်လေ။

ဝန်းရံ့ ပြောချင်တဲ့ စကားတွေက ဝန်းရံ့ရင်ထဲမှာ အဆင့်သင့် ရှိနေတာပါပဲ...။

" သမီးလေးက စိတ်ကောက်နေတာလား "

" မကောက်ပါဘူး ဖေဖေရဲ့..."

" ဒါဆိုရင် ဖေဖေတို့ ပြောထားတာကို သမီး ဘယ်လို သဘောရတယ် ပြောပါဦး..."

" ဝန်းရံ့... မေမေ ရန်ကုန်ပြန်ရင် ပြန်လိုက်သွားတော့မယ်..."

ထမင်းဝိုင်းက တိတ်ဆိတ်ငြိမ်သက်မှု ပိုနေပါပြီ...။

ဝန်းရံ့အဖြေဟာ ဖေဖေတို့ကို သွယ်ဝိုက်စွာ အသိပေးလိုက်သလိုပဲ မဟုတ်လား။

" ကိုကို့ကို သမီး တစ်သက်လုံး ချစ်လာခဲ့တာပဲဟာ "

" အဲဒါက အစ်ကိုမို့ ချစ်တာပဲ "

" အခုကရော..."

www.burmeseclassic.com

www.burmeseclassic.com



" အဲလိုမျိုး ပြောင်းလဲခံစားလို့ မရသလိုပါပဲ… ဒါကြောင့် မေမေနဲ့ပဲ ပြန်လိုက်သွားမယ်…"

" အင်းလေ… ဖေဖေနဲ့မေမေက ကောင်းမယ်သေချာလို့ စီစဉ်တာ ဝန်းရံက လက်မခံချင်ဘူးဆိုတော့လည်း သမီးစိတ်ချမ်းသာ သလိုပေါ့ "

" အစ်ကိုနဲ့မမေ… တစ်ချိန်က တခြားကိစ္စတွေ အလိုလိုက် သင့်သမျှ လိုက်ခဲ့ပြီး… ခုကိစ္စက တစ်ဘဝလုံး အရေး အကောင်းဆုံး ဆုံးဖြတ်ချက်ကို ဝန်းရံလိုက်နာရမယ်… ဘာလို့ သူ့စိတ်အတိုင်း အလျှော့ပေးရမလဲ "

ဒေါ်ဒေါ်ကတော့ ထုံးစံအတိုင်း အမြဲတမ်း ခပ်မာမာ ပြောနေကျပဲလေ။ ဖေဖေနှင့်မေမေက ဝန်းရံကို ဘယ်တုန်းကများ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံခဲ့လို့လဲ…။

" ကို… ဒီကိစ္စက ကိုနဲ့မေ ဟိုတုန်းတည်းက စီစဉ်ခဲ့တာ လေ… သားကို တခြားလူနဲ့ အိမ်ထောင်မကျစေချင်သလို ဝန်းရံကို လည်း တခြားလူနဲ့ မဖြစ်စေချင်ဘူး… ဝန်းရံ… ဖေဖေနဲ့မေမေက သမီးကို အမြဲ အလိုလိုက် ပျော်ရွှင်စေခဲ့သလို ခုတစ်ခါတော့ ဖေဖေနဲ့မေမေ့ကို မပျော်ရွှင်စေချင်ဘူးလား…"

ဖေဖေနဲ့မေမေ့ကို ပျော်ရွှင်စေချင်တဲ့စိတ် ဝန်းရံမှာရှိပါတယ်။ ဒါပေမယ့် ဒီကိစ္စက တစ်ဘဝလုံး အရေးလေ…။

" မေ… သမီးကို အတင်းအကျပ် မပြောပါနဲ့… သမီးစဉ်းစား ပေါ့… မေမေနဲ့ ပြန်လိုက်သွားချင်တယ်ဆိုလည်း… လိုက်သွားပါ… ဖေဖေကတော့ သားနဲ့ပဲ နေခဲ့မှာနော်… ပြန်လိုက်လာမှာ မဟုတ်ဘူး…"

" ဝန်းရံက မေမေနဲ့ ပြန်လိုက်မယ်ဆိုရင် ဖေဖေနဲ့ ဒေါ်ဒေါ်



လည်း လိုက်သွားပါ… သား နေလို့ရပါတယ်…"

" ဟင့်အင်း… ဖေဖေမလိုက်ပါဘူး… နေခဲ့မယ် "

ဝန်းရံစိတ်မှာ မေမေနှင့်လိုက်သွားမည်လို့ တွေးပြီးပါလျက် ဖေဖေက နေခဲ့မယ်ဆိုတော့လည်း… ခွဲနေရတော့မှာလား။ မေမေက တော့ ဖေဖေ့စကားကြောင့် ဘာမှထပ်မပြောတော့ပေမယ့်… မျက်နှာက တော့ ညိုနေပါတယ်။

" ကို… မေက သန်ဘက်ခါလောက် ပြန်တော့မှာ…"

" ပြန်ရမှာပေါ့… ဝန်းရံလိုက်မယ်ဆို ခေါ်သွားလိုက်…"

ဖေဖေက ဒါပဲပြောပြီး သူ့ကုလားထိုင်ကို သူ့ဘာသာ တွန်းရွှေ့ပြီး ထွက်သွားပါတယ်။ မေမေကလည်း လိုက်သွားပြီ။ ဝန်းရံ ထမင်းစားလို့ မဝင်တော့ဘူး။ ဖေဖေနှင့်မေမေ သည်သို့ စိတ်ထိခိုက်သွားတာကို ဝန်းရံမှ မမြင်ဖူးပဲ… ဒေါ်ဒေါ်ကတော့ သားသမီးတွေများ မိဘကပဲ အလိုလိုက်နေရတယ်… ငါ့မိဘကို စိတ်ချမ်းသာအောင်ဆိုတဲ့ အတွေးများ မရှိကြဘူးလို့ ဝန်းရံကို ပြောနေတာ သိပါတယ်။

ကိုကိုကလည်း ထမင်းပွဲကနေ အိမ်ပြင်ထွက်သွားပါရော လား…။ ဝန်းရံမှာသာ ကြေကွဲစိတ်နဲ့ ဝရန်တာလေးဆီ ပြန်လာခဲ့ရ တယ်…။

ခုတစ်ခါတောင် ဖေဖေနဲ့မေမေ့ကို မပျော်ရွှင်စေချင်ဘူး လား…။

ကိုကိုကတော့ ဖေဖေနဲ့မေမေ စိတ်ချမ်းသာရပါစေမယ်လို့ ပြောသတဲ့…။

ဟိုးအရှေ့ မီးတိုင်လေးအောက်မှာ ကိုကို လမ်းလျှောက်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ပါလား။ လက်နှစ်ဘက်ကိုနောက်ပစ်ပြီး ခေါင်းငိုက်စိုက်ချလို့ တစ်လှမ်းချင်း ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း ဘာတွေတွေးနေမလဲ။ အရင်ကသာ အဲလိုတွေ့ ကြည့်ပါလား။ အပြေးသွားပြီး ကိုကို့ လက်မောင်းကို ချိတ်လို့ အတူ စကားတွေ ပြောမိမှာ။

အခုတော့...။

ဖြစ်ချင်ရာ ဖြစ်စေ...။

မေမေနှင့် ပြန်လိုက်သွားပြီးမှ ဝန်းရံစိတ်ကို ဝန်းရံသေချာ ပြန်ကြည့်ရတော့မှာပါပဲလေ။

✡ ✡ ✡

" ဝန်းရံက ဘာလို့ အမေနဲ့ ပြန်လိုက်သွားမှာလဲ ဆရာနိုင်... အဖေက ဒီမှာကျန်ခဲ့တယ် မဟုတ်လား..."

အန်တီမိုးကတော့ မေးပါပြီ။ ဘယ်လိုဖြေရမှန်း ရုတ်တရက် တွေးမရတာမို့။ ကိုထိန်နှင့် ခင်မင်နေတာ... မခင်ရဘူးလို့ နိုင်းဆပြောတာ စိတ်ကောက်ပြီး ပြန်လိုက်သွားတာလို့ပဲ လွယ်လွယ်ပြောလိုက်ပါတယ်...။

" ပြန်တာလည်းကောင်းပါတယ်... ထိန်လင်းနိုင်လို ကောင်လေးနဲ့တော့ ဘယ်လိုမှ သဘောကျစရာ မကောင်းပါဘူး... ဝန်းရံ ခေါင်းမာပုံရတယ် "

အန်တီမိုးကပင် ဒီလိုပြောပါတယ်။ ဝန်းရံခေါင်းမာတာတော့ မပြောနှင့်။ ဖေဖေနှင့်မေမေ ဝန်းရံအလိုကိုသာ လိုက် လိုက်တာပါ...။ မျက်နှာလေးတွေပျက်လို့။ ဒါကို ဝန်းရံမသိပဲ နေမလား။ မသိချင်ယောင်ဆောင်နေတာပဲ နေမှာပါ...။

" ဆရာလင်းကရော ဝန်းရံကို သဘောမကျဘူးလား..."

" ကျွန်တော်လား... ဝန်းရံက ခင်မင်စရာတော့ ကောင်းပါတယ်... ရိုးသားပွင့်လင်းတယ်... ချစ်သူတစ်ယောက်လိုတော့ မခံစားမိသလိုပါပဲ.."

လင်းဇေ ဒီလိုပြောတာကို ဘာလို့များ တော်ပါသေးရဲ့လို့

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်း ရှိုက်မိသွားတယ် မသိ။

အန်တီမိုးတို့ကို ဝန်းရံနှင့်အကြောင်းဖွင့်ပြောရမှာ… မျက်နှာပူနေသလို ဖြစ်နေလို့ ထင်ပါရဲ့။

" ပြန်မှပါ လင်းဖေရယ်… တော်ကြာ နောက်ကျရင် ဘူတာ ထွက်သွားဦးမယ် ဝန်းရံကမလွယ်ပါဘူး… မေမေက ပြန်ခေါ် မသွားချင်ပါဘူး… သူက ဖေဖေ့ကိုတောင် ပြန်လိုက်ဖို့ ခေါ်တယ်… ဖေဖေက မလိုက်ဘူး…"

ဘူတာပို့ပေးမယ်ဆို ပြောခဲ့တော့ အမြန်ပြန်ခဲ့ရတယ်…။ ဝန်းရံ ပြန်လိုက်သွားတော့မယ်တဲ့… ခုရက်ကလေးတောင် နှိုင်းဆနှင့် စကားမပြောရအောင် အခန်းထဲ တစ်ချိန်လုံး ဝင်နေခဲ့တာ…။

" သား… ပြန်လာပြီလား…"

မေမေကတော့ ဖေဖေနှင့် စကားပြောနေပြီး ပစ္စည်းတွေ အဆင့်သင့် ဖြစ်နေပါပြီ။ ဝန်းရံကိုတော့ အရိပ်အယောင်တောင် မတွေ့ရသေး…။

" မေမေ သွားတော့မလား…"

" သားပြန်လာရင် သွားမယ်လေ…"

" ဝန်းရံကော…"

" အပေါ်ထပ်မှာ…"

ဒေါ်ဒေါ်က ဝန်းရံကို အော်ခေါ်နေပါပြီ…။ နှိုင်းဆနှင့် စကားပြောခွင့်ကို မရအောင် စိမ်းနေခဲ့တဲ့ ဝန်းရံ…။

ခုလိုကျတော့လည်း ဖေဖေ့ကို ထိုင်ကန်တော့ပါတယ်… ဒေါ်ဒေါ့်ကို ကန်တော့ပြီးတော့… နှိုင်းဆကိုပါ ကန်တော့တယ်လေ…။ ရင်ထဲ စိတ်ထိခိုက်တာ ပြောမရအောင်ပါပဲ…။ နှိုင်းဆကို အရင်က



ချစ်တာ အစ်ကိုမို့တဲ့လား… အခု အစ်ကိုမဟုတ်လို့ မချစ်တော့ဘူးလို့ ဆိုလိုတဲ့သဘောပေါ့လေ…။

ဘူတာရောက်တော့ အချိန်ကစောနေလို့ ရထားကို ခုံတန်းလေးမှာ ထိုင်စောင့်ရတယ်…။

" မေမေ ဂျာနယ်ဖတ်ချင်လို့ သွားဝယ်ဦးမယ်…"

မေမေ စာအုပ်ဆိုင်လေးဆီ ထွက်သွားတော့ ဝန်းရံကို နှိုင်းဆ ပြောလိုက်ပါတယ်။

" ကိုကို့စိတ်မှာတော့ ဝန်းရံကို ဟိုးအရင်ကလို ချစ်မြဲပါပဲ… ဝန်းရံကသာ အစ်ကိုမဟုတ်လို့ဆိုတဲ့ အတွေးထားတာပါ… ကိုကို့စိတ်မှာ ဝန်းရံကို အခုလည်း အရင်ကလိုချစ်တယ်… နောက်လည်း အရင်ကလို ချစ်နေမှာပါ… ဘယ်တော့မှ မပြောင်းလဲပါဘူး…"

စကားတစ်ခွန်းမှ မဆို…။

မချစ်တော့ဘူးလို့ ပြောရမှာ… ဝန်းရံစိတ်မှာ အားနာ[illegible]နေသလား…။

" အိမ်မှာ မေမေနဲ့နေရင် မေမေ့ကို ညာနော်… ဒေါ်ဒေါ် လည်းမရှိတော့ စားရေးသောက်ရေး အဆင်ပြေပါ့မလား…"

" ရပါတယ်…"

" ဖေဖေနဲ့ ဒေါ်ဒေါ့်ကို ဖျောင်းဖျပြီးတော့ ပြန်လာအောင် တိုက်တွန်းပြီး ပြန်လွှတ်လိုက်ပါမယ်… ကိုကိုက တစ်ယောက်တည်းလည်း နေလို့ရမှာပါ…"

မေမေကတော့ နှိုင်းဆကို ဟိုးအရင်ကလို လက်[illegible]လေး ကိုင်ပြီး စကားတွေ ပြောတာပါပဲ။ ဖေဖေနှင့် မေမေဟာ [illegible]နိုင်းဆကို မွေးစားခဲ့ကတည်းက ခုထိ တစ်သမတ်ချစ်ခဲ့တာကို ယုံကြည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရထားဝင်လာနေပြီ။ နှိုင်းဆဲရင်ထဲတော့ စိတ်ထိခိုက်နေခြင်းတွေ ရှိနေပါလား...။

" ဖေဖေ့ကို စိတ်ချပါ မေမေ... သား ဂရုစိုက်ပါမယ်... ဝန်းရံ... မေမေ့ကို ဂရုစိုက်နော် ညီမလေး "

" ဟုတ်ကဲ့..."

ဝန်းရံရယ်... နောက်ကို တစ်ချက်ငဲ့ကြည့်မသွားဘူး... နေနိုင်လွန်းပါလား။ အစ်ကိုမှ မဟုတ်တော့တာဆိုတော့ အတွေးကို ဝန်းရံ ချက်ချင်းတွေးပစ်လိုက်တယ်နော်... အများကြီးချစ်ခဲ့ပါလျက်... ချက်ချင်း သံယောဇဉ် ဖြတ်နိုင်လွန်းပါလားကွယ်။

✡ ✡ ✡

မေမေနှင့် ပြန်လိုက်လာခဲ့မိပြီ။

ခုမှတော့ ပြန်လှည့်လို့ မရတော့။ ကိုကို့ကို ငဲ့မကြည့်မိအောင် စိတ်ကို တင်းထားတဲ့ကြားက မျက်ဝန်းအနှံ့ ပြည့်လျှံလာတဲ့ မျက်ဝန်းတွေကို ထိန်းမရနိုင်။ ဒါကြောင့်မို့ မျက်နှာပေါ် လက်ကိုင်ပဝါအုပ်ပြီး အိပ်မလို့ဆို ငြိမ်နေမိပါတယ်။

" ဝန်းရံ... လိုက်ချင်တော့လည်း သမီးဘာသာပဲနော်... အခု ငိုနေပြီ မဟုတ်လား "

" ဖေဖေ့ကို လွမ်းတယ် "

" ဒါဆိုနေခဲ့ပေါ့... ဘာလို့လိုက်လာလဲ..."

" ဝန်းရံ အလုပ်လုပ်ချင်တယ်လေ "

" မေမေ့သဘောကတော့ ဝန်းရံ အလုပ်မလုပ်စေချင်ပါဘူး... ဝန်းရံသာ လိမ်လိမ်မာမာ မိဘကို စိတ်ချမ်းသာစေချင်ရင် သားနဲ့ လက်ထပ်ပြီး ခုလို ဖေဖေနဲ့ မေမေ့ကို ပြုစု... အိမ်ထောင်လေး သာယာအောင် ဂရုစိုက်မယ်ဆိုရင်... မေမေတို့ စိတ်အေးရမယ် "

" ကိုကို့ကို လက်မထပ်ချင်ပါဘူး မေမေ "

" ကောင်းပြီလေ... ဒါဆိုလည်း စဉ်းစားရတော့မယ်... သားကိုတော့ တခြားသူစိမ်း မိန်းကလေးနဲ့ သဘောမတူနိုင်ဘူး... ဝန်းရံကမှ လက်မထပ်ဘူးဆို ကေရီနဲ့ ဖြစ်ဖြစ် စပ်သင့် စပ်ပေးရ

www.burmeseclassic.com

www.burmeseclassic.com



တော့မှာ ”

“ ကေရီနဲ့…”

ကေရီဆိုတာ ဝန်းရံတို့ ညီမဝမ်းကွဲပါပဲ။ ဝန်းရံထက်တော့ တစ်နှစ်လောက် အသက်ကြီးတယ်… ဘွဲ့ရပြီး ဒီဇိုင်နာ လုပ်နေတာ ဝင်ငွေလည်း ကောင်းပါတယ်… ပြီးတော့ လှလည်း လှပါတယ်လေ။

“ ကေရီက မဆိုးပါဘူး… မမသိန်းကလည်း သားလိုလူဆို သဘောကျမှာပါ… သားစိတ်သဘောကောင်းတာ သိနေကြတာပဲ”

“ ဟင့်အင်း… ကိုကို့ကို ကေရီနဲ့ ဝန်းရံ သဘောမတူပါဘူး… အန်တီသိန်းက လောဘများပါတယ်… တော်ကြာ ကိုကို့ကို နိုင်ငံခြားပို့လိုက်ရင် ဘယ်လိုလုပ်မလဲ ”

“ သူ့သားမက်ဖြစ်သွားရင် သူ့ဘာသာ ဘယ်ပို့ပို့ပေါ့…”

“ မကောင်းပါဘူး မေမေရယ် ”

“ ကောင်းတယ်… ဒီမှာသမီး… သမီးလက်ထပ်မယ်ဆို လက်ထပ်… မဟုတ်ဘူးဆို မေမေစီစဉ်တာ ဝင်မပါပါနဲ့…”

မေမေ ဘာလို့ ဒီမျှ တင်းမာသွားရတာပါလိမ့်။ ကိုကိုကလည်း အိမ်ထောင်ပြုမယ်လို့ တစ်ခါမှ မပြောပါဘဲ… ဘာလို့ ကိုကို့ကို အိမ်ထောင်ပြုစေချင်နေပါလိမ့်။

“ ကိုကို ဘယ်သူနဲ့မှ မယူပဲ ခုလိုနေတာ ပိုကောင်းပါတယ် မေမေရယ်…”

“ မေမေ အိပ်တော့မယ် ”

မေမေတော့ ရက်စက်ပြီ။ ဝန်းရံနှင့် စကားမပြောချင်တော့ဘူး ဆိုပြီး စကားဖြတ်တာ။ တကယ် အိပ်တာလည်း ဟုတ်မယ် မထင်ပါဘူး… မေမေနဲ့လည်း စကားမပြောရတော့ ဝန်းရံတစ်ယောက်



တည်း မျက်ဝန်းတွေ မှိတ်လို့ အတွေးတွေ များရပြီပေါ့…။

ခုချိန်ဆို အိမ်မှာ… ဖေဖေ ကိုကိုနဲ့ ဒေါ်ဒေါ်တော့ ဘာတွေ ပြောနေမလဲ…။ ကိုကိုက ဖေဖေ့ကိုတော့ ဂရုစိုက်မှာပါလေ…။

ဟိုးအရင်ကလို ချစ်မြဲပါပဲတဲ့လား…။ နောက်လည်း ဟိုအရင် ကလို ချစ်နေမှာပဲတဲ့လား။ ဝန်းရံကတော့ ကိုကိုနှင့် လက်ထပ်ရမည် ဆိုတာနဲ့ စိမ်းသွားမိပါတယ်။ ကိုကို့ကို လွမ်းလွန်းလို့လည်း ဖေဖေနှင့် မရရအောင် သွားခဲ့ကြပါလျှက်…။ အခုရော မလွမ်းတော့ဘူးလား။

ရထားပေါ်က ခုန်ချပြီး ပြန်ပြေးသွားချင်မိပါတယ်… ဒါပေမယ့် မကြည်လင်သော ခံစားချက်တစ်ခုနဲ့ အတူ… မရရအောင် ပေးကွာဖို့ကိုသာ ဝန်းရံရွေးခဲ့တာပဲ မဟုတ်လား။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

" ဒီရက်ပိုင်း အရမ်းအေးတယ်... မေမေ့ကို ရန်ကုန်ပြန်ပို့မလားလို့... ဒီပိတ်ရက်လေးမှာ လင်းဖေ့ကိုပဲ ထားခဲ့ရတော့မှာပဲ... ချက်ချင်းပြန်လာပါမယ် "

" အေးတာတော့ တကယ်အေးလာပြီ... ဒါနဲ့နေပါဦး ဆရာနှိုင်း... ချစ်ညီမကောက်တေးကရော ဖုန်းမဆက်ဘူးလား "

အန်တီမိုး အမေးကြောင့် နှိုင်းဆပြုံးရပါတယ်... မေမေ့ဆီကို နှိုင်းဆ မရှိချိန်မှသာ ဖုန်းဆက်လေ့ရှိပြီး နှိုင်းဆရှိနေလည်း စကားမပြောတော့ပါဘူး...။ ဝန်းရံ့အသံသည်း မာလိုက်တာလို့သာ နှိုင်းဆ စိတ်မကောင်းဖြစ်ရတာပါ...။

" ဝန်းရံ အလုပ်လုပ်နေပြီလား "

" မလုပ်ပါဘူး... မေမေ့ကို ထမင်းချက်ကျွေးနေတယ် ပြောတာပဲ... အားတဲ့အချိန်တော့ ညီမဝမ်းကွဲတွေဆီ လည်မှာပေါ့... သူက ကျွန်တော့်ကို စိတ်ဆိုးသွားတာပဲဟာ..."

" အစ်ကိုဆိုတာကတော့ ဒီလောက် ဆူတာပြောတာ ရှိမှာပေါ့... တချို့ အစ်ကိုတွေများဆို ညီမကို လက်သီးနဲ့တောင် ထိုးကြသေးတာ..."

လင်းဖေကတော့ ဒီပိတ်ရက်မှာ သူဘယ်မှမသွားပဲ ဂျူတီဝင်ပေးမယ်... ကိုနှိုင်းအဖေကို ပြန်ပို့ချင်ပို့ပါလားလို့ပဲ ပြောပါတယ်...။



ဖေဖေနှင့် တိုင်ပင်ရမယ်လေ...။ ဖေဖေနေမကောင်း ဖြစ်မှာလည်း စိုးတယ်... ရန်ကုန်မှာက အအေးပေါ့တယ် ဒီမှာက အေးလွန်းတော့ မကောင်းပါဘူး...။

" ဝန်းရံနဲ့ ဝေးမှပဲ..."

ရင်ထဲပဲ သိမ်းထားမှပါ...။

ဘာလို့များ သည်သို့ လွှတ်ခနဲ ပြောမိပါလိမ့်။

ဝန်းရံနှင့်ဝေးမှ ဘယ်လောက်အတိုင်းအတာအထိ သတိရနေတယ်ဆိုတာ နှိုင်းဆကိုယ် နှိုင်းဆ အသိဆုံးပါပဲ...။ ဖေဖေတို့က လက်ထပ်စေချင်သိတဲ့။ နှိုင်းဆကတော့ ဝန်းရံကို ချစ်လက်စနဲ့... လက်ထပ်ရလို့ကလည်း ချစ်မှာပါပဲ...။

" ဆရာနှိုင်းတို့ မောင်နှမ သိပ်ချစ်ကြတယ်နော် "

မောင်နှမတဲ့...။

နှိုင်းဆ ပြုံးရပါပြီ။ ရုတ်တရက် ဘယ်သို့ ဖွင့်ပြောရမယ် မသိ...။

" ကိုနှိုင်း... ဝါ့ဒ်ထဲ ခဏလျှောက်ကြည့်ရအောင်..."

လင်းဖေနှင့် လျှောက်လာခဲ့ကြတယ်။ ဆေးရုံရှေ့ လမ်းကလေးမှနေ စက်ဘီးတစ်စီးနဲ့ ဝင်လာတတ်တဲ့ ကောင်မလေးက အခုတော့လည်း နာကျင်ခြင်းတွေနဲ့ အဝေးကို ပြေးထွက်သွားခဲ့ပြီလား။

" ဝန်းရံ မပြန်ခင် တစ်ရက်က ကျွန်တော်တို့ အကြော်သွားစားကြသေးတယ်... ဝန်းရံက ကျွန်တော့်ကို ပြောပြပါတယ်... ကိုနှိုင်းနဲ့ သူ့အကြောင်းလေ..."

" ဟင်..."

လင်းဖေသိနေလိမ့်မယ်လို့ကို နှိုင်းဆ မထင်။

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်က ဝန်းရံအပေါ် ခင်ခင်မင်မင် နေမိတယ်... ပြီးတော့ လွတ်လပ်နေတဲ့ အပျို လူပျိုပဲ ဆိုပြီး တချို့စကားလေးတွေနဲ့ နောက်ပြောင် ကျီစယ်မိတာလေးတွေ ရှိတာပေါ့... ဥပမာ ကိုနိုင်းကို ဂရုစိုက်ပါလို့ သူကပြောရင် ကိုယ့်ယောက်ဖပဲ ဂရုစိုက်မှာပါ... မမှာလည်း ဂရုစိုက်မယ် စသဖြင့်ပေါ့... အဲလို နောက်တဲ့အခါမှာ ဝန်းရံက သူ့ကို ကျွန်တော် တကယ်ချစ်သွားမှာ... ချစ်တယ်လို့ ဖွင့်ပြောလာမှာကို စိုးတယ် ထင်ပါရဲ့... ကျွန်တော်ကလည်း သူ့ကို ခင်မင်တော့ စကားကို ရဲတင်းစွာ ပြောမိတယ်..."

" အဲဒါပဲ လင်းဇေ... ဖေဖေနဲ့ မေမေကတော့ သူတို့စကား နားမထောင်တော့ စိတ်ဆိုးမကောင်းပေမယ့် တစ်သက်လုံး အလိုလိုက် လာတဲ့ သမီးလေး... မပြောရက်ဘူးပေါ့... ကိုယ့်ကိုလည်း စကား တောင် ကောင်းကောင်း မပြောတော့ပဲ ပြန်သွားတာ... ကိုယ်ကသာ စိတ်မကောင်းတာ... သူကတော့ အသည်းမာမာပါပဲ..."

လင်းဇေကတော့ ရုတ်တရက်မို့ စိတ်ရဲ့ အပြောင်းအလဲကို မခံနိုင်တာ နေမှာပါ... သွေးပူနေတုန်းမို့ပါ... သွေးအေးရင် နှိုင်းဆကို ချစ်တဲ့အချစ်က ငါးရာနှစ်ဆယ့်ရှစ်အဖြစ် ရင်မှာ အမြစ်တွယ်ခဲ့ပြီး သားဆိုတော့ အဲဒီ ခိုင်မြဲတဲ့ အမြစ်ကနေ အချစ်သစ်ပင်လေး ပေါက်လာဖို့ အချိန် အတိုင်းအတာ တစ်ခုပဲ လိုမှာပါတဲ့လေ...။

" ဝန်းရံကို လက်ထပ်ရင် ကိုနိုင်းတော့ ခုတည်းက ဒီလောက် အလိုလိုက်ရပုံနဲ့ကတော့ မလွယ်သေးဘူး..."

" ဝန်းရံက ချစ်တတ်ပါတယ်... ဒါပေမယ့် အခုတော့လည်း စိမ်းကားနိုင်ပါတယ်... ဖေဖေ့ကိုတော့ ပြန်ပို့ရဦးမှာပါ..."

" အသက်လည်း ကြီးနေပြီ... ကျန်းမာရေးကလည်း



အခံရှိနေပြီဆိုတော့ ရာသီဥတု ပြင်းထန်တာ မကောင်းဘူးပေါ့... ဦးမောင်မောင်ကြည်ရော နေကောင်းရဲ့လား "

" ခုတလောတော့ နေကောင်းနေပုံရပါတယ်... ကိုယ်လည်း သွားတောင် မကြည့်ဖြစ်ဘူး... လင်းဇေပြောမှ သတိရတယ်... သွားကြည့်ဦးမှပါ..."

" ထိန်လင်းနိုင်တောင် ဈေးထိပ်ကဆိုင် ဝယ်ထားတယ် ထင်တယ်... စာအုပ်ဆိုင်ဖွင့်ထားတာ တွေ့တယ်... ကောင်လေးက ရုပ်လေးချောပါတယ်... ချစ်စရာလေး... ဝန်းရံကတော့ ကျွန်တော့်ကို ပြောပြပါတယ်... ထိန်လင်းနိုင်ကို သူက ရိုးသားဖြူစင်စွာ ခင်တာကို ကိုနိုင်းတို့ တလွဲတွေးတယ်ပေါ့လေ... ကျွန်တော်လည်း ပြန်ဖြေပြော ပြောပါတယ်... ချစ်တော့လည်း ဝန်းရံအတွက် စိတ်ပူတာပေါ့လို့လေ..."

" ဒါကတော့ ဝန်းရံဘက်က စဉ်းစားရမှာပဲ... ဒီလို ကောင်လေးနဲ့ မတော်တဆများ ချစ်သွားရင် ဝန်းရံခေါင်းမာပုံနဲ့ ခွဲလို့ရတော့မှာ မဟုတ်တော့ ပူပန်ရတာပဲလေ..."

" ကိုနိုင်းအဲလိုမျိုး လိုက်ပူပန်မနေရအောင်... လက်ထပ်လိုက် တာ အကောင်းဆုံးပေါ့..."

လင်းဇေတို့က လက်ထပ်လိုက်တာ အကောင်းဆုံးတဲ့...။

ဝန်းရံကဖြင့် ခါးခါးသီးသီး ငြင်းဆန်လို့... စိမ်းကားပြတ် တောက်နိုင်ပုံ အရဆိုရင်တော့... ဝန်းရံ နှလုံးသားက နှိုင်းဆအတွက် ချစ်ခြင်း မရှိနိုင်ပါ...။

သည်သို့ သတိရရင် စိတ်မှာ နာကျင်ပင်ပန်းခြင်းတွေ ရှိနေပါလား။

✡ ✡ ✡

www.burmeseclassic.com

ဈေးရောက်ပြန်တော့လည်း ဟင်းချက်ဖို့ ဝယ်တာနဲ့... ဒါဆို မေမေ ကြိုက်တယ်... ဒါဆို ကိုကိုကြိုက်တယ်နဲ့ ဝန်းရံစိတ်မှာ သတိရခြင်းတွေ ဖြစ်ရပါတယ်။ ခုတလောတော့ ကိုကိုကြိုက်တတ်တာ တွေကို ဝယ်လည်းမဝယ် ချက်လည်း မချက်။ သတိမရနိုင်ရင် ကောင်းမှာပဲလို့ တွေးမိပါတယ်။

ဝန်းရံ ပြန်လိုက်လာပြီဆိုတော့ မေမေက အိမ်မှာပဲ သားအမိ နှစ်ယောက် ပြန်နေကြတာပေါ့။ ဝန်းရံ ချက်ကျွေးတာပဲ စားမတဲ့လေ...။

အိမ်မှာက အရင်ဆို ဒေါ်ဒေါ်ကို အနည်းငယ်ပဲ ကူရတာ။ အခုတော့ တစ်ယောက်တည်း အိမ်မှာရှိသမျှ အိမ်မှုကိစ္စတွေ လုပ်ရ တယ်။

အိမ်အလုပ်ဆိုတာ ပြောလို့လည်း မရဘူး... လုပ်လို့လည်း မပြီးဘူး တစ်နေသာ ကုန်သွားမယ်... တစ်ခုပြီး တစ်ခု ဆက်နေပြန် တယ်... ဒါပေမယ့် အိမ်အလုပ်လုပ်ရတဲ့ လူကို ဘယ်သူကမှလည်း အထင်မကြီးဘူး... တကယ်ဆို အိမ်အလုပ်လုပ်ရတဲ့ လူက အပြင်မှာ ငွေရှာတဲ့ လူထက်တောင် ပင်ပန်းတာ... စသဖြင့်သော ဒေါ်ဒေါ်ရဲ့ ဆူဆူပူပူ လေသံတွေကို အခု နားလည်စ ပြုပါပြီ...။

အိမ်အလုပ်တွေက များနေတာပါပဲ...။

ဒီလောက် အလုပ်များတာတောင်မှ...။ ဘာလို့များ စိတ်တွေ



က ကိုကိုတို့ရှိရာ ပြေးလွှားနေပါလိမ့်။

ကိုကို့အခန်းလေးထဲဝင် တံမြက်လှည်း ကြမ်းတိုက်ရတိုင်း ကုတင် ခေါင်းရင်းနားမှာ ချိတ်ထားတဲ့ ဓာတ်ပုံကို မြင်ရတာနဲ့ စိတ်ကမကောင်း။ ကိုကိုဆုရတုန်းက မောင်နှမနှစ်ယောက် ရိုက်ခဲ့တာ။ ကိုကိုက ဆုတံဆိပ်ကို ကိုင်လို့ ဝန်းရံက ကိုကို့လက်မောင်းကို တအားဖက်ပြီး ရယ်နေတာ။

အဲဒီတုန်းအချိန်က သိပ်ပျော်တယ်။

ဖုန်းလာနေပါလား။ ဒါကြောင့် အိမ်ရှေ့ပြေးထွက်ခဲ့ရတယ်။

" ဝန်းရံလားဟင်..."

ကိုကို့အသံလို့ သိရတော့ စိတ်က ဝမ်းသာသွားသလိုနဲ့... နှုတ်ကတော့ ဆွံ့အသွားပြန်ပါလား။

" ဝန်းရံ "

" မေမေ မရှိဘူး "

" မေမေ့ဆီ ဆက်တာ မဟုတ်ပါဘူး... မေမေနဲ့ ညက တွေ့ပြီးပါပြီ... ဝန်းရံနဲ့ တွေ့ရအောင်ပါ... ဘာလုပ်နေလဲ "

" အိမ်ရှင်းနေတယ်... ဖေဖေ နေကောင်းလား..."

" ကောင်းပါတယ် ဒါပေမယ့် ဒီမှာက အခု အရမ်းအေး တယ်... အဲဒါ ကိုကို ဖေဖေ့ကို ပြန်ပို့မလို့ ပြောထားပြီ... လာပို့ဖို့ ပိတ်ရက်မှာပဲ ဖြစ်နိုင်မယ်... ဒါတောင် ရန်ကုန်မှာ တစ်ညအိပ် လောက်ပဲ နေနိုင်တယ်... လင်းဇေကို အကူအညီ တောင်းထား တယ်..."

" ဖေဖေက ဘာပြောလဲ "

" ပြန်မယ် ပြောပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင်တော့ ကိုကို တစ်ယောက်တည်း နေခဲ့ရမှာလား။ ဒီလိုဆိုပြန်တော့လည်း ဝန်းရဲ့ စိတ်မကောင်းပါဘူး...။

" ကိုကို့ကို သတိမရဘူးလား "

" ရှင်... "

" ကိုကိုကတော့ ဝန်းရဲ့ကို သတိရတယ်... "

ကိုကို ဒီလိုပြောတော့... ဝန်းရဲ့ စိတ်မကောင်းဖြစ်ရပါတယ်... ကြိုးစားပြီး မေ့ဖျောက်ထားတဲ့ကြားက... ကိုကို့ကို ဘယ်လောက်ထိ သတိရရတယ်ဆိုတာ ဝန်းရဲ့စိတ် ဝန်းရဲ့ အသိဆုံးပေါ့...။

" ဒီပိတ်ရက်တော့ ဖေဖေ့ကို လာပို့ရင်း ရောက်မယ်... ကိုကိုတို့ တွေ့တော့မှ စကားပြောမယ်... နေကောင်းအောင်နေနော်... "

ကိုကို့အသံလည်း မကြားရရော ကြေကွဲစိတ်နဲ့ ထိုင်ငိုင်နေမိပါတယ်။ ကိုကို့ကို မချစ်လို့လား... ဒီလိုလည်း မဟုတ်ပါဘူး... ချစ်ပါတယ်... ဒါပေမယ့် လက်ထပ်ရဖို့ကိုတော့ ရုတ်တရက် ဘယ်လိုမှ လက်မခံနိုင်အောင်ပါပဲ...။

ဖုန်းလာပြန်ပြီ...။

" ဝန်းရဲ့လား... "

" ဪ... ကေရီ "

" ဘာလုပ်နေလဲ... အိမ်မှာမပျင်းဘူးလား... ကေရီ့ဆီ လာခဲ့ပါလား... "

" နင်အဲလောက် အလုပ်အားနေလား ကေရီရယ်... "

" အလုပ်ကတော့ မအားပါဘူးဟာ... ဒါပေမယ့်... နင့်ကိုတော့ စိတ်ချမ်းသာအောင် ထားရမယ်လေ... အန်တီမေက ငါ့ကို အကုန်ပြောပြီးပါပြီ... ငါကလည်း ကိုနိုင်းကိုဆို... "



ကေရီရဲ့ တစ်ခစ်ခစ်ရယ်သံဟာ နှလုံးသားဆီ နာကျင်စွာ ဝင်ရောက်လာတာပါလား။ လှပသော ချောမောသော ပြီးတော့ အမြဲ တက်ကြွဖျတ်လတ်နေပြီး မေမေတို့က ချီးမွမ်းနေရသော ကေရီ...။ ကိုကိုနှင့်ဆို... လိုက်ဖက်ညီပါတယ်လို့ သိသိနဲ့...။

" ငါမအားဘူး ကေရီ ဒါပဲနော်... "

တစ်ယောက်တည်း ထိုင်ငိုင်နေရပြီ။

မေမေတို့ကတော့ ပြောတဲ့အတိုင်းပါပဲလား။ ကေရီတောင်မှ ကိုကိုနှင့် သူ့ကို သဘောတူတယ်ဆိုတာ သိလို့ လက်ခံနိုင်ခဲ့ပြီထင်ပါရဲ့။

ကိုကို့ကို ပေးလိုက်နိုင်သလား...။

အပြီးတိုင်ရော ခွဲနိုင်လား...။

စိတ်ဟာ နာကျင်ပင်ပန်းစွာ... လွန်းကလေးတစ်စင်းနှယ် မခွဲခွာနိုင်ခြင်းနဲ့ လက်မထပ်နိုင်ခြင်းကြားမှာ ခေါက်တုံ့ပြေးလွှားနေပါရောလား။ ကိုကိုလည်း တစ်ယောက်တည်း နေလို့မရဘူးတဲ့လား။ ကိုကိုက ဖေဖေ့ကို လာပို့ရင်... မေမေက ကေရီနဲ့ ကိစ္စများ ဖွင့်ပြောပြီး စီစဉ်မလား။ ဖေဖေနဲ့ မေမေ စိတ်ချမ်းသာရပါစေမယ် ဆိုတဲ့ ကိုကို့စကားက ရှိနေနှင့်ပြီ...။

ဖေဖေနဲ့ မေမေ့ကို ပြောမရလည်း နေပေါ့။

ကိုကို့ကို ရအောင် ပြောမယ်...။ ဟုတ်တယ်။

ကိုကိုက ဟိုးအရင်တည်းက ဝန်းရဲ့ပြောရင် ခေါင်းညိတ်ခဲ့တာပဲ... ကေရီနဲ့ဆို ငြင်းပါလို့ ပြောမှာပေါ့...။

မေမေလည်း အလုပ်တွေများရင် မိုးချုပ်မယ်။ ကြာတော့ ဝန်းရဲ့ တစ်ယောက်တည်း အိမ်မှာ နေရတာ... ငြီးငွေ့သလိုပါပဲ...။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ရှိရင်မှ စကားပြောလို့ရသလို… ကိုကို့ဆီကို စက်ဘီးတစ်စီးနဲ့ သွားချင်သွား ပြန်ချင် ပြန်လို့ရတဲ့ အချိန်လေးတွေကို မမေ့နိုင်ပါဘူး…။

" မြဝန်းရံ ပြန်မလာဘူးလား… သတိရနေမယ်…"

ကိုထိန် သည်သို့ နှုတ်ဆက်ခဲ့တာများ ကိုကိုသိရဲ့ စိတ်ဆိုးမလား။

ပြန်မလာနဲ့လို့များ ပြောမလား။

ကိုကို့ကို ဘယ်လို ပြောရရင် ကောင်းမလဲ…။

✡ ✡ ✡

ဖေဖေတို့လာမယ် ရထားနဲ့ ဘယ်အချိန်လို့ မေမေပြောတာနဲ့… ဘူတာမှာ လာကြိုလိုက်တာပါ…။ ဖေဖေနဲ့ ဒေါ်ဒေါ်ကတော့ ပြန်လာပြီ နောက်ဆိုရင်တော့… ကိုကိုတစ်ယောက်တည်း နေရမယ်။ ကိုကို့စားရေး သောက်ရေးကကော…။ အန်တီမိုးတို့ကတော့ မကူညီပဲ မနေပါဘူး။ ဒါပေမယ့် ဒေါ်ဒေါ်ရှိသလိုတော့ ဘယ်အဆင်ပြေပါ့မလဲလေ…။

" ဟင်… ဝန်းရံ… ဘာလို့လာတာလဲ… လွဲနေတော့ ဘယ်လိုလုပ်မလဲ…"

ဒေါ်ဒေါ့်လက်ထဲက အိတ်ကို ဆွဲယူလိုက်တော့ ဝန်းရံကို မြင်သွားပြီး ကိုကိုက ပြောလာပါတယ်။ အိမ်ပြန်ရောက်တော့မှ မေမေကလည်း ဝန်းရံ သွားကြိုတာ သိရတော့ ခုမှ အပြိုတွေတဲ့လေ…။

" သားရေ… ဒီမနက်တော့ အမောဖြေရင်း အိမ်မှာပဲ စားရအောင် မေမေ စီစဉ်ထားတယ်… ညနေကိုတော့ မင်း အန်တီသိန်းတို့က ထမင်းစား လာပါတဲ့… သွားစားလိုက်ဦး"

" ဟုတ်ကဲ့ မေမေ "

ကိုကိုက မနက်ဖြန် မနက်အစောကြီးရထားနဲ့ ပြန်တော့မှာ…။

အဲဒါကို ဒီညနေလေး တစ်ညနေ နေတာ အန်တီသိန်းတို့က ထမင်းကျွေးမတဲ့လား…။ မဟုတ်မှလွဲရော ကေရီနဲ့ တွေ့ရအောင် တမင် ထမင်းစားဖိတ်တာ နေမှာ။

www.burmeseclassic.com

www.burmeseclassic.com



" အန်တီသိန်းက ကိုကို့ပဲ ဖိတ်တယ်လား... ဝန်းရံကျတော့ မပါဘူးလား..."

" သမီးနဲ့ ဘာဆိုင်လဲ..."

" ဟင်... သမီးနဲ့ သူတို့ အမျိုးအရင်းကြီးပါ... အရင်ကဆို ကိုကိုနဲ့ သမီး အတူတူ သွားစားနေကျကို အခုကျမှ ဘယ်လိုဖြစ်ပြီး ကိုကိုတစ်ယောက်တည်း ကွက်ဖိတ်ရတာလဲ "

" ကလေးက ကလေးလိုနေပါ မမဝန်းရံ... သားဘာသာ သွားပါစေ..."

သိပါတယ်...

မေမေက အန်တီသိန်းကို ဘယ်လို စကားတွေပြောပြီး ဘယ်လို စီစဉ်ကြတယ်ဆိုတာ ဝန်းရံသိပါတယ်။ ဒါကြောင့် ဖေဖေ့ကို လှမ်းကြည့်တော့ မသိချင်ယောင်ဆောင်နေသလိုပါပဲ...။

" ဘာဟင်းတွေ ချက်လဲ ဝန်းရံ..."

" ကြက်သား..."

" ဝန်းရံ ချက်တဲ့ဟင်းဆိုရင်တော့ စားလို့ကောင်းမယ် မထင်ပါဘူး... မှောင်နှိုင်းရေ... တကယ်ဆို ကေရီကလေ အလုပ်မှာ လည်း တော်သလို ဝင်ငွေရှာတာလည်း အဖြော့င်... ပြီးတော့ ထမင်းဟင်းချက်ကလည်း တော်မှတော်... ရုပ်ကလေးကလည်းလှ မင်း ကံကောင်းပါတယ် သားရယ် "

ကေရီဆိုတဲ့ နာမည်က ဒေါ်ဒေါ့်ပါးစပ်ဖျားပါ ရောက်သွား ပါရောလား။ ကေရီ့အကြောင်းကို ဒေါ်ဒေါ် ဒီလောက် အမွှမ်းတင်ပြီး ပြောနေစရာ အကြောင်း မရှိပါဘူး။ ကေရီ့ကို ကိုကိုက ခုမှသိတာမှ မဟုတ်တာပဲ။ တစ်သက်လုံး ညီမ ဝမ်းကွဲအဖြစ်နဲ့ သိလာခဲ့လာပြီး



သားကို ခုမှ ညွှန်းလွှန်းနေပါလား။ ကိုကိုကလည်း တကယ်ဆို ကျွန်တော် ကေရီ့ကို မနှစ်သက်ပါဘူး... စသဖြင့် ပြောပါလား။ ခုတော့ ငြိမ်ငြိမ်သက်သက် နားထောင်နေတယ်။

စိတ်ပျက်လာတာမို့ အခန်းထဲ ဝင်နေလိုက်တာပေါ့။

တံခါးဖွင့်ပြီး ဝင်လာတာကြောင့် လှည့်ကြည့်တော့...။

" ဝန်းရံ "

" ဟုတ်ကဲ့ "

အနားမှာ ဝင်ထိုင်တယ်။ ဝန်းရံနဲ့ကိုကို တစ်သက်လုံး ချစ်ခင် ရင်းနှီးလွန်းသော မောင်နှမအဖြစ် နေခဲ့ပြီး အခုမှ တကယ့်ကို ဝေးကွာစိမ်းကား ပြတ်တောက်သွားသလို ခံစားရပါလား။

" ညနေကျရင် လမ်းလျှောက်ရင်း အပြင်မှာ ထမင်းစား မလား..."

" နေပါစေ... ကိုကို့ကို ယောက္ခမ သိပ်တော်ချင်နေတဲ့ လူတွေက ထမင်းစားဖိတ်ထားတယ် မဟုတ်လား... သွားစရာရှိတာ သွားပါ..."

" အန်တီသိန်းတို့အိမ်ကိုတော့ ဝင်လည်လိုက်မယ်လေ... ထမင်းမစားတော့ဘူးလို့ ကိုကို ဖုန်းဆက်လိုက်ပါပြီ... ဝန်းရံနဲ့ နှစ်ယောက် ဝင်လိုက်တာပေါ့... မဟုတ်ရင် ကေရီက စိတ်ကောက်နေ ဦးမယ် "

" ကေရီစိတ်ကောက်မှာကို ကိုကို စိုးရိမ်တတ်နေပြီလား "

" ကိုကို့ညီမတွေ ကိုကို့ကို တစ်သက်လုံး စိတ်ကောက်လာ ကြတာ... ရိုးနေပါပြီ... ဝန်းရံကို ကိုကိုထမင်းကျွေးချင်တယ်... ပြီးတော့ လက်ဆောင်လည်း ဝယ်ပေးချင်သေးမယ်လေ..."

www.burmeseclassic.com



" မလိုချင်ပါဘူး "

" လိုချင်ရမှာပေါ့... လိုက်ခဲ့ပါ... ကိုကိုက ဝန်းရံနဲ့မှ သွားချင်တယ်... ကိုကိုပြောပြီးပြီနော်... ညနေကျရင် လှလှလေး ပြင်လာခဲ့..."

ကိုကိုထွက်သွားပါပြီ...

ဖေဖေနဲ့ မေမေ့ကို စကားတွေ သွားပြောနေပြီ ထင်ပါရဲ့...။ ကိုကိုနဲ့... လိုက်သွားမလား... လိုက်သွားမယ်...။ ဇေကရီတို့နဲ့ အပြင်လျှောက်သွားမှာ မကြိုက်ပါဘူး...။ ကိုကို့ကို မခွဲခွာနိုင်ဘူး လို့တော့ သိပါတယ်...။

✡ ✡ ✡

မေမေကတော့ ပြောပါတယ်။ ဝန်းရံက နှိုင်းဆကို ဇေကရီနဲ့ လက်ထပ်ပေးမယ် ဆိုပြန်တော့လည်း မနှစ်သက်ဘူးတဲ့လေ...။ ဇေကရီ့ကိုလည်း ညီမတစ်ယောက်လို တစ်သက်လုံး ခင်မင်လာတာ... စိတ်မှာ ညီမလေးလိုပဲ မြင်ပါတယ်။ ဖေဖေကတော့ ခရီးပင်ပန်း တယ်ဆို အိပ်နေပါပြီ။ ခရီးပန်းတာပဲလား... တစ်ခုခုအပေါ်မှာ မနှစ်သက်မကြည်လင် ဖြစ်နေတာများလား...။ ဝန်းရံက ဖေဖေနှင့် မေမေ့စကားကို နားမထောင်လို့များ စိတ်မကြည်လင်တာလား။

" ဒေါ်ဒေါ်... ခရီးပန်းလာတာ ဘာတွေလုပ်နေလဲ... သား ဘာကူရမလဲ "

" ဝန်းရံ မီးဖိုထဲဝင်ထားတာများဟယ်... ပွရှုပ်နေသလိုပါပဲ... ဒါကိုများ မမေတို့က အိမ်ရှင်မ ဖြစ်စေချင်သေးတယ်... နင်တော့ အတော်မောရမယ် "

" ဒါကတော့ ဒေါ်ဒေါ်ရယ်... ဝန်းရံက တစ်သက်လုံး ဒေါ်ဒေါ့်ကို အားကိုးနေတာကိုး... သူ့ဘာသာ အိမ်ရှင်မဖြစ်လာရင် လိမ္မာလာမှာပေါ့..."

" ဟဲ့... နင့်အဖေ ဘာဖြစ်နေလဲ သိလား "

" ဖေဖေ..."

ဒေါ်ဒေါ်ကပင် မေးယူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဘာဖြစ်နေလဲတဲ့။ ဒါကြောင့်မို့ ဖေဖေက နှိုင်းဆနဲ့ လက်ထပ်ဖို့ ပြောတာ… ဝန်းရံသဘောမတူတာကို စိတ်မကြည်မလင် ဖြစ်နေပုံရတာ မဟုတ်လားလို့ ပြန်မေးမိတယ်။

" မဖြစ်နိုင်ဘူး… ဝန်းရံနဲ့ မင်းကို ခုချိန် ခဏ စဉ်းစား ဖို့ထားတာ… ဒါပေမယ့် တဖြည်းဖြည်း ဝန်းရံကို နားဝင်လာအောင် ပြောလိမ့်မယ်… ဒါကြောင့် မဟုတ်ဘူး… ငါတို့ ဒီမနက်လာခင်နေ့ကမှ မနက်အကောင်းကြီးပါ… နေ့ခင်းက စပြီး မျက်နှာပျက်နေတာပဲ… ခုလည်း ရောက်ရောက်ချင်း မမေနဲ့ အခန်းထဲဝင် စကားတွေပြောပြီး နေမကောင်းလို့ဆို အိပ်တယ် တစ်ခုခုပဲ… အဲဒီနေ့က အစ်ကို ဘယ်သွားလဲ…"

" ဖေဖေက ဘယ်ကို သွားနိုင်လို့လဲ ဒေါ်ဒေါ်ရဲ့… အဲဒီနေ့က လည်း…. ကျွန်တော်နဲ့ ထိန်လင်းနိုင်တို့ အိမ်လိုက်တယ်လေ… ဦးလေးကိုလည်း ပြန်ကာနီး နှုတ်ဆက်ချင်တယ် ဆိုလို့… ဦးလေးက လည်း လေဖြတ်ထားတဲ့ လူတွေထုံးစံအတိုင်း ဖေဖေ့လက်ကို ကိုင်ပြီး ငိုတယ်… ဒါပါပဲ ဘာမှလည်း မဖြစ်ပါဘူး…"

ဒီအခါမှာ ထိန်လင်းနိုင်က ဝန်းရံကိုမေးလိုက်တာ အမှတ်ရ ပါတယ်။ ဝန်းရံ လိပ်စာကို လိုချင်တယ်ဆိုလို့… ပေးတော့ ပေးလိုက်ပါ တယ်။ ဝန်းရံဘက်က ဘယ်လိုဖြူစင်ပါတယ်ဆိုဆို… ထိန်းလင်းနိုင် ဘက်က သံယောဇဉ် တွယ်နေပြီလား မသိ။

" အစ်ကိုနဲ့ မမေခမျာ ဝန်းရံကို ပြောလို့ကလည်း မရ… ကြမ်းကလည်း မကြမ်းနိုင်… သူတို့ ဘယ်စိတ်ကောင်းပါ့မလဲ… သူတို့ရဲ့ မျှော်လင့်ချက်လေ… ကောင်မလေးက မိဘချစ်တာ ချစ်မှန်း မသိ…"



ဝန်းရံကို ငယ်တည်းက အလိုလိုက်မိတာကိုး။

ဒါကြောင့်လည်း ဝန်းရံက နှုတ်အတင်းကြမ်းတာကို ကြိုက်မှ မကြိုက်တာ…။

" ဖြည်းဖြည်းတော့ သူလက်ခံလာမှာပေါ့ ဒေါ်ဒေါ်ရယ်…"

" မင်းကရော… သူလက်ခံလာတဲ့အထိ စောင့်မှာလား… တကယ်လို့ ကေရီနဲ့ စီစဉ်ပေးရင်ကော…"

" ဒေါ်ဒေါ်ကလည်း… ကေရီ့ထက်စာရင် ဝန်းရံကိုပဲ ကျွန်တော် ချစ်တာပေါ့ "

" ဩော် ဒီလိုလား… ဟုတ်ပါပြီ… ဟုတ်ပါပြီ…"

နှိုင်းဆစိတ်မှာတော့ ဖေဖေနှင့် မေမေ စိတ်ချမ်းသာစေ ချင်ပါတယ်… ဝန်းရံကိုလည်း တစ်သက်လုံး ချစ်လာခဲ့တာပဲ ဆိုတော့… လက်ထပ်ရမယ်ဆို ဝန်းရံနှင့်မှ ပျော်ရွှင်ချမ်းမြေ့ဦးမယ် ထင်ပါရဲ့…။

" မောင်နှိုင်း… ဒီအာလူးလေး နှာပေးစမ်းပါဟယ် "

ဒေါ်ဒေါ်ကတော့ ခုလိုပဲ နှိုင်းဆကို မီးဖိုထဲတွေ့ရင် ကူခိုင်း တတ်ပါတယ်…။ ဝန်းရံတော့ အခန်းထဲမှာ ပေပြီး အိပ်ပဲနေမလား။

" မင်း ညစာကို မမသိန်းတို့အိမ် သွားစားမှာလား "

" မစားပါဘူး… ဖုန်းဆက်ပြီးပါပြီ… အပြင်မှာပဲ ဝန်းရံနဲ့ သွားစားမှာပါ… အန်တီသိန်းကိုတော့ သွားနှုတ်ဆက်လိုက်မယ်လေ…"

ဒေါ်ဒေါ်ကတော့ နှိုင်းဆ ဟိုပြန်ရောက်ရင်… စားဖို့ တွေးပြီး မှုပန်နေပါတယ်။ အန်တီမိုးတို့တွေလည်း ရှိသလို နှယ်နီတို့အိမ်က ထမင်းဆိုင် ဖွင့်ထားတာ… ယမင်းလာခေါ်ပေးစားရင် ရတယ်လို့လည်း ပြောရပါတယ်။

www.burmeseclassic.com



" ဝန်းရံမကောင်းတာ… တကယ်ဆို အဖေအမေ စကားနားထောင်လိုက်… လက်ထပ်ပြီး မောင်နိုင်းနဲ့ အတူနေ ချက်ပြုတ်ကျွေးမွေးပြီး အိမ်ရှင်မ ပီပီသသလေး နေပေါ့… ခုတော့ အဲဒီလို မဟုတ်ဘူး…"

" ဒါကတော့ ဒေါ်ဒေါ်ရယ်… ရုတ်တရက်တော့ ဝန်းရံ ဘယ်လက်ခံနိုင်ပါဦးမလဲ…"

ကေရီ့အကြောင်း ပြောရင် ရှုပ်လာတဲ့ မျက်နှာလေးကို သတိရမိတော့ ပြုံးချင်မိပါတယ်။ နိုင်းဆကို သိပ်ချစ်ပါလျက် ရုတ်တရက် ပြောင်းလဲချစ်ဖို့တော့ ဝန်းရံခက်ခဲနေတယ် ထင်ပါရဲ့။

✡ ✡ ✡

ကိုကိုကတော့ ဝန်းရံအပေါ်မှာ ဘာမှမပြောင်းလဲသလိုပါပဲ။ ဟိုအရင်ကလိုပဲ ဂရုစိုက်တာပါပဲ…။ ကိုကိုနှင့် အတူ အပြင်ထွက် ထမင်းစားတိုင်းလည်း ဒီလိုပဲ အမြဲ ဂရုစိုက်တတ်တာပဲ…။ ဝန်ရံ ကြိုက်တာပဲ မှာစားလေ့ရှိပါတယ်…။

" အန်တီသိန်းတို့ ကေရီတို့ကို အံ့သြတယ် "

" ဘာအံ့သြသလဲ ဝန်းရံရဲ့ "

" ကိုကို့ကို မောင်နှမ မဟုတ်ဘူးလည်းသိရော… သိပ်လိုချင်နေကြတယ် "

" ဒါကတော့ မေမေက စဉ်းစားတယ်လို့ ပြောလိုက်တာကိုး…"

" ဘာလို့ ကိုကို့ကို ဒီလောက်လက်ထပ်စေချင်နေရသလဲ… ခုလိုလည်း နေလို့ရနေတာ…"

" ကိုကိုတစ်ယောက်တည်း စားဝတ်နေရေး ခက်ခဲမှာတို့… ဟိုဒီပြောင်းရင်း တခြားမြို့တွေက မိန်းကလေးနဲ့ တွေ့မှာ စိုးရိမ်တာတို့ တွေကြောင့် နေမှာပါ…"

" ဒါက ကိုကို့ပေါ်လည်း မူတည်ပါတယ်… ကိုကိုက ဘယ်သူ့မှ စိတ်မဝင်စားနဲ့ပေါ့ "

" အခြေအနေ အချိန်အခါဆိုတာ ပြောလို့မရဘူးပေါ့

www.burmeseclassic.com



ဝန်းရံရှယ် ”

“ ဟင်… ကိုကိုကလည်း ဒီလိုလား…”

ဝန်းရံစိတ်ဆိုးလိုက်တာ။ ကိုကိုကိုယ်တိုင်က ဘယ်သူ့မှ မချစ်ပါဘူး ဘယ်သူ့မှ လက်မထပ်ပါဘူးလို့ မပြောနိုင်တော့ဘူးကိုး…။ အခြေအနေနဲ့ အချိန်အခါအရတဲ့…။ ကြည့်ရတာ… ကိုကိုက လက်ထပ်ချင်နေပြီ ထင်ပါရဲ့လေ…။

“ ကိုကို့မှာ စိတ်ဝင်စားတဲ့ လူရှိနေပြီလား ”

“ ဘယ်မှာလဲ… မြို့မှာလား ”

“ ဒါပေါ့…”

“ ဟင့်အင်း… မရှိပါဘူး… အခုမရှိပေမယ့် ဖြစ်တတ်တဲ့ သဘောကို ပြောပြတာပါ…”

ကိုကို့ကို စိတ်ဆိုးတာမို့ ရှေ့ကနေ လျှောက်လာခဲ့တယ်။ ခုံတန်းလေးတွေတော့ ဝင်ထိုင်လိုက်ပြီ…။ လှသော ညဦးယံပါပဲ မီးလုံးရောင်စုံလေးတွေကြောင့်လည်း ပတ်ဝန်းကျင်က အရမ်းလှနေပါတယ်…။ ရေအရောင်ကတော်မှ မီးရောင်ကြောင့် ပိုပြီး လင်းလက်လာသလိုပါပဲ…။

“ ဝန်းရံ… ဖေဖေနဲ့ မေမေ့ကို စိတ်ချမ်းသာပါစေလား… ဖေဖေနဲ့ မေမေ့ကို မချစ်ဘူးလား ”

“ အို… ကိုယ့်အဖေနဲ့ အမေပဲ ဘာလို့မချစ်ရမှာလဲ…”

“ ဒါဆိုရင် မေမေတို့ အစီအစဉ်ကို သဘောတူလိုက်ပါ… ကိုကိုနဲ့ ဘာလို့လက်မထပ်ချင်တာလဲ… ကိုကိုက ဝန်းရံကို ထာဝရ ချစ်ခင်ကြင်နာမှာပါ…”

ဝန်းရံလက်ကလေးကို ဆုပ်ကိုင်ပြီး ပြောလာပါတယ်။



ဘာပြောရမှာလဲ။ ဝန်းရံစိတ်တွေ ဟိုဒီရွေ့လျားရလွန်းလို့လည်း ပင်ပန်းနေပါပြီ…။ ကိုကို့ကို တစ်ယောက်ယောက်နှင့် လက်ထပ်ပေးလိုက်မလားလို့လည်း စိတ်မောရတယ်…။ ခွဲနေရပြန်တော့လည်း… လွမ်းနေတဲ့ စိတ်ရှိတယ်။

“ အန်တီမိုးတို့ ကိုလင်းဇေတို့ရော သိကုန်ကြပြီ မဟုတ်လား”

“ လင်းဇေကို ဝန်းရံပဲ ပြောခဲ့တယ်ဆို အန်တီမိုးတို့ကိုတော့ လင်းဇေက ရှင်းပြပေးမယ်ပြောပါတယ်… ဘာဖြစ်လဲကွယ်…' ဖေဖေနဲ့ မေမေ့လောက် ကိုကိုနဲ့ဝန်းရံကို ဘယ်သူ ပိုနားလည်နိုင်မှာလဲ…”

“ ဟိုရေပန်းလေးကြည့်ပါဦး လှတယ်နော် ကိုကို… မီးလုံးရောင်တွေကြောင့် သက်တန့်လေးလိုပါပဲ ”

“ စကားမလွှဲနဲ့လေ ကောင်မလေးရဲ့…”

“ ဖေဖေနဲ့မေမေ့ကို မေးကြည့်ဦးမယ်… ဝန်းရံ ခေါင်းညိတ်လိုက်ရင် စိတ်ချမ်းသာမလားလို့…”

“ စိတ်ချမ်းသာတယ်ဆိုရင်ကော…”

“ ဒါဆို ကိုကို့ကို ဝန်းရံလက်ထပ်ပါမယ်…”

“ ဝန်းရံက လိမ္မာလိုက်တာ…”

ကိုကို့ကို မခွဲခွာနိုင်ခြင်းနဲ့ ဘယ်သူ့ကိုမှ မပေးလိုက်နိုင်ခြင်းတွေကများ ဝန်းရံကို သည်သို့ ခေါင်းညိတ်စေလိုက်ပါသလား…။

“ ဖေဖေက ဟိုမှာ သိပ်အေးနေလို့ ပြန်လာတာလား… ကိုကို တစ်ယောက်တည်းပဲ ပြန်ရတော့မှာပေါ့ ”

“ ဝန်းရံနဲ့ အမြန်ဆုံး လက်ထပ်မယ်လေ… ဝန်းရံက ကိုကို့ကို တစ်ယောက်တည်း ပစ်မထားရက်ပါဘူး… ဟုတ်တယ် မဟုတ်လား…”

---

www.burmeseclassic.com



" မေမေတို့ ဘာပြောမလဲ ကြည့်သေးတာပေါ့ ကိုကိုရယ်"

ကိုကိုနှင့် တစ်သက်လုံး အတူနေရမယ့် ဘဝခရီးဟာ သာယာပျော်ရွှင်မယ်လို့တော့ ဝန်းရံက ယုံကြည်ပြီးသားပါ... အမြဲလို ဝန်းရံကို ချစ်ခင်အလိုလိုက်ခဲ့တဲ့ ကိုကိုပဲလေ...။

" ပြန်သွားမှ ပြောရဦးမယ်... ဝန်းရံက ကိုကို့ကို ချစ်ပါတယ်လို့..."

တကယ်တော့ ဝန်းရံတို့က ငယ်တည်းက တွယ်ခဲ့တဲ့ သံယောဇဉ်ပါ...။ ဖြည်ဖို့ကတော့ ဘယ်လွယ်ပါလိမ့်မလဲ။

✡ ✡ ✡

" ဟုတ်လား... ဒါဆို ဝန်းရံက သဘောတူမှာလား "

မေမေကတော့ မေးပြီ။

ဖေဖေကတော့ ပြုံးနေပြီး အစကတည်းက ဝန်းရံသဘောလို့ ပြောခဲ့ပြီးသားပဲကွယ်တဲ့လေ။

" ကိုကို့ကို ဝန်းရံလက်ထပ်ရင် ဖေဖေနဲ့မေမေ စိတ်ချမ်းသာမလား..."

" ဘယ့်နှယ်ပြောပါလိမ့်... ဒီလိုမျိုး မေမေတို့က ရည်ရွယ်ခဲ့တာပဲ... စိတ်ချမ်းသာတာပေါ့ "

" ဒါဆို ကိုကို့ကို ဝန်းရံလက်ထပ်ပါမယ် "

ဖေဖေနဲ့မေမေက ခုမှပဲ စိတ်အေးရတယ်တဲ့လေ...။ ဝန်းရံ ခေါင်းမာလွန်းလို့ ပြောရခက်လွန်းလို့ စိတ်ညစ်နေရတာတဲ့။

" သားတစ်ယောက်တည်း ခွဲနေရတာ... စားဝတ်နေရေး ကသိတယ်... သား တစ်ရက်လောက် နေလို့မရဘူးလား... ရရင် ရုံးတက်လက်မှတ်ထိုးပြီး ဝန်းရံကိုခေါ်သွား "

" အစ်ကိုနဲ့ မမေ စိတ်မလောပါနဲ့လား... သားကို နောက်တစ်ပတ် ပိတ်ရက်မှာ ပြန်လာခိုင်းပြီးမှ မင်္ဂလာဆွမ်းကျွေးဖို့ စီစဉ်ပါလား... တစ်ပတ် ဆယ်ရက်ကတော့ ဆေးရုံမှာ မမိုးတို့လည်း ရှိနေတာ... ဝယ်စားလိမ့်မယ်..."

www.burmeseclassic.com

www.burmeseclassic.com



ဝန်းရံက လက်ထပ်ပါမယ်ဆိုတော့လည်း အမြန်ဆုံး လက်ထပ်ဖို့ စဉ်းစားကြပြန်ပါပြီ...။ ကိုကိုကတော့ ဒေါ်ဒေါ်ပြောတာ ကောင်းပါတယ်... နောက်တစ်ပတ်လောက်မှာ လင်းဖေကို ပြောပြီး ပြန်လာပါမယ်... ဘယ်လောက်မှ ဝေးတာ မဟုတ်ပါဘူးတဲ့... ပြီးတော့ ဟိုမှာလည်း လက်ထပ်ပြီး နေဖို့ကအစ ကိုကို စီစဉ်ထားပါမယ်တဲ့...။

" ကောင်းပြီလေ... ဒါဆို ဒီကြားထဲမှာ ပြင်ဆင်စရာတွေ ပြင်ဆင်ကြတာပေါ့... သားပြန်လာဖို့ ရက်ကို ဒီက ပြန်ရင် စီစဉ်ပြီး ဖုန်းဆက်..."

" ကဲ... စကားပြောကြတော့ ကျွန်မကတော့ စောစော နားတော့မယ် "

ဒေါ်ဒေါ်ကတော့ ပင်ပန်းသွားရှာပြီ။ အိမ်ပြန်ရောက်လည်း သူ့ခမျာ မီးဖိုဆောင်တာဝန်ကတော့ ယူနေရတာပဲလေ...။ ဖေဖေက သူလည်း စောစော အိပ်မယ်... မနက် သားလည်း ဘူတာဆင်းရမှာ စောစောနားတော့တဲ့...။ ဖေဖေနဲ့ မေမေတို့လည်း အခန်းဆီသွားရော ကိုကိုက ခဏတော့ စကားပြောရအောင်ပါ ဝန်းရံဆို ဝရန်တာ ထွက်ခဲ့ကြတယ်...။

" ဒီက အအေးဓာတ်ကတော့ နေလို့ကောင်းရုံလေးပဲ... ဟိုမှာ နေရတာ သိပ်အေးတော့ တစ်ခါတစ်ခါ ရန်ကုန်ဆောင်းကို လွမ်းမိတယ်..."

ဓာတ်တိုင်က မာကျူရီမီးရောင်မှာ ဝေ့နေတဲ့ နှင်းမှုန်လေး တွေကို မြင်နေရပါတယ်...။ ရှပ်လက်ရှည်လေး တစ်ထည်ဝတ်ထားရုံနဲ့ အအေးဓာတ်ကို ကာကွယ်လို့ ရနေတာပါပဲ။



" ကောင်းလိုက်တာ... ဒီလောက်အေးတော့ နေလို့ကောင်းရုံ လေးပဲ... အခု ဟိုမှာ နှင်းတွေလည်းကျတယ် ဝန်းရံ... နှင်းတောထဲမှာ ကိုကို လမ်းလျှောက်တိုင်း အနားမှာ ဝန်းရံရှိနေစေချင်မိတယ်..."

" မနက်ကို ကိုကိုလမ်းလျှောက်သေးတာပေါ့ ဟုတ်လား"

" ဒါပေါ့... ဝန်းရံနဲ့ အတူသွားခဲ့သမျှ အလွမ်းပြေပဲလေ..."

" မဟုတ်နိုင်ပါဘူး... တခြားကောင်မလေး တစ်ယောက် လောက်များ တွေ့မလား ဆိုပြီးတော့ စိတ်ကူးနဲ့ လျှောက်တာ မဟုတ်လား..."

" အင်း... ဟုတ်တာပေါ့ "

" ကိုကိုနော်..."

ကိုကို့ ပခုံးစွန်းကို ကောင်းကောင်းထုရင်း ဝန်းရံရယ်မိပါပြီ။ ကိုကိုက ဝန်းရံပခုံးစွန်းကို လှမ်းဖက်ထားရင်းမှ မြန်မြန်ပြန်လာ ခဲ့မယ်တဲ့လေ...။ ခုတော့လည်း ဝန်းရံစိတ်မှာ ပျော်ရွှင်ကြည်နူးရခြင်းတွေ ရောက်နေပြန်ပါပေါ့...။

" အန်တီမိုးတို့ကတော့ ဘာပြောမလဲ မသိဘူး..."

" အန်တီမိုးက ပြောဖူးတာပဲ... ကိုကို့ကို မွေးစားရင် ကောင်းတယ်တဲ့ ဝန်းရံမှတ်မိလား... ငယ်ငယ်က ကိုကို့ကို မွေးစားသား လို့ ပိုင်းစကြရင် ငိုတော့တာ... အော်အော်ငိုလွန်းလို့ သဘောကျပြီး အားလုံး ပိုင်းစနေကျပဲ... အခုရော... ကိုကိုက မွေးစားသားလေ... ဝန်းရံ ငိုပါဦးလား "

" သိသိချင်းတုန်းကတော့ ငိုရတာပါပဲ ကိုကိုရယ်..."

" ဝန်းရံကတော့လေ..."

တိုက်ခတ်နေတဲ့ လေကလေးမှာ နှင်းငွေ့တွေကြောင့် အေးနေ

www.burmeseclassic.com

www.burmeseclassic.com



ဆဲပါ…။ ကိုကို့ပခုံးစွန်းကို မီရင်း မနက်ဆို ကိုကိုပြန်တော့မယ်လို့ တွေးမိတော့ ကြိုပြီး လွမ်းနှင့်သလိုပါပဲ…။

“ ကိုကို… ပြန်လာမယ့်ရက် မတိုင်ခင်လည်း နေ့တိုင်း ဖုန်းဆက်နော် ”

“ ဆက်မှာပေါ့ ဝန်းရံရယ်… လင်းဇေနဲ့ ဂျူတီချိန်တွေ ညှိပြီးတာနဲ့ ကိုကို အမြန်ဆုံး ပြန်လာခဲ့ပါမယ်…”

ခုတော့လည်း ကိုကိုနှင့် မခွဲချင်တော့ဘူးဆိုပြီး… ဝန်းရံ မနက်ဖြန်တောင် ပြန်လိုက်သွားချင်မိပါတယ်။

✡ ✡ ✡

“ ဆရာလင်းပြောပြလို့ အံ့သြလည်း အံ့သြ ဝမ်းလည်း သာပါတယ် အခုရော… ဝန်းရံက ပြောမရ ဖြစ်နေတုန်းပဲလား…”

“ ဝန်းရံက အရမ်းရယ်ရတယ်… သူ့လက်မထပ်နိုင်ပါဘူး လို့လည်း ငြင်းရော… မေမေက စိတ်ဆိုးတယ်… ဝန်းရံ လက်မထပ်နိုင် ရင်လည်းနေ… ညီမဝမ်းကွဲတစ်ယောက်ရှိတယ်လေ ဇကရီတဲ့… ဇကရီနဲ့ လက်ထပ်ပေးမယ်ပြောတော့ စိတ်ဆိုးရော…”

ဇကရီက ကိုကိုဆို အနားလာထိုင်တုန်းကတောင် ဝန်းရံရဲ့ မနာလိုတဲ့မျက်ဝန်းလေးတွေဟာ သိပ်ကို စချင်စရာကောင်းလှပါတယ်။ လင်းဇေကတော့ စနေတနင်္ဂနွေနဲ့ ဆက်ပြီး ပြန်ပေါ့… သူ ဂျူတီချိန် အပြည့်ယူပေးပါမယ်တဲ့…။ ဒါမျိုးကူညီရတာ ကုသိုလ်လည်း ရပါ တယ်လို့ ပြောသေးတာ။

“ လက်ထပ်ပြီးရင် ဝန်းရံလိုက်လာမှာပေါ့ ဟုတ်လား ”

“ ဟုတ်တယ်… အန်တီမိုး… ဖေဖေနဲ့ မေမေက ကျွန်တော် တစ်ယောက်တည်း စားရေးဝတ်ရေး အကုန်စိတ်ပူတယ်… ဒါကြောင့် ဝန်းရံကို ပြန်ထည့်လိုက်မှာ…”

“ အဲဒါလည်း ကောင်းပါတယ်… ဒီရောက်ရင်တော့ အန်တီ မိုးတို့ကို သပ်သပ်ကျွေးရမယ်…”

“ ကျွေးမှာပေါ့ အန်တီမိုးရယ် ”

www.burmeseclassic.com

www.burmeseclassic.com



" ကိုနိုင်း ရန်ကုန်သွားတဲ့ ရက်တွေမှာ ဦးမောင်မောင်ကြည် အတော်သည်းသေးတယ်… ကျွန်တော့်ကို သူ့သားလာခေါ်လို့ သွားကြည့်ရသေးတယ် ဒေါ်ဒေါ်ညိုကလည်း ဖျားနေတော့ သူ့အဖေကို ဆေးရုံမတင်ချင်ဘူးတဲ့လေ… ကောင်လေးတစ်ယောက် အဖေရော အမေပါ နေမကောင်းတော့ သနားတော့ သနားပါတယ်…"

" ဒါဆို အခုပြန်မှာပဲ… ကျွန်တော် ဝင်ကြည့်လိုက်ပါမယ်…"

အိမ်အပြန်လမ်းမှာ ဒေါ်ဒေါ်ညို့အတွက်ဆို အကြော်ဝင်ဝယ်ခဲ့တယ်။ ဒေါ်ဒေါ်ညို့ကို မြင်ရရင် အမြဲလို အေးချမ်းတဲ့ မျက်နှာလေးနဲ့ ချစ်စရာကောင်းလှပါတယ်။ သူတို့ အိမ်ကလည်း လူနည်းတော့ အမြဲ ငြိမ်တိတ်နေတာပါလား။

" ဒေါ်ဒေါ်ညို…"

" ဩော်… ဆရာ…"

" နေကောင်းသွားပြီလား… ကျွန်တော် အကြော်ဝယ်ခဲ့တယ်"

" အားနာစရာ… နေကောင်းနေပါပြီ…"

" ဦးလေးရော… ဘယ်လိုနေလဲ… လင်းဇေပြောမှ နေမကောင်း ဖြစ်တာ သိရတယ် "

" ဆရာနိုင်းမရှိတော့ သားကို ဆရာလင်းကို သွားပင့်ခိုင်းရတာပေါ့… ကိုထိန်ရေ… ကော်ဖီဖျော်ခဲ့ပါ "

" နေပါစေ ဒေါ်ဒေါ်ညို… ကျွန်တော် အခုပဲ ထမင်းစားလာခဲ့လို့ပါ…"

ဦးလေးဦးမောင်မောင်ကြည် အိပ်နေတာမို့ ဒေါ်ဒေါ်ညိုနှင့်ပဲ စကားထိုင်ပြောနေရပါတယ်။ အိမ်သားတွေအကြောင်း မေးနေတယ်လေ။ ဖေဖေ မေမေ ဝန်းရံ နေကောင်းကြရဲ့လား မေးလာတော့…



ပြောရတော့မှာပေါ့…။ ရှေ့တစ်ပတ် ဝန်းရံနှင့် လက်ထပ်ပြီဆိုရင် သူတို့ အံ့ဩကြတော့မှာ။

" ကျွန်တော့်ကို ဖေဖေနဲ့ မေမေက မွေးစလေးတည်းက မွေးစားခဲ့တာပါ… ဒေါ်ဒေါ်ညို… အခုကျတော့ ဝန်းရံနဲ့ လက်ထပ်ပြီး စည်းစည်းလုံးလုံး နေစေချင်ခဲ့တယ်…"

" ဟုတ်လား… မောင်နှမနှစ်ယောက် ရုပ်ချင်းမတူဘူးလို့တော့ ဒေါ်ဒေါ်ညိုထင်နေတာ ကောင်းပါတယ်… မိဘ စိတ်ချမ်းသာတာ ပေါ့…"

ကော်ဖီခွက်လာချပေးတဲ့ ကိုထိန်ကတော့ နိုင်းဆီကို ကြည့်နေပါတယ်။ ကိုထိန်ဆိုတဲ့ ကောင်လေးရဲ့ မျက်နှာမှာ အပြုံးဆိုတာ တွေ့ရခဲပါဘိ။ ဒါပေမယ့် ဝန်းရံနှင့် အတူရှိနေချိန်မှာတော့ ဒီကောင်လေး ပြုံးနေတတ်တာပဲ မဟုတ်လား။

" ဒါဆို ဘယ်တော့ လက်ထပ်ကြမလဲ "

" ရှေ့တစ်ပတ် ကျွန်တော် ရန်ကုန်ခဏ ပြန်ပါမယ်… လက်ထပ်ပြီးမှ… ဝန်းရံကို ပြန်ခေါ်လာခဲ့မယ်လေ… အေးနေသေးတော့ ဖေဖေတို့တော့ ပြန်မလိုက်လာသေးပါဘူး…"

" ဝန်းရံလေးက ကလေးဆန်ဆန်လေးနဲ့ ချစ်စရာကောင်းပါတယ်…"

ဒေါ်ဒေါ်ညိုနှင့် စကားပြောပြီး ပြန်လာခဲ့ပါတယ်။ ပိတ်ထားတဲ့ အိမ်ကလေးကို သော့ဖွင့်ရင်း နောက်ဆို… ကြိုဆိုမယ့် ဝန်းရံ ရှိလာမှာပါလားလို့ သတိရတဲ့အခါ ကြည်နူးစွာ ပြုံးရပါတယ်…။ နေ့ခင်းက ဖုန်းဆက်ပြီးတော့ သိပ်လွမ်းနေတယ်လို့လည်း ပြောတတ်တဲ့ ဝန်းရံပါ…။

www.burmeseclassic.com

www.burmeseclassic.com



မှောင်လာတာနဲ့ အရမ်းအေးနေပြီမို့ စာဖတ်ရင်း နွေးနွေးထွေးထွေး နေမိတယ်...။ လိုအပ်မယ်ထင်တဲ့ အိမ်ထောင် ပရိဘောဂလေးတွေကိုလည်း ပြင်ဆင်ရတယ်လေ။ အပေါ်ထပ်မှာပဲ အိပ်မလားလို့ မင်္ဂလာအိပ်ခန်းကို အပေါ်မှာပဲ ပြင်ထားလိုက်တယ်... အခုတော့ နှိုင်းဆတစ်ယောက်တည်း အောက်ထပ်က အိပ်နေကျနေရာလေးမှာပဲ နေနေလိုက်ပါတယ်။ အချိန်တွေကို အမြန်ကုန်စေချင်နေမိပါပြီ။

✡ ✡ ✡

ကိုကိုပြန်လာမယ့်ရက်နဲ့ ဒီမှာနေနိုင်မယ့်ရက်တွေကို သိရတာနှင့် ဖေဖေနှင့်မေမေကတော့ မင်္ဂလာဆွမ်းကျွေးဖို့ အစစစီစဉ်နေပြီလေ...။ ကိုကိုက ဟိုအိမ်မှာလည်း၊ လိုမယ်ထင်တဲ့ ပစ္စည်းလေးတွေကို အန်တီမိုးနဲ့ တိုင်ပင်ပြီး ဝယ်ထားပြီးပြီတဲ့။

" မရွှေဝန်းရံတို့က နည်းနည်းလေးတော့ မှုလိုက်သေးတယ်... ပြီးတော့ တခြားလှူပေးရမယ်လည်းဆိုရော... ပေးနိုင်တာလည်း မဟုတ်ဘူး..."

ဒေါ်ဒေါ်ကတော့ ဝန်းရံကိုဆို အကောင်းဘယ်တော့မှ မပြော...။ အမြဲ ဆူညံ ဆူညံနဲ့ပါပဲ...။ အဲဒီ့ ဆူညံဆူညံ ကြားကနေပဲ ဟင်းချက်နည်းတွေ သင်ပေးခဲ့တာ...။

" မောင်နှိုင်းအပေါ်... ရိုရိုသေသေ ချစ်ချစ်ခင်ခင် ဆက်ဆံနော်... အရင်ကလို နိုင်တယ်ဆို မဆိုးနဲ့... ပြီးတော့ ကိုယ်က အိမ်ထောင်သည် ဖြစ်တော့မှာ... အနေအထိုင်ဆင်ခြင် ဟိုရောက်ရင် ဟိုဘက်အိမ်က ကောင်လေးနဲ့လည်း အရင်လို ရောရောဝင်ဝင် မနေနဲ့..."

" ကိုထိန့်အပေါ်မှာ... ရိုးသားဖြူစင်ပါတယ် ဆိုမှ... ဒေါ်ဒေါ်ကလည်းလေ ဝန်းရံအပျိုတုန်းကတောင် ဘယ်သူ့ကိုမှ မကြိုက်တာ... အိမ်ထောင်ကျပြီးမှ ကြိုက်ပါ့မလား... စိတ်တောင်မကူးဘူး...

www.burmeseclassic.com



ပြီးတော့ ကိုကို့ကိုပဲ ဝန်းရံချစ်တာ... ကိုကို့ကို ဘယ်တော့မှ သစ္စာ မဖောက်ဘူး..."

" ဒီလိုပဲ ကြားချင်ပါတယ်အေ..."

ဒေါ်ဒေါ်က ဆူပူနေပေမယ့် ဝန်းရံတို့ ပြန်ရင် ယူသွားရအောင် ဆို... ငပိကြော်က အစ ကြော်ပြီးနေပြီ။ မင်္ဂလာဆွမ်းကျွေးရုံနဲ့ ဆွေမျိုးလောက်ပဲဆိုတော့ ထောပတ်ထမင်းကျွေးမယ်ဆို မှာလိုက်တာမို့ ဒေါ်ဒေါ် မပင်ပန်းရပါဘူး...။

" ငါ့ဟယ်... ဈေးသွားပါတယ်... ဇော်ထွန်းဆွေနဲ့မှ တည့်တည့်တိုးတယ်..., မဖိတ်လို့လည်း မကောင်းတော့ အကျိုး အကြောင်းပြောပြပြီး ဖိတ်ရတာပေါ့... ဝန်းရံကတော့ သိပ်ပျော် နေရောပေါ့လို့ ပြောတယ် "

" အံမယ်... ဝန်းရံ သိပ်ပျော်တာ ဘာဖြစ်လဲ..."

" နေပါဦးဟဲ့... မောင်နိုင်းကို အစ်ကိုတို့ မွေးစားတာကတော့ ဟုတ်ပါပြီ... သူ့မှာ မိဘအရင်းတွေကရော ရှိသေးလား..."

" ဝန်းရံဘယ်သိပါ့မလဲ... ဝန်းရံကို ဘာမှမှ မပြောကာ..."

" ငါလည်း မမေကို မေးကြည့်ဦးမှပါ "

" ဒေါ်ဒေါ်ကလည်း စပ်စုနေပြန်ပါပြီ "

" ဟယ်... ငါ့ကိုများ စပ်စုသတဲ့... သိချင်လို့ပေါ့ဟဲ့... ကိုယ့်သားလေးကိုများ ဒီလောက်ချစ်စရာကောင်းတာ... သူများ ပေးပစ်ရတယ်လို့ပဲ မောင်နိုင်းကလေ ငယ်ငယ်လေးတည်းက ချောချောလေးနဲ့ ချစ်စရာလေး လိမ်လည်းလိမ္မာတယ် ဝန်းရံနဲ့က တခြားစီ..."

တွေလား။



ဒေါ်ဒေါ်က ကိုကို့ကို ပိုချစ်တယ်... ဝန်းရံနဲ့ကတော့ အမြဲလို ဆူညံနေကျပဲ မဟုတ်လား...။

" ဖေဖေ ပြောပါရောလား... မျက်စိကွယ်နေတယ်ဆို မလိုချင်လို့ ပေးခဲ့တာ... ချစ်စရာလေးဆိုပြီး ဖေဖေက ယူထား လိုက်ပါတယ်ဆို..."

" သားသမီးပဲဟယ်... မျက်စိပဲကွယ်ကွယ် ခြေထောက်ပဲ ကျိုးကျိုး ချစ်ရမှာပဲ မဟုတ်လား "

" ဒေါ်ဒေါ်နဲ့ စိတ်ချင်းမတူလို့ပေါ့ ဒေါ်ဒေါ်ရယ်..."

" မိခင် ဖခင်ဆိုတာ အဲလိုပေါ့... ကိုယ့်ရင်သွေး မိုက်ထဲ ရောက်တယ်ဆိုရင်ပဲ... ကိုယ်လက်အင်္ဂါလေး စုံပါစေ... ကျန်းမာပါ စေဆို ကောင်းမှုကုသိုလ်တွေ များများလုပ်ပြီး မျှော်လင့်ရတာ... ဝန်းရံနော်... နင်လည်း ကျပ်ကျပ်သတိထား... နောက်ဆို နင်လည်း အမေ ဖြစ်ရတော့မှာ..."

" ဟာ... ဒေါ်ဒေါ်... ဘာတွေ လျှောက်ပြောနေလဲ..."

ဒေါ်ဒေါ့်နားကနေ ပြေးထွက်လာခဲ့မိပါပြီ...။ ဖေဖေက- အိပ်ခန်းထဲမှာ အိပ်နေပြီး မေမေက အလုပ်သွားတယ်လေ...။ ဝန်းရံ တစ်ယောက်တည်း ပျင်းနေတာမို့ ကိုကို့ဆီ ဖုန်းခေါ်လိုက်တယ်။

" ဝန်းရံလား... ကိုနိုင်းမရှိဘူး... ပြန်သွားပြီပေါ့... အိမ်မှာ ရှင်းလင်း ပြင်ဆင်နေရတယ်လေ... ဒီရောက်မှ ကျွန်တော်တို့က စားဖို့စောင့်နေတာ "

" ကျွေးမှာပေါ့ ကိုလင်းဇေရယ်... အရေးကြီးကိစ္စ မရှိပါဘူး... သတိရလို့ပါ "

" အရမ်းသတိရနေတယ်လား "

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းဇေက နောက်နေသေးတယ်။ ကိုကိုပြန်သွားပြီတဲ့။ အိမ်မှာ ပြင်ဆင် ရှင်းလင်းနေရသတဲ့။ ဝန်းရံရောက်တာနဲ့ အဆင်သင့် ဘာမှလိုလေသေး မရှိအောင် ပြင်ဆင်နေသတဲ့လေ… ပင်ပန်းလိုက်တာ… ဝန်းရံရောက်တော့မှ လိုတာတွေ နောက်ကိုဝယ်မှာပေါ့… ပြင်ဆင်မှာပေါ့…။

ခုရက်ပိုင်း အတော်အအေးပေါ့လာပါပြီ… ဆောင်းကလည်း တစ်လ နှစ်လနှင့် နှုတ်ဆက် ထွက်ခွာတော့မှာလားလည်း မသိ။

✡ ✡ ✡

" ကျွန်တော် ဒီညရထားနဲ့ရန်ကုန်ပြန်မှာမို့ လာနှုတ်ဆက်တာပါ ဦး "

ဦးမောင်မောင်ကြည်က အိပ်ရာပေါ်မှာပဲ ခွေခွေလေး လှဲနေရရှာတာပါ။ ဒေါ်ဒေါ်ညိုကတော့ ကော်ဖီဖျော်ဦးမယ်ဆိုပြီး ထွက်သွားပြန်ပါပြီ။ သူ့အိမ်လာလို့ကတော့ တစ်ခုမဟုတ် တစ်ခု ကျွေးတော့တာပါပဲ။

နှိုင်းဆလက်ကို ဆုပ်ကိုင်ပြီး ကြည့်နေလိုက်တာ။

လေဖြတ်ထားတဲ့ လူတွေရဲ့ ဝမ်းနည်းစိတ်ကို နားလည်စွာနဲ့ ငြိမ်နေလိုက်ပါတယ်။ နေမကောင်းတဲ့လူ တော်တော်များများဟာ ဆရာဝန်ကို မြင်ရင် ဒီလိုပဲ အားကိုးတတ်ကြတာပဲလေ…။

" သားတောင် လက်ထပ်တော့မှာကိုး… "

အသံမပီသပေမယ့် နားထောင်ရင်တော့ သိနိုင်ပါသေးတယ်။

" ဆရာ ကော်ဖီသောက်ပါဦး… "

" ကျွန်တော် ပြန်မလာခင် ဦး နေမကောင်းလို့ကတော့ လင်းဇေကိုပဲ ခေါ်ပေါ့… အားနာစရာ မရှိပါဘူး… ကျွန်တော် ပြောခဲ့ပါတယ် "

" ကျေးဇူးပါပဲ… မင်းဦးက တစ်နေ့ရွှေ တစ်နေ့ငွေတောင် မဟုတ်တော့ဘူး တစ်နေ့တည်း ရွှေရော ငွေရော စုံနေပါပြီကွယ်… "

ကော်ဖီသောက်ပြီး ပြန်တော့မယ်ဆိုပေမယ့် ဦးမောင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည်က လက်ကို မလွှတ်ပဲ ဆွဲထားပြန်ပါတယ်။ အားနာပြီး နှိုင်းဆ စကားပြောနေရပြန်တာပေါ့။

" ဖေဖေ… ကိုနှိုင်းက ဘူတာဆင်းရဦးမယ်… ပစ္စည်း သိမ်းစရာရှိမှာပေါ့… လက်ကို လွှတ်ပေးလိုက်လေ "

ထိန်လင်းနိုင်က ဝင်ပြောပေးပါတယ်။

လူမမာက မျက်ရည်တွေ ကျလာပြန်ပါပြီ။ နှိုင်းဆ စိတ် မကောင်းပါဘူး… အိပ်ရာပေါ်လဲနေပြီဆိုတော့ အားငယ်မှုတွေက များနေရောပေါ့…။ ဒေါ်ဒေါ်ညိုက အိမ်ရှေ့ထိ လိုက်ပို့ပါတယ်။

" ကိုမောင်ကြည်က ဆရာ့ကို ပိုခင်နေပြီ… ဆရာလင်း ဆိုရင်တော့ ခုလောက် မခင်မင်ပါဘူး…"

" ရပါတယ် ဒေါ်ဒေါ်ညို… ကျွန်တော်တို့တွေက မိသားစု တွေလိုပဲ ဖြစ်နေပါပြီ…"

အိမ်ဘက်ပြန်လာတဲ့အခါမှာ…

" ကိုနှိုင်း… ကိုနှိုင်း…"

" ဟင်… ကိုထိန်… ဘာကိစ္စလဲ "

" ကိုနှိုင်းနဲ့ မြဝန်းရဲ့ လက်ထပ်တော့မှာဆိုတော့ ပစ္စည်းတွေ ဝယ်ပြီးပြီလား… မှန်တင်ခုံမဝယ်ရသေးရင် မဝယ်ပါနဲ့… အခု ကျွန်တော် လက်သမားလုပ်နေတယ်… လက်ဖွဲ့ချင်လို့ပါ…"

" ရပါတယ်… အားနာစရာ ကိုထိန်ရယ်… မှန်တင်ခုံကတော့ ဝန်းရဲ့လာမှ သူ့အကြိုက်ဝယ်ပေးမလားဆို… မဝယ်ရသေးပါဘူး "

" ဒါဆို ပြန်လာရင် အဆင်သင့် ပြင်ထားပေးပါမယ်…"

ချိုင်းထောက်နှစ်ဘက်နဲ့ ရွေ့လျားသွားနေရလို့လားမသိ… ကိုထိန့်လက်တွေက သန်မာလိုက်တာ။ လက်သမားလုပ်နေသတဲ့။



ဆိုးတော့ မဆိုးပါဘူး… သူ့အင်အားကို ရှိတဲ့နေရာမှာ အသုံးချတတ် တာပါလား…။

ပစ္စည်းက အိတ်တစ်လုံးပဲ ယူရမှာ။ များများစားစား ပြင်ဆင် စရာလည်း မရှိပါဘူး…။

" ဆရာ "

" ဩော် ဒေါ်ဒေါ်ညို… ဘာတွေလဲ…"

" ဆရာ ရထားပေါ် စားသွားရအောင်ပါ… လက်ဖက်နဲ့ ကြက်သားကြော် "

" ပင်ပန်းအောင် ဒေါ်ဒေါ်ညိုရယ်… ကျွန်တော် ညဘက် အိပ်သွားတာပါ… မဆာပါဘူး…"

ဒေါ်ဒေါ်ညိုက ကုလားထိုင်လေးမှာ ဝင်ထိုင်နေပြန်ပါတယ်။ ငယ်စဉ်ကတော့ ရုပ်ရည် ချောမော သန့်ပြန့်မယ် သေချာပါရဲ့။ အခုတော့ လူမမာ ခင်ပွန်း ပြုစုရသလို သားလေးတစ်ယောက်ကလည်း အားမကိုးလောက်တော့ ပင်ပန်းရှာပုံပါပဲ။ ဆံပင်တွေတောင် ဖြူဖွေး နေခဲ့ပြီ…။

" ဒါက ဘာလဲ ဒေါ်ဒေါ်ညို "

စားပွဲပေါ်ကို အထုပ်ကလေးတစ်ထုပ် တင်ပေးတဲ့အတွက် မေးမိပါပြီ။ မင်္ဂလာလက်ဖွဲ့ပါတဲ့။

" မဟုတ်တာ ဒေါ်ဒေါ်ညိုရယ်… မပေးပါနဲ့… ကျွန်တော်တို့ လည်း ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်တာ မဟုတ်ပါဘူး…"

" ဘယ်ဟုတ်မလဲ… မင်္ဂလာအထိမ်းအမှတ်တော့ ပေးသင့် တယ်လေ…"

" ဒေါ်ဒေါ်ညို့မှာ ဦးလေး ဆေးဖိုးတွေနဲ့… အကုန်အကျ

www.burmeseclassic.com



များပါတယ်…"

" ရပါတယ်… ဒေါ်ဒေါ် ဟိုးခပ်ငယ်ငယ်က ကျောက်အရောင်းအဝယ် လုပ်ခဲ့တာပါ… ဆရာ့ဦးလေးက ငယ်တုန်းက ဆိုးတယ်… ဒေါ်ဒေါ်ကို ပြန်လှည့်မကြည့်တော့ ကိုယ့်ဘာသာပဲ ကျောက် အရောင်းအဝယ်နဲ့ စားရတယ်… စုဆောင်းထားတာလေးတွေ ရှိပါတယ်… ဆရာကိုတွေ့တော့ စိတ်မှာ ချစ်ခင်မိတယ်လေ… ဒါကြောင့်ပါ… မေမေနဲ့ ဖေဖေ့ကိုလည်း သတိရကြောင်း ပြောပြနော်…"

" ဟုတ်ကဲ့ပါ ဒေါ်ဒေါ်ညို…"

" ဒေါ်ဒေါ် တတ်နိုင်တာလေး လက်ဖွဲ့တာပါ…"

နှုတ်ဆက်ပြီး ပြန်သွားပါပြီ…။ လက်ဖွဲ့ဘူးလေးကို ယူသွားမယ်လေ။ လင်းဇေ လက်ဖွဲ့တာကတော့ အဝတ်ဘီရိုတစ်လုံးမို့ ဝန်းရံလိုက်လာမှပဲ ပြရတော့မယ် အန်တီမိုးတို့ကလည်း ဘာတွေ လက်ဖွဲ့တယ်မသိ… အထုပ်ကလေးတွေဆိုတော့ ထည့်ယူလာရပါတယ်။

ဒေါ်ဒေါ်ညို လက်ဖွဲ့ပြီးပြီပဲ။

ထိန်လင်းနိုင်က ဘာလို့ ထပ်လက်ဖွဲ့ရဦးမှာလဲ။ ပြန်လာမှပဲ ငြင်းရတော့မယ်။ အိမ်ကလေးကို တစ်ခေါက်လှည့်ပတ်ကြည့်ရင်း ကြည်နူးစွာ ပြုံးမိပါတယ်… စိတ်ထဲမှာလည်း ပြောမိတာပေါ့…။

" ပြန်လာရင်တော့ နှင်းဆအတွက် ဘဝခရီးဖော် ဝန်းရံကို ခေါ်လာတော့မှာမို့ ကြိုလှည့်တော့ အိမ်ကလေးရေ…"

စိတ်မှာ ပျော်ရွှင်ကြည်နူးမှုတွေ အပြည့်နဲ့ ဝန်းရံရှိရာ ကိုကို ပြန်လာခဲ့ပြီ။

✡ ✡ ✡

" ဝန်းရံ… အလုပ်လုပ်တာ စိတ်ပါလက်ပါ လုပ်မှပေါ့… ကလေးလည်း မဟုတ်တော့ဘူး… မနက်ဖြန်ဆိုရင်ပဲ လက်ထပ်အိမ်ထောင်ကျတော့မှာ…"

" စိတ်ပါပါတယ် ဒေါ်ဒေါ်ရယ်… ဝန်းရံက အိမ်ရှေ့မှာ ဖေဖေနဲ့ မေမေကို ကိုကိုဘာတွေပြောနေသလဲ သိချင်နေတာမို့ပါ…"

" ဒါဆို သွားပါ မမရယ်… သွားပါ ကျွန်မတစ်ယောက်တည်း ပြင်လိုက်ပါမယ် "

ဒေါ်ဒေါ်လွှတ်တယ်ဆိုမှ မီးဖိုထဲက ထွက်ရတော့တယ်။ ဖေဖေကတော့ ကိုကိုနဲ့တွေ့ရင် ပြုံးနေတော့တာပါပဲ…။ မေမေကတော့ ကွမ်းယာတာတစ်လုံးနဲ့ အလုပ်ရှုပ်နေရာက တစ်ခါတစ်ခါမှ ဝင်စကားပြောပါတယ်။

" ဝန်းရံ… ဒေါ်ဒေါ့်ကို မကူဘူးလား "

" ကူပြီးပါပြီ ကိုကိုရဲ့…"

" လင်းဇေက အဝတ်ဘီရိုတစ်လုံး လက်ဖွဲ့တယ်… အန်တီမိုးတို့ လက်ဖွဲ့တာတွေတော့ ယူခဲ့တယ်… ပြီးတော့ ဖေဖေနဲ့ မေမေ့ကို ပြောရဦးမယ်… ဒေါ်ဒေါ်ညိုက အရင် ကျောက်အရောင်းအဝယ် လုပ်တယ်ပြောပြီး လက်ဖွဲ့ပေးတယ်… ဘာလဲတော့ မသိဘူး…"

" ဟုတ်လား… သားလာကာနီး သူတို့ကိုရော နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လား ”

“ အကျိုးအကြောင်း ရှင်းပြခဲ့ပါတယ်… ဝန်းရံ… ထိန်လင်းနိုင်က ဝန်းရံဖို့ မှန်တင်ခုံ လက်ဖွဲ့ချင်လို့ မဝယ်ပါနဲ့တဲ့… သူအခု လက်သမား လုပ်နေတယ် ပြောတာပဲ…”

“ ကိုထိန်က လက်သမား လုပ်နေသလား… သူ့ခမျာ ခြေထောက်မကောင်းတော့လည်း လက်နဲ့ အလုပ်လုပ်ရတာပေါ့လေ… သနားပါတယ် ”

ဝန်းရံစိတ်မှာတော့ ကိုထိန့်အပေါ် ခင်မင်တာ ရိုးရိုးသားသား ဖြူဖြူစင်စင်နဲ့ သနားတာပဲ ပိုပါတယ်။ ကိုကိုက အခုကျတော့ ကိုထိန်နဲ့ မခင်ရဘူးလို့ မပြောတော့ဘူးလား…။

“ ဦးမောင်မောင်ကြည် အခြေအနေကရော…”

“ ဒေါ်ဒေါ်ညို ပြောသလိုပါပဲ… တစ်နေ့တည်း ရွှေရော ငွေရော ဆိုသလိုပေါ့… ပြန်ကောင်းဖို့ မလွယ်ပါဘူး ဖေဖေရယ်…”

“ ဖေဖေလည်း အခုအချိန် လူမမာပါပဲ ဒီတော့ ကိုယ်ချင်းစာပါတယ်… စိတ်သွားတိုင်း လူကမလိုက်နိုင်တော့ အလိုမကျချင်တော့ဘူး… ဒါတောင် ဖေဖေက တရားသမားအဖြစ် နေလာတာ… စိတ်ကို ဖြေလျှော့နိုင်တယ်… ကိုယ့်အဖေအရွယ်ပဲ သားရယ်… စာနာပြီး ချစ်ခင် ဂရုစိုက်ပါ…”

“ ဟုတ်ကဲ့ပါ…”

“ သမီး… စန်းစန်းတို့ခြံမှာ မေမေ သစ်ခွပန်းမှာထားတယ်… သွားယူပေးပါလား…”

“ ဝန်းရံသွားမှာဆို ကိုကိုလိုက်ပို့မယ်လေ…”

မမစန်းတို့ခြံက သိပ်မဝေးတော့ လမ်းလျှောက်သွားမယ်ဆိုပြီး



ထွက်လာခဲ့ပါတယ်။ ငယ်ငယ်တုန်းကလည်း မာမီက မမစန်းတို့ခြံကို ခိုင်းရင် ဝန်းရံတို့ ဒီလမ်းမှာ ပြေးလွှားသွားခဲ့ကြတာ။ ခရေပင်တွေ စိပ်စိပ်စိုက်ထားတဲ့ ဒီလမ်းမှာ ကားအသွားအလာကလည်း ရှင်းလေတော့ ပြေးလို့လည်း ကောင်းတာပေါ့။

“ ငယ်ငယ်တုန်းကလိုပဲ ပြေးရအောင်လား ကိုကို… ပျော်မှာပဲ…”

“ ပြေးနိုင်ပါဦးမလား… ငယ်ငယ်ကတော့ ဝန်းရံပြေးရင် မြန်လွန်းလို့ ကိုကို ဘယ်တော့မှ မမီဘူး… အခုကော အဲဒီလောက် ပြေးနိုင်မလား ”

“ နိုပြေးနိုင်တယ် ”

“ ဒါဆို ပြေးလေ… ကိုကိုကတော့ မပြေးနိုင်တော့ဘူး… မောတယ် ”

“ ပြေးနိုင်ပေမယ့် မပြေးတော့ပါဘူး… ဝန်းရံက လူကြီးဖြစ်ပြီပဲ ”

“ ဝန်းရံ လူကြီးဖြစ်ပြီ… တယ်ဟုတ်ပါလား ”

“ ကိုကိုကလည်း မနက်ဖြန်ဆိုရင်ပဲ ဝန်းရံလက်ထပ်တော့မှာ လူကြီးပေါ့ ”

“ ဟုတ်ပါတယ်… ဟုတ်တာပေါ့… အိမ်ရှင်မကြီးဖြစ်ပြီပဲ လူကြီးပေါ့…”

ကိုကို့လက်ကို တွဲပြီး လျှောက်ရတဲ့လမ်းဟာ ထာဝရပါပဲလေ…။ စိတ်မှာ ပျော်ရွှင် ချမ်းမြေ့ခြင်းတွေမှ အများကြီး။ ဒီအချိန်မှာမှ ရှေကလျှောက်လာတဲ့ကောင်မလေးတစ်ယောက်ဟာ ချိုင်းထောက်လေး နှစ်ဘက်ကို အားစိုက်လျှောက်နေရတဲ့အခါ…။

www.burmeseclassic.com



" ကိုထိန့်လိုပါပဲလား... သနားပါတယ်... ကိုထိန်ပြောတယ်... လက်ဖဝါးတွေဆို ကြမ်းတမ်းနေတာပဲတဲ့..."

ဝန်းရံကတော့ ဖြူစင်စွာ စိတ်ထဲရှိတဲ့အတိုင်း သဘောရိုးနဲ့ ပြောတာပါ။ ငဲ့စောင်းကြည့်လာတဲ့... ကိုကို့မျက်ဝန်းတွေမှ မကြည်လင်ခြင်းကို ဝန်းရံ မသိလိုက်ပါဘူး။

တကယ်ဆို ရိုးသားဖြူစင်မှု ရှိပါတယ် ဘယ်သို့ဆိုဆို ကိုယ့်ချစ်သူရဲ့ အရိပ်အကဲကို နားလည်တတ်ဖို့လည်း လိုသေးတာပဲ မဟုတ်လား။

✡ ✡ ✡

ဝန်းရံကို ခုလိုမျိုး ယဉ်ကျေးသိမ်မွေ့လွန်းသော အခြင်းအဆင်နှင့် တွေ့ရတာ တကယ် နှစ်သက်စရာကောင်းပါတယ်။ မင်္ဂလာဆွမ်းကျွေးတယ် ဆိုတာကလည်း ဒီကျောင်းမှာ ဖေဖေ အမြဲလို လှူနေကျဆိုတော့ အရင်တုန်းက အလှူတွေ အတိုင်းပါပဲလား...။ လာတဲ့ဧည့်သည်ဆိုတာတွေကလည်း ဆွေမျိုးတွေဆိုတော့ သိပ်ဧည့်ခံနေစရာ မလိုပါဘူးလေ။ သူတို့အချင်းချင်းပဲ စကားတွေ ပြောနေကြတာပါ...။

" ဝန်းရံ မောပြီလား "

" မမောပါဘူး... ဝန်းရံက ထိုင်နေတာပဲဟာ... ကိုကိုသာ လျှောက်စကားပြောနေတာ..."

" ကေရီတို့လာနေတယ် သွားခေါ်ချေဦးမယ်..."

ကေရီကတော့ ဝန်းရံကို ပြောတော့တယ်။ သတို့သားနဲ့ ငါနဲ့မှ လိုက်တာတဲ့... ပြီးတော့ နှိုင်းဆကို လက်ချိတ်ပြီး ဓာတ်ပုံရိုက်ချင်တယ်လို့ ပြောနေပြန်ရော။ ခုလိုကျတော့လည်း ဝန်းရံ ရယ်နေပြန်ပါတယ်။

" ဝန်းရံ... ခဏ..."

ဖေဖေတို့ မေမေတို့ဆို ပြုံးလို့...။ ဒီလိုမြင်ရတော့ နှိုင်းဆ ဝမ်းသာပါတယ်။ ဖေဖေက ကုလားထိုင်လေးနဲ့ ထိုင်ရင်း အားလုံးကို ကြည့်လို့ ပျော်နေပုံပါပဲ။ နှိုင်းဆက ကြာကြာမနေနိုင်တော့ မနက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



မနက်အစောကြီး ရထားနဲ့ ပြန်ကြမယ်လေ...။

ကေရီတို့ ကဲပြီး နှိုင်းဆနင့်တွဲ ဓာတ်ပုံရိုက်တော့ ဝန်းရံ အမတိုတော့ဘူးလား။ ရယ်နိုင်နေပါရော...။ ဇော်ထွန်းဆွေ တစ်ယောက် လည်း ရောက်ဖြစ်အောင် ရောက်လာရှာပါတယ်။ ဓာတ်ပုံရိုက်ကြတော့ ဝန်းရံအား နေတယ်လေ။ ဝန်းရံက ခုလိုကျတော့လည်း ခါးခါးသီးသီး ဆူပူခဲ့တဲ့ ဇော်ထွန်းဆွေကို လိုက်လိုက်လျောလျောနဲ့ ရယ်နေရှာသား။

" အချစ်ဟောင်းကြီးလာတော့ ရင်ထဲ စိတ်မကောင်း မဖြစ်ဘူးလား "

" ကိုကိုနော်... မနောက်နဲ့... လူတွေကြားထဲဆိုပေမယ့် ဆွေမျိုးတွေချည်းပဲ... အိမ်မှာလို ကောင်းကောင်း ထုလိုက်မှာ..."

ဝန်းရံနဲ့ နှိုင်းဆအတွက်တော့ ဘယ်လိုမှ ထင်မှတ်မထားခဲ့တဲ့ ဒီလိုတာဝလေးဟာ ပျော်ရွှင်ဖွယ်နှင့်တော့ ပြည့်စုံလှပါတယ်။ အပြန်ကျ တော့ ဖေဖေ့ကို ဂရုစိုက်ပြီး နှိုင်းဆ ပွေ့ချီလို့ အိမ်ထဲပြန်ဝင်ခဲ့တဲ့ အချိန်မှာမှ...။

" အမလေး... ဒေါ်ဒေါ်..., ဒေါ်ဒေါ်..."

ဒေါ်ဒေါ်က ကားပေါ်ကနေဆင်းပြီး အိမ်ပေါ်တက်ဖို့ အပြင် မှာမှ ဘေးဘက်မြောင်းထဲ ချော်လဲကျသွားတော့တာပါ။ နှိုင်းဆ မှာကလည်း ဖေဖေ့ကို ပွေ့ချီထားတာဆိုတော့ ဖေဖေ့ကို ဧည့်ခန်းထဲ အရင်ပို့ရတယ်။

" သား... သွား... သွား.... နုနုကို သွားကြည့်ချေ... ဖေဖေ့ကို ထားခဲ့..."

ဒေါ်ဒေါ်ဆီ ပြန်ပြေးလာခဲ့ရပါတယ်။

ဒေါ်ဒေါ်ကို မေမေတို့ ဝန်းရံတို့ ပွေ့ထားပါလား။ သတိရနေ



ပေမယ့် တအင်းအင်း ညည်းနေလေတော့ ဒေါ်ဒေါ်ကို ပွေ့ချီပြီး ဆေးရုံသွားရပြန်ပါရော...။ ဝန်းရံခမျာလည်း မျက်နှာငယ်လေးနှင့် ဒေါ်ဒေါ့်အတွက် စိတ်ပူနေရရှာပါပြီ။

" ဆေးရုံမှာ တစ်ရက်နှစ်ရက်တော့ နေရလိမ့်မယ် ဝန်းရံ... ခြေထောက် ကျိုးသွားတယ်... လက်ကျိုးသွားတယ်... ဘေးတစ်စောင်း လိမ့်ကျလိုက်တာ မဟုတ်လား... ခေါင်းကိုလည်း ဓာတ်မှန်ရိုက်ထား ရတယ်... ကိုကိုတို့ မနက်ဖြန် ပြန်ဖို့တောင် အခက်ပဲ..."

ဒေါ်ဒေါ့်ခမျာလည်း ဘယ် ခုလို ဖြစ်ချင်ပါ့မလည်းလေ...။

ဖြစ်လာမှတော့... အကောင်းဆုံးဖြစ်အောင် စဉ်းစားရတော့မှာ ပေါ့...။ မနက်ဖြန်ပြန်ဖို့ကတော့ မပြန်လို့လည်း မဖြစ်...။ လင်းဓေ တစ်ယောက်တည်းဆို မဖြစ်နိုင်...။ ခွင့်ရက်တွေလည်း မရှိတော့ ဘူးလေ...။ သက်ပြင်းဖွဖွ ရှိုက်မိပါပေါ့...။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

" ဝန်းရံ... ဒေါ်ဒေါ် စိတ်မကောင်းပါဘူး "

" စိတ်မကောင်း မဖြစ်ပါနဲ့ ဒေါ်ဒေါ်... ဒေါ်ဒေါ်လည်း ခုလိုမျိုး ခြေထောက်ရော လက်ပါ ကျောက်ပတ်တီးတွေနဲ့ ဘယ်နေချင်ပါ့မလဲ... ဒေါ်ဒေါ်နေကောင်းရင် ဝန်းရံလိုက်သွားမှာပေါ့... ကိုကိုကလည်း မနေချင်လို့ မဟုတ်ပါဘူး... ဟိုမှာ ကိုလင်းဇေတစ်ယောက်တည်း... ဒါကြောင့်ပါ..."

ကိုကိုက ပြန်ရမယ့်အစီအစဉ်အတိုင်း ပြန်သွားပေမယ့် ဝန်းရံကတော့ ဒေါ်ဒေါ့်ကို ကူညီဖို့ရော... ဖေဖေနဲ့ မေမေ စားသောက်ဖို့ စီစဉ်ရမှာရောနဲ့ နေရစ်ခဲ့ရပါပြီ...။ ဒေါ်ဒေါ့်ခများလည်း ကံကောင်းလို့သာ ဦးခေါင်းလိုမျိုး အန္တရာယ်ဖြစ်နိုင်သော နေရာတွေ မထိခိုက်ခဲ့တာပါ။ ခြေထောက်နဲ့လက်မှာသာ ကျောက်ပတ်တီးတွေ စည်းထားရတာ။ ဒေါ်ဒေါ် ဘယ်လို ထမင်းချက်မလဲ... သူ့ဘာသာတောင် မနည်းသွားလာနေရတာ...။

" ဒီပတ်တီးတွေ ဖြေတဲ့အထိ ဆိုရင် ဝန်းရံ သုံးလေးလ နေနေရမယ်... မဖြစ်ပါဘူး... မောင်နိုင်းတစ်ယောက်တည်း နေနေရမှာ"

" ကိုကိုက နေတတ်ပါတယ်... ဒေါ်ဒေါ်သာ ပူမနေပါနဲ့"

" ငါ မမေကို တိုင်ပင်မှပါ..."

ဖေဖေနှင့် မေမေကလည်း ဒေါ်ဒေါ့်လိုပါပဲ... ကိုကိုနှင့်



ဝန်းရံတို့ တစ်ယောက် တစ်နေရာနဲ့ နေနေရတာ မနှစ်သက်ဘူးပေါ့...။

" ရွာကနေ အေးစိန်မကို ခေါ်ရင်ကောင်းမလား မမေ... မိချို့ကို ငွေပေးရမှာပေါ့... မိချို့စိတ်ကျေနပ်ရင် အေးစိန်မကို လေးငါးခြောက်လ ငှားလိုက်ရရင်ကော..."

ဒေါ်ဒေါ်ပြောသလို မေမေကလည်း သဘောကျတာမို့... အေးစိန်မကို လှမ်းခေါ်ကြပြန်ပါတယ်။ ဒါပေမယ့် မိချို့က မီးဖွားနေတာမို့ အေးစိန်မက နောက်ထပ် သုံးလလောက်နေမှ လာနိုင်မယ်တဲ့လေ...။

" ဒေါ်ဒေါ်တို့ မေမေတို့ စိတ်ပူမနေပါနဲ့... အေးစိန်မ လာနေနိုင်မှ ကိုကို့ဆီကို ဝန်းရံလိုက်သွားပါမယ်... အခုတော့ ဝန်းရံ ကူညီပါမယ်..."

ကိုကိုကလည်း ဒေါ်ဒေါ်နေကောင်းတော့မှ ဝန်းရံလိုက်လာဖို့ပဲ မှာပါတယ်။

" သားနဲ့သမီး လက်ထပ်ကြီးပြီပဲ... ဖေဖေကတော့ စိတ်အေးပါပြီ... နုနု ခြေထောက်အတော်ကောင်းမှ သမီးလိုက်သွားပေါ့ "

ဒေါ်ဒေါ် အလုပ်မလုပ်နိုင်ကဲ့အခါ ဝန်းရံတစ်ယောက်တည်း အိမ်မှုကိစ္စတွေ လုပ်ရပါတယ်။ ဈေးသွားလည်း ဝန်းရံ... အိမ်ရှင်းလည်း ဝန်းရံ... ချက်ပြုတ်တော့လည်း ဝန်းရံပေါ့လေ...။

ဈေးဝယ်ရတာကိုတော့ ဝန်းရံ အနည်းငယ် စိတ်ညစ်သွားလား... ဘာဟင်းချက်ရမလဲ စဉ်းစားရတာ အတော်ဦးနှောက်ခြောက်ပါတယ်။ ဖေဖေနဲ့တည့်အောင် ကြက်သား ငါးပဲ ထပ်တလဲလဲချက်နေရတာ။ မေမေကတော့ ဘာမဆို စားလို့ ရပါတယ်။ ဒေါ်ဒေါ်လိုလည်း ဖွယ်ဖွယ်ရာရာ မစီစဉ်တတ်တော့ စိတ်မောရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



" ဝန်းရံ..."

" ဟယ်... ကိုဇော်ထွန်းဆွေ... ဘယ်လဲ..."

" ဒီတိုက်မှာ အဒေါ်ဝမ်းကွဲတစ်ယောက် ရှိတယ်... ဈေးဝယ်လာတာလား "

" ဟုတ်တယ်..."

" ဒေါ်ဒေါ်ရော သက်သာနေပြီ မဟုတ်လား... ဟိုမှာ နိုင်းဆ တစ်ယောက်တည်းပေါ့ ဟုတ်လား... ကိန္နရီချောင်းခြားနေပြီပေါ့..."

" အခြေအနေအရပေါ့ ကိုဇော်ထွန်းဆွေရယ်..."

" လာ... ပြန်ပို့ပေးမယ် "

" မလိုက်တော့ဘူး... ဝန်းရံလမ်းလျှောက်ပြန်မှာ "

" ဒါဆို ဦးတို့ကို တွေ့ရအောင်... လိုက်ခဲ့မယ်... ပေး... ဆွဲခြင်းကြီး..."

ဝန်းရံလက်ထဲမှ ဆွဲခြင်းကို လုယူသွားပြန်ပါပြီ။ နှစ်ယောက်အတူ လျှောက်လာခဲ့ရင်းမှ စကားတွေပြောနေမိတာပါ။ အိမ်ပြန်ရောက်တော့ ဇော်ထွန်းဆွေနဲ့ ဖေဖေတို့ စကားဝိုင်းထဲ ဝန်းရံဝင်မပါတော့ပဲ ထမင်းပဲ ချက်နေလိုက်တာပါ...။ ဒီနေ့မှပဲ ကြက်ဟင်းခါးသီး ဝယ်မိတယ်။ ဖေဖေ မစားရပေမယ့်... ကိုကို သိပ်ကြိုက်ပါလားလို့ အမှတ်ရမိပါပြီ...။ နေ့တိုင်းလို ဖုန်းဆက်တယ် ဆိုပေမယ့် အလွမ်းတွေကတော့ ရှိနေဆဲပါလား...။

" ဝန်းရံ..."

" ဒေါ်ဒေါ်... ဘာလို့လမ်းလျှောက်နေတာလဲ... တော်ကြာမှ ခြေထောက်က တစ်ခုခု ဖြစ်သွားဦးမယ် "



" ဇော်ထွန်းဆွေနဲ့ ဘယ်မှာတွေ့လာတာလဲ "

" ဈေးနားမှာလေ..."

" နင်တို့နှစ်ယောက် လျှောက်လာတာကို ငါ ဝရန်တာကနေ မြင်ပါတယ်..."

" ဘာဖြစ်လို့လဲ ဒေါ်ဒေါ် "

" ကိုယ်က အိမ်ထောင်ကျနေပြီ... ကိုယ့်ခင်ပွန်းမဟုတ်တဲ့ အမျိုးသားတစ်ယောက်နဲ့ နောက်ကို ခုလို အတူမလျှောက်နဲ့ ကြားလား ဝန်းရံ..."

" ဒေါ်ဒေါ်ကလည်း လမ်းကြုံလို့ စကားပြောလာတာ... ဇော်ထွန်းဆွေကို ဝန်းရံ အမျိုးတုန်းကတောင် မကြိုက်သေးတာ... အခု ဘာစိတ်ရှိရမှာလဲ "

" ဟဲ့ အဲဒါ နင့်အတွေးလေ... ပတ်ဝန်းကျင်ရှိတယ်... ပြီးတော့ ကိုယ်က ခင်ပွန်းနဲ့ ခွဲနေရတာ... မိန်းမဆိုတာ အပျိုလည်း အပျိုမို့ အိမ်ထောင်သည်လည်း အိမ်ထောင်သည်မို့ အပြောအဆို အနေအထိုင် အသွားအလာ အကုန် ဆင်ခြင်ရတယ် "

" ဝန်းရံတို့ ရိုးသားဖြူစင်ပါတယ်... ကိုကိုလည်း သိနေတာ..."

" ပြောရခက်လိုက်တာ ဝန်းရံရယ်... နင်တို့ဖြူစင်တာ နင်တို့ပဲ သိတာ..."

" ကိုယ်ဖြူစင်ဖို့ပဲ အရေးကြီးတာပါ..."

ဒေါ်ဒေါ်ကလည်းလေ။ ဇော်ထွန်းဆွေကို ကြိုက်ခဲ့ရင် လက်ထပ်လို့ရတာ ကြာလှပေါ့။ ရိုးသားလို့သာ ငြင်းခဲ့တာပဲ။ လူကြီးတွေဆိုတာ ဟိုဟာ စိတ်ပူ ဒီဟာ စိတ်ပူနဲ့... တစ်ခါတစ်ခါ

www.burmeseclassic.com



အပိုတွေ လိုက်ပူနေသလိုပါပဲ။ ဝန်းရံကတော့ ကိုယ့်ဖြူစင်မှုကိုပဲ အရေးထားတယ်။

" ကိုကိုသိရင်လည်း ဇော်ထွန်းဆွေဆိုတာနဲ့ ရယ်ပါလိမ့်မယ်... ဝန်းရံ လုံးဝစိတ်မဝင်စားတာ ကိုကိုအသိဆုံးပေါ့..."

ဒေါ်ဒေါ်ကတော့ နင့်ကို ငါပြောရတာ မောတယ်တဲ့။ မောလည်းမပြောနဲ့တော့ ဒေါ်ဒေါ်ရေ့ဆို ဟင်းချက်နေလိုက်ပါတော့တယ်။

✡ ✡ ✡

" ကိုနိုင်းအဖြစ်ကလည်းဗျာ... ချစ်စခင်စ ခွဲနေရတယ်... ပြီးတော့ အေးလွန်းတဲ့ဆောင်းမှာ မောင်တစ်ရွာ မယ်တစ်မြို့ ဖြစ်နေပါရဲ့... ဒေါ်ဒေါ်က ရက်စက်လွန်းပါတယ်... ချော်လဲချင်ရင်လည်း ခုလောက်မှလဲပါလား..."

လင်းဇေအပြောကြောင့် အန်တီမိုးက အားပါးတရ ဟက်ဟက်ပက်ပက်ကို ရယ်တော့တယ်လေ...။ ခုလောက်မှလဲရင်လည်း ဝန်းရံပြန်ရမှာပါပဲလို့ နိုင်းဆ ပြောလိုက်မိပါပြီ။

" လူကြီးသုံးယောက်လုံးရော ဝန်းရံကိုပါ ဒီပဲခေါ်ထားလိုက်ပါလား ကိုနိုင်းရာ..."

" အဲလိုလည်း မဖြစ်ဘူး လင်းဇေ... မေမေက အလုပ်ရှိတယ် သူ့အလုပ်ရဲ့ဝင်ငွေနဲ့ ကိုယ်တို့တောင် ကျောင်းတက်ခဲ့ကြတာ... သူ့အလုပ်ကို မပစ်နိုင်ဘူး... ပြီးတော့အအေးကုန်ပြီဆို ဒီမှာက အရမ်းပူလာဦးမယ်... ဖေဖေက ရာသီဥတုပြင်းပြင်းဒဏ်တွေ မခံနိုင်တော့ဘူး... ဒီလိုပေါ့ လင်းဇေရယ်... ခွဲနေရတော့ ချစ်ရတာတွေ ပိုသိတာပေါ့..."

" ဆရာနိုင်းလည်း အပြောကောင်းပါလား... ကြည့်ရတာ ဝန်းရံကို ဒီစကားတွေ ပြောပြီးပြီနဲ့ တူပါရဲ့..."

အဲဒီစကားတွေက ဝန်းရံ ပြောပြခဲ့တာပါ...။

ဝန်းရံလိုက်မလာနိုင်တော့ဘူးဆိုတော့... နိုင်းဆ စိတ်မကောင်းဖြစ်သွားမှန်း သိလို့ ဒီစကားကို ပြောခဲ့တယ်။ ခွဲနေရ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတာတွေဟာ ပိုသိလာသလို အနီးကပ်နေတဲ့အချိန်မှာ ချစ်နိုင်သမျှ ပိုချစ်ရမယ်ဆိုတာလည်း နားလည်ရတာပေါ့တဲ့။ ဒါကြောင့် အခု ခဏ ခွဲနေရတုန်း အလွမ်းတွေနဲ့ ပိုချစ်နေပြီး ပြန်ဆုံရတော့မှ အချစ်တွေနဲ့ အများကြီး ပိုချစ်ကြရအောင်တဲ့လေ…။

" ဒီတစ်ခေါက် စနေ တနင်္ဂနွေကျရင် ကိုနိုင်း ရန်ကုန် ပြန်ပါ… ကျွန်တော်ပဲ ဂျူတီစောင့်ပါမယ် "

" ဆရာလင်းက သိပ်ကို ကူညီချင်နေပါလား… မဟုတ်မှလွဲရော… ဒီလို ကုသိုလ်မျိုးကို အရမ်းလိုချင်နေပြီ ထင်တယ် "

" ဒါပေါ့ အန်တီမိုးရယ်… အဲဒီ ကုသိုလ်ရမှ ကျွန်တော် မြန်မြန်စွံမှာပေါ့…"

ထမင်းကိုလည်း နွယ်နီတို့ဆိုင်ကနေ ချိုင့်နဲ့ လပေး ယူစားလိုက်တယ်လေ…။ ဆေးရုံနဲ့ မျက်စောင်းထိုးတင်ဆိုတော့ လာပို့ပေးပါတယ်။ အန်တီမိုးတို့နဲ့ပဲ စုစားလိုက်ကြတာပေါ့…။ ညနေဆိုရင်လည်း ထမင်းစားပြီးမှပဲ အိမ်ပြန်လိုက်တယ်… ထမင်းစားတဲ့ အလုပ်တစ်ခု တော့ အေးသွားတာပေါ့လေ…။ အခုလည်း ထမင်းစားမယ်ဆိုတော့ နိုင်းဆတစ်ယောက်တည်းပါ… ကျန်တဲ့လူတွေက ညအနေစာကို အိမ်ကျမှ စားမှာလေ။ လင်းဇေကလည်း ဂျူတီမှုဆို သူ့အိမ် ပြန်စားလိုက်ပြီးပြီ…။

" တစ်ယောက်တည်းစားရတော့ ဝန်းရံကို မလွမ်းဘူးလား"

" ဆရာလင်းကတော့ မဟုတ်တော့ဘူး… ဆရာနိုင်းကိုပဲ စနေတော့တာပါလား… တော်ကြာ ထမင်းမစားပဲ ငိုနေပါဦးမယ်"

ထမင်းစားနေတော့လည်း တစ်ယောက်တစ်မျိုး ဝိုင်းစ ကြတယ်လေ…။ ဒီအခိုက်မှာမှ ဖုန်းကလည်း ဆက်သေးတယ်။ ဝန်းရံဆီကဆိုတော့ သူတို့ သဘောကျကြပြန်ရော…။



" ကိုကိုလား… ထမင်းစားနေတယ် "

" တစ်ယောက်တည်းမို့ ဆေးမှာ ရေတစ်ခွက် ချထားရတယ် နင်လိုက်အောလို့ ပြောလေ ကိုနိုင်း…"

လင်းဇေက ဘေးနားမှနေ လိုက်ပြောပြနေသေးတာ။

" ကိုကို မပြန်သေးဘူးလား " တဲ့။

" ထမင်းစားပြီး ခဏနေ ပြန်မှာပါ… အိမ်မှာကျတော့လည်း တစ်ယောက်တည်း ဖြစ်နေလေတော့…"

နိုင်းဆ ဒီလိုပြောတော့ ဝန်းရံက ဟုတ်တာပေါ့ ကိုကိုရယ်… ဝန်းရံလည်း လာနေချင်ပါတယ်တဲ့။ မေမေနဲ့ ဖေဖေက… အေးစိန် မကို လှမ်းခေါ်ထားပါတယ်။ နှစ်လလောက်နေရင်တော့ လာနိုင်လိမ့် မယ်လို့ ပြောတယ်လေ။

" ကိုကို ပြန်မယ်ဆို ပြန်တော့… မိုးချုပ်မယ်… ဆိုင်ကယ် လည်း ကောင်းကောင်းစီးဦးနော် "

" စိတ်ပူလား… စိတ်ပူရင် လာနေပေါ့ "

" လာနေချင်တာပေါ့ ကိုကိုရယ်… မဖြစ်လို့ပေါ့…"

မေမေကတော့ အိမ်မှာ အဆင်ပြေအောင် နေနိုင်မယ့် ထမင်းချက်ပေးဖို့ လူရှာမယ်လို့ ပြောတယ်တဲ့။ ဖေဖေက သူ့ဘာသာ ကြိုးစားသွားပေမယ့် ဘာအလုပ်မှမှ မလုပ်နိုင်သေးတာ။

ဝန်းရံအသံလေး ကြားရတော့ ပိုသတိရမိသေးတယ်။ ဒီမှာ ကလည်း ထားပစ်ခဲ့လို့က မဖြစ်နဲ့။ ဟိုတုန်းကလည်း တစ်ယောက် တည်း နေရတာပါပဲ… ဘာလို့ ခုမှ တစ်ယောက်တည်းဆို မနေတတ် ဖြစ်နေရတာလဲ…။ စိတ်တွေက ဒီမျှ မြန်ဆန်စွာ ပြောင်းလဲရပါသလား

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

" အေးစိန်ကို စောင့်မနေနဲ့ မေ... စိတ်ချရမယ့် လူ တစ်ယောက်ယောက်... မေ့အလုပ်ထဲကဖြစ်ဖြစ် ရှာပါလား... သား တစ်ယောက်တည်း နေနေရတာလည်း ကို စိတ်ပူတယ်..."

" မေလည်း ပြောထားပါပြီ... သားကို ခုလို တစ်ယောက် တည်း ထားရတာ မေလည်းစိတ်မကောင်းပါဘူး..."

" ထမင်းချိုင့် ယူစားလိုက်ရင်ကော..."

" ကျန်တဲ့ ဗာဟီရတွေက ရှိသေးတယ်..."

အိမ်မှာ အဖော်မရှိလို့က မဖြစ်ပါဘူး...။ ဝန်းရံလည်း တစ်အိမ်လုံး အလုပ်တွေ... ပိနေလိုက်တာ။ တစ်ခါတစ်ခါ ကိုကို့ကို တောင် နားတဲ့အချိန်ကျမှ လွမ်းနိုင်သလို ဖြစ်နေပါပြီ။ တစ်နေကုန် အလုပ်တွေ များနေပြန်တာပေါ့...။

" ဟဲ့ တံခါးခေါက်နေတယ်... ဘယ်သူလဲ မသိဘူး... ဝန်းရံ သွားကြည့်ပါဦး..."

တံခါးဖွင့်ကြည့်တော့... ဝန်းရံမသိပါဘူး။ အဒေါ် တစ်ယောက်ပါပဲ။

" နုနု ရှိလား "

" ဒေါ်ဒေါ်... ဟုတ်ကဲ့ ရှိပါတယ်..."

" ဘယ်သူလဲ ဝန်းရံ "



" ဒေါ်ဒေါ့အသိ..."

" ဟဲ့ နုနု... ငါပါ... အဝင်း... နင်ပဲ ငါ့ကို လာနိုင်ရင် လာခဲ့ပါဆို... အခုမှ ဘယ်သူလဲ မေးနေတယ် "

" အဝင်း... နင်လာမယ် မထင်ဘူးလေ... နင်ပြောတော့ နင့်မြေး မခွဲနိုင်ဘူးဆို "

" ငါက မခွဲနိုင်ပေမယ့် ငါ့ကိုကျတော့ ခွဲနိုင်ကြပါတယ်... မြေးကိုခေါ်ပြီး ဘုရားဖူး ထွက်ကြသတဲ့... ငါလည်း ဒေါသထွက်ပြီး နင့်ဆီသွားမယ်ဆို ထွက်လာတာ..."

ဒေါ်ဒေါ့သူငယ်ချင်းတဲ့လေ...။ ဒေါ်ဒေါ်က ဖေဖေနဲ့မေမေ့ကို ပြောပါတယ်။ ငယ်သူငယ်ချင်းတွေမို့ အားနာစရာမရှိဘူးတဲ့... ဒါကြောင့် ဝန်းရံအတွက် လှမ်းခေါ်ထားတာလို့ ပြောပါတယ်။ ဒေါ်ဒေါ်ခြေထောက်ကောင်းလို့ အလုပ်လုပ်နိုင်မှ ပြန်ဖို့ ပြောထား တာတဲ့။

" အဝင်းကို အားနာစရာ နုနုရယ် "

" အားမနာရပါဘူး မမေရယ်... အဝင်းနဲ့ နုနုက ညီမ အရင်းလို နေခဲ့တာ... အစ်ကိုကြီးကသာ ရန်ကုန်မှာ ကျောင်းသွားနေလို့ အဝင်းတို့နဲ့ သိပ်မခင်တာပါ... အခုလည်း အိမ်မှာက မြေးကိုချစ်လို့သာ နေတာ... မြေးက ကိုယ့်ထက် ဟိုဘက် အဘိုးအဘွားကို ပိုပါတယ်... ကိုယ်မရှိလည်း ဖြစ်တာပါ... နုနုပြောပြလို့ ဒီက အခက်အခဲ သိတည်းက လာနေချင်နေတာပါ..."

အန်တီဝင်းရောက်လာပြီမို့ ဝန်းရံကို ကိုကို့ဆီ သွားခွင့်ပြု တော့မယ်တဲ့...။ စိတ်ထဲမှာ ပျော်ရွှင်နေရတာပါပဲ...။

" သားဆီ ဖုန်းဆက်လေ..."

www.burmeseclassic.com

www.burmeseclassic.com



" ဟင့်အင်း ဝန်းရံ့ တိတ်တိတ်ကလေး သွားချင်တယ် မေမေ… ဟိုရောက်တော့ ကိုကို လန့်သွားအောင်ပေါ့… လန့်သွားပြီးမှ ဝမ်းသာသွားတာ ဘယ်လောက်ကောင်းသလဲ "

" အမလေး… မမဝန်းရံတို့က ထွင်ရပြန်ပါပြီ… ငါ့မှာတော့ အဝင်းကို ပြောရတယ် "

" ကျေးဇူးပါပဲ ဒေါ်ဒေါ်… ကျေးဇူးပါပဲ အန်တီဝင်း…"

ဝန်းရံတော့ အရမ်းပျော်ရွှင်နေပါပြီ။ ဒါပေမယ့် ကိုကို့ကိုကျတော့ ဖုန်းဆက်ပြောပြီးမှ မသွားချင်။ ဝန်းရံ ရုတ်တရက် ရောက်လာရင် ကိုကို ဘယ်လောက် အံ့သြလိုက်လေမလဲ။ ပြီးတော့မှ ကိုကို့ကို လွမ်းလွန်းလို့ မေမေတို့ သုံးယောက်ကို ထားပစ်ခဲ့တာ… ဆိုရင် ကိုကိုဘယ်လောက်ဆူမလဲ…။ အဲလိုမျိုး ကိုကို့ကို နောက်ချင်နေမိတယ်…။ ဒါကြောင့် မေမေတို့ကို ဖုန်းမဆက်ဖို့ ပြောပြီးမှ ဝန်းရံ ဟိုကိုသွားဖို့ ပြင်ဆင်ရပါပြီ။

✡ ✡ ✡

ရေချိုးအဝတ်လဲပြီးတော့ ကော်ဖီတစ်ခွက် ဖျော်သောက်ချင်ပေမယ့် ညက ရေနွေးမတည်မိတာ သတိရတယ်…။ နေပါစေတော့လေ… ဆေးရုံရောက်မှ မှာသောက်လိုက်တော့မယ်လို့ အပြင်ထွက်ခဲ့တဲ့အခါမှာ… တံခါးခေါက်သံကြောင့် သွားဖွင့်လိုက်ပါတယ်။ ကောင်လေး နှစ်ယောက်က မှန်တင်ခုံတစ်ခုကို မ လို့ အနားမှာ ထိန်လင်းနိုင်က ရပ်နေတယ်။

" ကျွန်တော်က မသယ်နိုင်တော့ သူငယ်ချင်းတွေ အားတဲ့အချိန်မှ ယူလာပေးနိုင်လို့ပါ ကိုနိုင်း…"

" အားနာစရာတော့ ဖြစ်နေပါပြီ… ထိန်လင်းနိုင်ရာ… ဒေါ်ဒေါ်ညီကြလည်း လက်ဖွဲ့ပြီးနေပါပြီ "

" ဒါက ကျွန်တော်ကိုယ်တိုင် လုပ်ထားတာပါ… မြဝန်းရံ သုံးစေချင်ရို့ပါ ခွင့်ပြုပါဦး…"

ထိန်လင်းနိုင်ထွက်ခွာသွားတဲ့ဆီ လိုက်ကြည့်မိပါတယ်။ ကိုယ်ခန္ဓာ ချို့တဲ့နေလို့ သနားစရာတော့ကောင်းပါတယ်လေ… ဒါပေမယ့် စိတ်မှာ ဘာလို့များ မကျေလည်ခြင်း အခုအထိတွေ ရှိနေရပါသလဲ။

မှန်တင်ခုံလေးကို ကြည့်မိပါပြီ။

အရောင်တင်ဆီကြောင့် ညိုဝါရောင်တောက်တောက်နဲ့ လှပ

www.burmeseclassic.com



နေတာပါပဲ။ ဒါပေမယ့် နှိုင်းဆမျက်ဝန်းမှာတော့ မှန်ဘောင်နားမှာ ထွင်းထားတဲ့ အသည်းပုံလေးတွေက အနောက်အယှက် ဖြစ်နေသလိုပါပဲ။

ဒီမှန်တင်ခုံကို ဝန်းရံသုံးစေချင်လို့ ထိန်လင်းနိုင်က ကိုယ်တိုင်ပြုလုပ်ခဲ့သတဲ့။ စိတ်ထဲမှာ မကြည်လင်ခြင်းကြောင့် ဒီမှန်တင်ခုံဟာ မျက်ဝန်းထဲ ကန့်လန့် ဖြစ်နေသလိုပါလား။ ဒါကြောင့်မို့ စတိုခန်းထဲကို တစ်ယောက်တည်း တွန်းရွှေ့ပြီး ပိတ်ထားလိုက်ပါတယ်။

ဝန်းရံသုံးစေချင်တာတဲ့။

ထိန်လင်းနိုင်ရဲ့ လက်ဖွဲ့ပါဆိုရင်... ဝန်းရံကရော ဘယ်လို ခံစားမလဲ။ နှိုင်းဆ လုံးဝမကျေနပ်သလိုပါလား။

စိတ်ထွေထွေနဲ့ ဆေးရုံကို ထွက်လာခဲ့ပါတယ်။

" ကိုနှိုင်းလာတာနဲ့ အတော်ပဲ... ကျွန်တော် ကောက်ညှင်းပေါင်းနဲ့ ကော်ဖီ စီစဉ်ထားတယ် "

" ကောင်းတာပေါ့ လင်းဇေရာ... ရေနွေးမတည်မိလို့ ကော်ဖီမသောက်ခဲ့ရသေးဘူး "

" ဝန်းရံ မလာခင်အထိတော့ အန့်တီမိုးတို့ ကျွန်တော်တို့က ဂရုစိုက်ပါမယ်... ဝန်းရံလာရင်တော့... လုံးဝကို လှည့်ကြည့်မှာ မဟုတ်ဘူးနော်... ဟုတ်လား အန့်တီမိုး "

" မိန်းမ အနားမရှိလို့ အားငယ်နေရှာတာပါ ဆရာလင်း... အသည်းငယ်နေတဲ့လူကို ဝမ်းနည်းမယ့် စကားမျိုး မပြောရဘူးလေ..."

အန့်တီမိုးတို့က နောက်နေပေမယ့် နှိုင်းဆ မပြုံးနိုင်ပါဘူး...။ မှန်တင်ခုံတစ်ခုက နှိုင်းဆရှို့ အတော်ဒုက္ခပေးတာပါလား။ စိတ်မှာဘာလို့များ မကြည်မလင် ဖြစ်ရပါလိမ့်။



" ဆရာနှိုင်း... ဦးသက်ဇော် ရောက်နေတယ်..."

ဦးသက်ဇော် ခြေဖဝါးမှာ ထနောင်းဆူး ဆူးလိုက်တာများ အနာက ကြည့်လို့မကောင်းတော့မှ လာပြတာ။ ခွဲဖို့စိတ်ဖို့တွေ ပြင်ဆင်ရလေတော့ စိတ်က အိမ်ကို ပြန်မရောက်တော့ပါဘူး...။

" ကိုနှိုင်း... ကျွန်တော်ပြန်နှင့်မယ်..."

လင်းဇေကတော့ အရေးကကြီးလူနာ မဟုတ်လို့ ပြန်သွားပါပြီ။ တာဝန်ဝတ္တရားတွေ ရှိချိန်မှာတော့ အားလုံးကို မေ့ထားနိုင်ပါတယ်။ ထမင်းစားချိန်ရောက်မှ နားရတော့တာ...။ မောနေတာမို့ နှိုင်းဆရော အန့်တီမိုးပါ ထမင်းမစားနိုင်ကြသေးပါဘူး...။

" ဝန်းရံဆီက ဖုန်းမလာဘူးနော် "

" တစ်နေ့ကလာပြီးတည်းက မလာပြန်ဘူး... ဖေဖေ နေကောင်းရဲ့လားပဲ စိတ်ပူရတယ်လေ... ဝန်းရံက အိမ်မှာ ကလေး ဆိုးပဲ အန့်တီမိုးရယ်... ဖေဖေ မေမေ ဒေါ်ဒေါ်ကို လှည့်ပတ် စိတ်ကောက်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့..."

" တစ်ယောက်အကြောင်း တစ်ယောက် ငယ်ငယ်လေးတည်းက သိတဲ့ ဆရာနှိုင်းတို့ရဲ့ အိမ်ထောင်ရေးက သာယာမှာပါ..."

" ဒီလိုပဲ ထင်ရတာပဲလေ... ကျွန်တော်ကလည်း အလိုလိုက် လက်စနဲ့ ဆက်အလိုလိုက်ရမယ် မဟုတ်လား..."

ထမင်းစားတာ အတော်ကြီး နောက်ကျသွားပါတယ်။ ညနေစာကိုတော့ တော်ရုံစားနိုင်မည် မထင်တော့ပါဘူး။ ဒါကြောင့်မို့ ချိုင့်နဲ့ပဲ ထည့်ယူသွားမယ်... ဆိုင်မှာပဲ ထားလိုက်... အပြန်ဝင်ယူမယ် လို့ မှာထားရတယ်။

" ဒီနေ့ ခွဲစိတ်ရတဲ့ လူနာတွေ များတော့ ဆရာနှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းတယ်... ဆရာလင်းလာတာနဲ့ ပြန်လေ..."

"ရပါတယ်... အိမ်ရောက်တော့လည်း တိတ်ဆိတ်နေတာ ပျင်းသလိုပါပဲ ဒီမှာမှ စကားပြောနေရသေးတယ်..."

အလုပ်ထဲ စိတ်နှစ်လိုက်ရင် အချိန်က တစ်နေကုန်သွားတာ ခဏလေးပဲ မဟုတ်လား။ ဝန်းရံဆိုတဲ့ ကောင်မလေးကော အိမ်မှုကိစ္စတွေထဲ နစ်နေပုင်း... နှိုင်းဆကိုကော သတိမှရပါလေစ...။

✡ ✡ ✡

ဘူတာမှာ ရထားရပ်တော့ တစ်ယောက်တည်း အိတ်ကလေးဆွဲ ဆင်းလိုက်တယ်။ ပစ္စည်းလည်း များများပါတာမှ မဟုတ်တာ။ ဆေးရုံကို မြင်းလှည်းငှား သွားလိုက်မယ်လေ။ ခုချိန်တော့ ကိုကို ဆေးရုံမှာပဲ ရှိဦးမယ် ထင်ပါရဲ့။ ပြန်သွားပြီဆိုမှ မြင်းလှည်းငှားပြီး အိမ်လိုက်တော့မယ်။

"မြဝန်းရံ"

"ဟယ်... ကိုထိန်... ကြည့်စမ်း... ဘူတာလာတာလား... ပိန်သွားသလိုပဲ ဦးလေးတို့ ဒေါ်ဒေါ်ညိုတို့ရော နေကောင်းရဲ့လား..."

"ကောင်းပါတယ်... အခု ဆေးရုံသွားမှာလား"

"ဟုတ်တယ်..."

"ဒါဆိုလာလေ... ကျွန်တော့်မှာ မြင်းလှည်းပါလာတယ်... မှာထားတဲ့ ပစ္စည်း လာပို့တာ... ပြန်မှာ..."

ကိုထိန်နဲ့ မြင်းလှည်းဆီ လိုက်လာခဲ့ပါတယ်။

"ကျော်ဇော... ဆေးရုံကို မောင်းပေးပါ... ဒါ ငါ့အစ်မ..."

"ကိုထိန်... ရယ်ရတယ်နော်... ငါ့အစ်မတဲ့"

"ဆရာနှိုင်းက ကျွန်တော့်ထက် အသက်ကြီးတော့ မြဝန်းရံလည်း အစ်မပေါ့..."

"ဟုတ်ပါပြီ... မောင်လေးရယ်..."

မြင်းလှည်းကို ဆေးရုံမှာပဲ ရပ်နိုင်းပြီး ဆင်းလာခဲ့တယ်...

www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းနိုင်က အိတ်ဆွဲပေးပါမယ်ဆိုလို့ အတင်းငြင်းရတာပေါ့...။ ကိုထိန်ဟာ စိတ်စေတနာကောင်းပါလျက် ခုလိုဖြစ်နေတော့ သနားမိသလိုပါပဲ...။

ကိုကိုတို့ရဲ့ ရုံးခန်းလေးဆီပဲ တိုက်ရိုက်လာခဲ့ပါတယ်။

ခန်းဆီးအပြာလေးက လေအရှိန်ကြောင့် တလှုပ်လှုပ် တခါခါနဲ့ ရင်ထဲက ခံစားချက်အတိုင်းပါလား။ ကိုကို ရှိနေပါစေ အိမ်မပြန်သွားပါစေနဲ့ဦး ဆိုပြီး ခန်းဆီးလေးကို ဖယ်လို့ အထဲကို ကြည့်မိတဲ့အခါ...။

မျက်နှာချင်းဆိုင် ထိုင်နေတဲ့ ကိုလင်းဇေက ဝန်းရံကို အရင် မြင်သွားပါတယ်။ ကိုကိုကတော့ ဒီဘက်ကို ကျောခိုင်းထားတော့ ဝန်းရံကို မမြင်ပါဘူး။ ကိုလင်းဇေရဲ့ အံ့သြပြီး ဝမ်းသာသွားတဲ့ မျက်နှာကိုမြင်တော့ အသာနေပါဆို နှုတ်ခမ်းကို လက်ညှိုးလေးနဲ့ တော့ပြလိုက်ရတယ်။

ခြေသံဖွဖွလေးနဲ့ ကိုကို့အနောက်ထိ ကပ်လျှောက်လာခဲ့မိပြီ...။

ပြီးတော့မှ ကိုကို့မျက်လုံးတွေကို လက်ဖဝါးနှစ်ဘက်နဲ့ ပိတ်လိုက်တာပေါ့။

" ဟင်... ဝန်းရံ..."

ဖွင့်လည်းမပေးပါပဲ လက်ကလေးကို ကိုင်ကြည့်ရုံနဲ့ ကိုကို သိသတဲ့လား။ ဝန်းရံ ကြည်နူးနှစ်သက်စွာ ရယ်မိပြီး ကိုကို့ဘေး ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပါတယ်။

" အိမ်မှာ လူကြီးတွေချည်းပဲ ပစ်ထားပြီး ထွက်လာရသလား ဝန်းရံ..."

ကိုကိုက သိလည်းမသိပါပဲနဲ့ ဝန်းရံက ဖေဖေတို့ကို



ဖြစ်သလို ပစ်ထားပြီး လာပါ့မလား။ လူကိုများ မလိမ္မာတဲ့ လူဆိုးကြီး ကျနေတာပါပဲ။

" ဘာဖြစ်လဲ... ကိုကို့ကို သတိရလို့ပေါ့ "

" ဟာကွာ ဝန်းရံကွာ... တယ်ဆိုးပါလား... မကောင်းဘူးပေါ့ ဒေါ်ဒေါ်ကလည်း ဈေးလည်းမသွားနိုင်... ဘယ်သူ ဈေးသွားမလဲ... မေမေ သွားနေရမှာပေါ့ ဟုတ်လား... ဝန်းရံ... ဝန်းရံလုပ်ချင်ရာ လုပ်နေတော့တာပါလား... ဝန်းရံဂျစ်တိုက်လို့ လွှတ်လိုက်တာ မဟုတ်လား..."

တကယ်ပဲ သူထင်ရာတွေ သူပြောနေတယ်။ ဝန်းရံက ထင်ရာလျှောက်လုပ်တာ မဟုတ်ဘူး... ကိုကိုကမှ စိတ်ထဲထင်ရာတွေကို အမှန်မသိပဲ ပြောနေလိုက်တာ...။

" ကိုကိုကလည်း ဝန်းရံ တစ်ရက် နှစ်ရက်ပဲ နေမှာပါ"

" တစ်ရက် နှစ်ရက်နဲ့ ဟိုဒီသွားနေတော့လည်း လမ်းခရီး စိတ်မချ ဖြစ်ရပြန်ရော... ဝန်းရံကတော့လေ..."

ကိုကိုက ဝန်းရံရောက်လာတယ်ဆိုရင် ပျော်ရွှင်ရမှာကိုများ အခုတော့ မျက်နှာရှုံ့မဲ့ပြီး ဖြစ်နေလိုက်တာ။ စိတ်ကောက်ချင်စရာကောင်း ကောင်းနေပြီ...။ ဒါကြောင့်မို့ ဖျတ်ခနဲဆို ကိုကို့ပခုံးကို ထုလိုက်မိပါတယ်။

" သတိရတယ်လည်း ဆိုသေး လက်ကလည်း မြန်လှချည်လား ဝန်းရံရာ..."

" ကိုကိုက ဝန်းရံပျော်လာတာကို စိတ်ဆိုးအောင် ပြောရသလား... လူကြီးတွေကို စိတ်မချရပါပဲနဲ့ ဝန်းရံက လာခဲ့တဲ့လား— အိမ်မှာ ဒေါ်ဒေါ် သူငယ်ချင်း အန်တီဝင်းရောက်နေတယ်... သူက

www.burmeseclassic.com

www.burmeseclassic.com



အေးဆေးနေမှာမို့ ဝန်းရံကို ဖေဖေနဲ့ မေမေကိုယ်တိုင်က လွှတ်လိုက်တာ..."

" ဒါဆိုလည်း စောစောက ပြောပါလား "

" ကိုကိုက ဝန်းရံကို သေချာမမေးပါပဲ ပြောချင်ရာတွေပဲ လျှောက်ပြောနေတာကိုး..."

" ဟယ်... ဝန်းရံ "

အန်တီမိုးကြီးက အခုမှ ဝင်လာပြီး ဝန်းရံကို မြင်သွားပါပြီ...။

" ရောက်ရောက်ချင်း စိတ်ကောက်မယ့် အလားအလာ ရှိတယ် အန်တီမိုး "

ကိုလင်းဇေကတော့ ပြောပြီ။ ဟုတ်လား... ကောင်းတာပေါ့ မဟုတ်ရင် ဆရာနှိုင်းတစ်ယောက် ချော့ရမယ့်လူ မရှိလို့ တစ်ယောက်တည်း ပျင်းနေရှာသတဲ့လေ။

" ကိုနှိုင်း ပြန်တော့လေ..."

" ထမင်းချိုင့်ဝင်ယူသွားလေ ဆရာနှိုင်း... ဒီနေ့ညနေတော့ ဝန်းရံ ဘယ်ချက်နိုင်ပါ့မလဲ..."

" တစ်ယောက်တည်း ပျင်းလှချည်ရဲ့ဆို ဒီနေ့တော့ ပျော်သွားပြီပေါ့ ဟုတ်လား..."

ကိုလင်းဇေ တစ်ယောက်ကတော့ ဝန်းရံတို့နှစ်ယောက် ပြန်တာကို ဆေးရုံအဝင် လမ်းလေးထိ လိုက်နှောက်နေတယ်လေ။ ထမင်းဆိုင်မှာ ထမင်းချိုင့် ဝင်ယူရတယ်။ ဝန်းရံကြိုက်တဲ့ဟင်းမှာဆိုတော့ မရိုးနိုင်တဲ့ ကြက်သားပါပဲ။ ပြီးတော့မှ ပြန်မယ်ဆိုတော့။

" ဆိုင်ကယ်မပါဘူး ဝန်းရံ... ကိုကို ဆိုင်ကယ် ပျက်လို့ ဆိုင်ပို့ထားတယ် "



" လမ်းလျှောက်မယ်လေ ကိုကိုရဲ့..."

" မြင်းလှည်းပဲ စီးရအောင်ပါ... ဝန်းရံ အဝတ်အိတ်လည်း ပါသေးတာ "

တားလိုက်တဲ့ မြင်းလှည်းက မောင်းတဲ့လူကိုလည်း မြင်ရော။

" ဟယ်... ကျော်ဇော "

" ဩော်... အစ်မ... ဘယ်လဲ "

" အိမ်ပြန်မှာလေ..."

" အိမ်... ထိန်လင်းနိုင်တို့ အိမ်မှာပဲ အစ်မနေတာလား"

ကျော်ဇောနှင့် ဝန်းရံစကားပြောနေတာကို ကိုကို ကြည့်နေပါတယ်... ကိုထိန့် နာမည်ကလည်း ပါလာပြီကော...။ ခြံရှေ့ရောက်လို့ မြင်းလှည်းပေါ်က ဆင်းတာနဲ့ ကိုကို မေးပါပြီ။

" ဝန်းရံ... ကိုကို ဒီမှာနေတာ ကြာပြီ... အဲလောက် အသိမများဘူး..."

" ကျော်ဇောက ကိုထိန့်သူငယ်ချင်းပါ... ခုနကမှ ကိုထိန် မိတ်ဆက်ပေးလို့ သိတာ "

" ခုနကမှ... ထိန်လင်းနိုင်က မိတ်ဆက်ပေးတယ်..."

" အင်းလေ... ဘူတာမှာ ကိုထိန်နဲ့ တွေ့လို့ပဲ အဲဒီ မြင်းလှည်းနဲ့ပဲ ဆေးရုံလာခဲ့တာပဲဟာ..."

ကိုကိုကလည်းလေ... တံခါးဖွင့်နေရာက မဖွင့်ပဲ ဝန်းရံကို လှည့်ကြည့်နေပြန်ပါပြီ။ ကိုထိန်နှင့် ခုချိန်ထိ အထင်လွဲနေတုန်းလား။ ဝန်းရံက ကိုထိန်နှင့် ဖြူစင်စွာ ခင်မင်လို့သာကိုကိုကို လက်ထပ်ခဲ့တာပေါ့...။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

ဝန်းရံတို့များ ရောက်ရောက်ချင်း စိတ်တိုစရာပါလား။ ဘာလို့များ ဒီထိန်လင်းနိုင်နှင့် ဒီမျှ ခင်မင်နေရသလဲ… ဘူတာမှာ ထိန်လင်းနိုင်နဲ့ တွေ့သတဲ့…၊ တွေ့စရာအကြောင်းလား… ဒီလိုစဉ်းစားရင် အလိုလို စိတ်တိုလာတယ်။ ထိန်လင်းနိုင် သူငယ်ချင်းတွေကလည်း သူနှင့် အပေါင်းအသင်းဖြစ်နေပါရောလား…။

" အား… အိမ်ကလေးထဲ ရောက်တော့လည်း… အောက်မေ့နေတာတွေ ပြေသွားသလိုပါပဲ… ဒါပေမယ့် ဖေဖေ့ကို လွမ်းတယ်… မေမေ့ကို လွမ်းတယ်…"

လက်နှစ်ဘက်ကို ဖြန့်ကားပြီး ပတ်ချာလည် လှည့်ရင်း အော်နေပြန်ပါတယ်။

ဝန်းရံဟာ ခုချိန်ထိ ဘာ့ကြောင့် ကလေးဆန်နေရပါသလဲ။ ဒါပေမယ့် ခုလိုမျိုး ပျော်ရွှင်ကြည်နူးနေပုံက ချစ်စရာ ကောင်းလွန်းပါတယ်… လှည့်ပတ်နေရာကနေ နှိုင်းဆအနား ရောက်လာတဲ့ အခါမှာ… လှမ်းပြီး ဖမ်းလို့ ရင်ခွင်ထဲ ဖက်ထားလိုက်ပါတယ်။

" ကိုကို့ကို လွမ်းလား…"

" မလွမ်းပါဘူး…"

" ထင်ပါတယ်… အချစ်က တခြားစီပါ… မချစ်လို့ပဲ… လက်ထပ်ဖို့ကို ငြင်းခဲ့တာပေါ့"



" ဟင်… ကိုကို…"

ဝန်းရံရဲ့ မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းစက်စက်နဲ့ နှိုင်းဆကို မော့ကြည့်နေပါပြီ။

" ဖေဖေနဲ့မေမေ့ကို အားနာလို့သာ လက်ထပ်ခဲ့တာ မဟုတ်လား…"

" ဟာ… ဘဝခရီးတစ်လျှောက်လုံးအတွက် အားနာတာလေး တစ်ခုနဲ့ လက်ထပ်ပါ့မလား… ဝန်းရံ အဲဒီလောက် ဘဝကို ခပ်ပေါ့ပေါ့ လေး တွေးပါ့မလား ကိုကိုရဲ့… ကိုကို့ကို ချစ်လို့ တခြားသူကို မပေးနိုင်လို့ပေါ့…"

" ပြောတာပဲ…"

" မျက်နှာကြီးကလည်း ဘာဖြစ်နေလဲ… ဝန်းရံမှာဖြင့် ကိုကို့ဆီ လာရတော့မယ်ဆို ပျော်လိုက်ရတာ… ကိုကိုကဖြင့် ရောက်တာနဲ့ မျက်နှာကြီးက ပုတ်သိုးနေတာပါပဲ…"

" ဝန်းရံ… ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူးနော်"

နှိုင်းဆ ဒီလိုပြောတာကို နားထောင်ပြီးတော့ ရယ်ပါလေရော…။ ဒါ ရယ်စရာမဟုတ်ဘူး… စကားအတည်ပြောနေတာ ဆိုတော့မှ…။

" ကြံကြံဖန်ဖန် ကိုကိုရယ်… ကိုကိုကလွဲပြီး ဘယ်သူ့ကို ဝန်းရံချစ်ရမှာလဲ… ဝန်းရံဟာ သစ္စာတရားကို နားမလည်တဲ့ မိန်းမ မဟုတ်ပါဘူး… ကိုကို တစ်ယောက်တည်းကို တစ်သက်လုံး ချစ်မှာပါ… လာပါ… ဝန်းရံကို အပေါ်ထပ်မှာ ဘာတွေပြင်ထားလဲလို့ လိုက်ပြပါဦး…"

အပေါ်ထပ်မှာ ဝန်းရံအိပ်ခဲ့တဲ့ အခန်းက ပိုကျယ်တော့

www.burmeseclassic.com



အဲဒီအခန်းမှာပဲ အိပ်ရာကုတင် ပြင်ဆင်ထားခဲ့တာလေ...။ ဝန်းရံ ရုတ်တရက် ရောက်လာမယ် မထင်သေးတော့ ဘာမှမပြင်ဆင်ရသေးဘူးပေါ့...။

" အိပ်ရာခင်းတို့ ခေါင်းအုံးတို့ အားလုံး အသစ်တွေ ဘီရိုထဲမှာ ရှိတယ်... ဝန်းရံမလာသေးတော့ ဘာမှ မပြင်ဆင်ဘူးပေါ့ ကိုကိုတစ်ယောက်တည်း ဆိုတော့ အောက်ထပ်မှာပဲ အိပ်တယ်လေ"

" ရပါတယ် ဝန်းရံ အိပ်ရာခင်းလိုက်မယ် "

" ကိုကို ကူမှာပေါ့... ဝန်းရံ ထမင်းမဆာသေးဘူးလား"

" ဟင့်အင်း... အိပ်ရာတွေ အရင် ပြင်ဆင်ဦးမယ် နောက်မှ စားမယ်လေ..."

ဝန်းရံအခန်းထဲ ပြင်ဆင်တော့ ကူပေးမယ်လို့ ပြောရင်း လိုက်ကူညီရပြန်တယ်။ ဖေဖေ မေမေနဲ့ ဒေါ်ဒေါ်တို့ အကြောင်း ဝန်းရံ ပြောသမျှ နားထောင်ရသေးတယ်။

" သိပ်မချမ်းတော့ဘူးနော် ကိုကို... ဝန်းရံက ဒီ့ထက် ချမ်းလိမ့်ဦးမယ် ထင်နေတာ..."

" အင်းလေ မချမ်းတော့ပါဘူးဆိုမှ အနွေးထည်က ခုမှ ရောက်လာတာကိုး "

" ကိုကို..."

အခန်းထဲမှာ သေချာကျနပြင်ဆင်ပြီးတော့ ဝန်းရံ ဟိုဒီ လှည့်ပတ်ကြည့်ပြီးမှ ပြောပါတယ်။

" တစ်ခုပဲ လိုတယ် ကိုကို "

" ဘာလိုလို့လဲ ဝန်းရံ "

" မှန်တင်ခုံလေ ကိုကိုရဲ့... ဝန်းရံ ဘယ်မှာ အလှပြင်ရမလဲ"



စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရပါတယ်။

ဝန်းရံက မှန်တင်ခုံလိုအပ်နေသတဲ့လား။ အဲဒီ လိုအပ်နေတဲ့ မှန်တင်ခုံဟာ စတိုခန်းထဲမှာ ရှိနေပါလျှက်...။

" ဝန်းရံကလှပြီးသားပဲ... မှန်တင်ခုံမလိုပါဘူး... ကိုကို့ မျက်ဝန်းထဲမှာ ဝန်းရံလောက်လှတဲ့ မိန်းကလေး တစ်ယောက်မှ မရှိဘူး "

" သေချာလား "

" သေချာတယ်..."

" အလကားပြောတာပါ ကိုကိုရာ... ဝန်းရံအတွက် ကျောက်ပြင်နဲ့ သနပ်ခါးတုံး ရှိရင် ပြီးတာပဲ..."

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

အခန်းကလေးက နှစ်ယောက်အတူ ပြင်ဆင်လိုက်တော့လည်း ပိုတောင် လှပသွားပါသေးတယ်။ ကိုကိုက လိုတဲ့ ပစ္စည်းတွေ ပရိဘောဂတွေ အကုန် ဝယ်ထားပါတယ်။ အိမ်မှာက မှန်တင်ခုံရှိလို့ ရုတ်တရက် ပြောမိတာပါ... ကိုကို့မှာ ပိုက်ဆံမရှိတော့လို့များလားလို့ နောက်မှ တွေးမိပါတယ်။

" ထမင်းဆာပြီ... ထမင်းစားမယ် ဝန်းရံ..."

" ကိုကိုကလည်း... အလုပ်တွေ လုပ်ရလို့ ချွေးတွေ ရွှဲနေပြီ ရေချိုးပြီးမှ စားမယ် "

" အအေးပေါ့တယ်ဆိုပေမယ့် အအေးရှိသေးတယ်နော်... မြန်မြန်ချိုး..."

ရေချိုးပြီး ထမင်းစားဖို့ ပြင်နေတုန်းမှာ ဒေါ်ဒေါ်ညို ရောက်လာပါတယ်။

" ကိုထိန်ပြောလို့ ဝန်းရံရောက်နေတာ သိရတယ်... ထမင်းချက် မစားသေးခင် ဟင်းလေး လာပို့တာ..."

" ပင်ပန်းအောင် ဒေါ်ဒေါ်ညိုရယ်... ဝန်းရံက မနက်ဖြန်ဆို ချက်တော့မှာပါ... ဒီတစ်ညတော့ ဆေးရုံရှေ့က ဆိုင်က ဝယ်လာပါပြီ..."

" ကိုထိန်ကပြောတယ်... ဝန်းရံက ငါးကြင်းပေါင်းတာ



ကြိုက်တယ်ဆိုလို့ ပေါင်းလာတာ..."

ဒေါ်ဒေါ်ညိုပြန်သွားလို့ ထမင်းစားကြတော့ ငါးကြင်းပေါင်းက တကယ် ကောင်းပါတယ်။ ကိုကို့ကို ဦးချဖို့ ထည့်ပေးမယ်ပြင်တော့ ကိုကိုက မစားချင်ဘူးတဲ့။

" ဟင်... ဘာလို့လဲ "

" မစားချင်ပါဘူးဆို "

" ကိုကိုကလည်း... ငါးကြင်းပေါင်း အရမ်းကောင်းတာပဲ ဒေါ်ဒေါ်ညိုကလည်း ဒေါ်ဒေါ့်လို ဟင်းချက်ကောင်းတယ်နော် စားပါ နည်းနည်းလေးစား "

" ဟင့်အင်း... ကိုကို့ပန်းကန်ထဲ လာမထည့်နဲ့... ကိုကို လွှင့်ပစ်လိုက်မှာ "

" အို... ဘယ်လိုဖြစ်တာလဲ... သူများက စေတနာနဲ့ ပေးတာကို... ကိုကိုဟာ အရင်ကိုကို မဟုတ်သလိုပဲ... ဘာဖြစ်လို့လဲ..."

အရင်တုန်းက ကိုကိုဆိုတာ ခုလိုမျိုး မပြောတတ် မပြုမူတတ်ပါဘူး။ ဝန်းရံအပေါ် အမြဲ အလိုလိုက် ချစ်ခင်သည်းခံခဲ့တဲ့ ကိုကိုပါ...။ မစားချင်လည်း နေတော့ဆို ဝန်းရံဘာသာပဲ စားလိုက်တဲ့အခါမှာတော့... တော်တော်ကြိုက်နေတယ်လို့ ပြောလိုက်သေး...။

" ကိုကို ဘာပြောတာလဲ "

" သိပ်ကြိုက်နေတယ်လို့ ပြောတာ..."

" ဟုတ်တယ်လေ... ကြိုက်တယ်လေ... ဒေါ်ဒေါ်ညိုက ဝန်းရံကြိုက်တယ် ဆိုလို့တောင် ပေါင်းပေးထားရတာ ကြိုက်တာပေါ့..."

" ကြိုက်တယ်ဆို အိမ်ကလူတွေပဲ သိပါစေလား... ဟိုလူ့ လျှောက်ပြော ဒီလူ့လျှောက်ပြောနဲ့..."

www.burmeseclassic.com

www.burmeseclassic.com



" ကိုကို... ဘယ်လိုဖြစ်တာပါလိမ့်... ကိုကို့ကို ခုလိုပုံစံနဲ့ ဝန်းရံ မမြင်ဖူးခဲ့ပါဘူး..."

ဝန်းရံ ခုလိုပြောတော့မှ မျက်နှာကို ပြင်ပစ်တယ်။ ကိုကိုက ဟိုအရင် ခုလိုမျိုးမှ မဟုတ်ပါပဲ။ ထမင်းစားပြီးတော့ မိုးချုပ်လာပြီပဲ။ အခုလောက်မှ အအေး အတော်ပိုလာပါတယ်။

" ဝန်းရံ..."

" ရှင်..."

" ကိုကိုဆေးရုံသွားရင် ဝန်းရံလိုက်ခဲ့မလား "

" ရှင်... အံ့ဩပါ့ ကိုကိုရယ်... ဝန်းရံက ဆေးရုံကို ဘာလို့လိုက်ရမှာလဲ... ဝန်းရံက အိမ်ရှင်မပဲ... ဈေးဝယ်မယ်... ထမင်းဟင်းချက်မယ်... အဝတ်လျှော် မီးပူတိုက်ရမယ်... ဆေးရုံကို လိုအပ်ရင် ထမင်းချိုင့်လာပို့မယ်... အဲလိုနေရမှာလေ..."

ဝန်းရံပြောတာ မှန်တာပဲ မဟုတ်လား။ ကိုကို ဘာ့တွေများ ဖြစ်နေပါလိမ့်။

✡ ✡ ✡

" ဒါက ဘယ်လဲ ဝန်းရံ "

မေးပြီးတော့ လှမ်းဆွဲဖက်ထားလိုက်တယ်။

ဈေးဝယ်ရမယ်... ကိုကိုမသွားခင် စားစရာ တစ်ခုခုစီစဉ်ရမယ်... ဝန်းရံရဲ့ အိမ်ရှင်မအလုပ်တွေက ခုချိန်လောက် အိပ်ရာထမှ အားလုံးအဆင်ပြေမှာပေါ့ ကိုကိုရဲ့တဲ့... အဲလိုမျိုး ပြန်ဖြေတယ်...။

" ဟင့်အင်း... ကိုကို ကော်ဖီတစ်ခွက်သောက်သွားရုံပါပဲ... ဝန်းရံလည်း အိပ်ရာက မထပါနဲ့... အေးအေးနေပါဦး... အိမ်ရှင်မ ဆိုပေမယ့် ဒီလောက် ဝတ္တရား မကျေချင်ပါနဲ့ ဝန်းရံရယ်... ကိုကိုတို့ ညနေစာပဲ ချက်စားရအောင်လား... မနက်ဆို ကိုကိုနဲ့ ဝန်းရံ ဆေးရုံလိုက်ခဲ့... ဗ်နက်စာကို အရှေ့ဆိုင်မှာပဲ အတူစား ညနေ အပြန်မှာ ဈေးကဝယ်ပြီး ရောက်မှ ချက်မယ်..."

နှိုင်းဆ ခုလိုပြောမိပါပြီ။ နှိုင်းဆ ဆေးရုံထွက်သွားတဲ့အချိန်မှာ ဝန်းရံ တစ်ယောက်တည်း အိမ်မှာ မထားခဲ့ချင်သလို ခံစားရပါတယ်။ ကိုယ့်ကိုယ်ကိုတောင် စိတ်ပျက်စရာကောင်းသလို ခံစားရပါလား...။

" မဟုတ်တာ... ဝန်းရံက ဆေးရုံမှာ တစ်နေကုန် ထိုင်ရမလို့... မဟုတ်နိုင်တာ... ဒီနေ့တော့ ကော်ဖီပဲသောက်ကြမယ်... ကိုကိုနဲ့ ဆေးရုံ ခဏလိုက်ခဲ့မယ်... အပြန်ဈေးဝယ်ပြန်မယ်... ဝန်းရံ ခုမှ ဒီကိုရောက်ဖူးတာ မဟုတ်ပါဘူး သွားတတ်လာတတ်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်…"

" ကိုကိုသိပါတယ် "

" ဒါဆို ခဏနေ အိပ်ရာထတော့… ဝန်းရံမျက်နှာသစ်ပြီး ထမင်းအိုးတည်မယ်… ခုချိန်ဆို မီးအားပိုကောင်းတော့ အမြန်ကျက်တာပေါ့… ခဏနေ ကိုကို ရေချိုးမလား… ရေနွေးတည်ပေးမယ်… နေခဲ့တော့ "

" ဟင့်အင်း မသွားရဘူး "

" ကိုကိုကလေ… လက်မထပ်ခင်တုန်းက ဝန်းရံထက် အကြီးပီသတယ်… လက်ထပ်ပြီးမှ ဝန်းရံထက် အငယ်ဖြစ်သွားသလိုပဲ…"

ဝန်းရံကတော့ ဒီလိုပြောပြီး အိမ်ပေါ်က အောက်ထပ်ဆင်းသွားပါပြီ။ နိုင်းဆမှာသာ ဘာတွေကို စိတ်မောမှန်း မသိစွာ စိတ်မောရင်း ကျန်နေခဲ့တာပေါ့…။ တမင်ပေပြီး အိပ်နေရပေမယ့်… ဂျူတီချိန် ရှိတာမို့ ရေချိုးဖို့ ပြင်ဆင်ရတယ်။

" ကိုကို… မြန်မြန်ချိုး အေးတယ်… ဝန်းရံ ကော်ဖီဖျော်ထားပြီ…"

ဝန်းရံ ပြောတာ မှန်သလိုပါပဲ။ လက်ထပ်ပြီးတည်းက ဝန်းရံဟာ အိမ်ရှင်မပုံစံ ပီပြင်သွားပေမယ့် နိုင်းဆကတော့ ပိုပြီး ဆိုးသွားသလိုပါလား…။ ဝန်းရံဖျော်ပေးတဲ့ ကော်ဖီသောက်နေတုန်းမှာ ဝန်းရံက အနားမှာ မနေ… ဘာတွေ အလုပ်ရှုပ်နေတယ် မသိ။

" ဝန်းရံ… ဝန်းရံ "

" ဘာလဲ ကိုကိုရယ်… တအားအော်ရသလား… ဒီမှာ သနပ်ခါးလူးနေတာ သနပ်ခါးတွေတော့ ကျားကုန်ပါပြီ… ပြော "



" အနားမှာနေပါလား…"

" ဩော်… ကိုကို… ကိုကို ဆေးရုံအတွက် ဝန်းရံဈေးလိုက်ရမယ်လေ… ဈေးအပြန် ချက်ပြုတ်ပြီးရင် ဆေးရုံကို စက်ဘီးနဲ့ ထမင်းချိုင့်လာပို့မယ်… ဘယ်လောက်ကောင်းတဲ့ အစီအစဉ်လဲ…"

" အနားမှာနေ…"

" ကိုကိုကတော့ ကလေးပြန်ဖြစ်သွားပါရောလား… မေမေနဲ့ မေမေ့ကို ဒီပုံစံ ပြချင်လိုက်တာ…"

ဝန်းရံက ပြောရင်း အနားမှာလည်း လာမနေပါပဲ… ဈေးခြင်းသွားယူရတာနဲ့… စက်ဘီးကရော လေမှရှိရဲ့လားနဲ့…။ ဝန်းရံ အရင်လို ချွဲနွဲ့ မနေတတ်တော့ဘူးလား။

" ကိုကိုရေ… ဝန်းရံလည်း အဆင်သင့်ဖြစ်ပြီ… ကိုကိုလည်း ဂျူတီအမီ သွားတော့…"

အခုမှ ကော်ဖီတစ်ခွက်ကို ကမူးရှူးထိုး မော့ချပြီး ထွက်သွားတဲ့ ဝန်းရံ ပုံစံဟာ ဟိုးအရင်နဲ့ တခြားစီလိုပါလား…။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံနဲ့ဈေးကို သွားတဲ့လမ်းခွဲမှာ ဆိုင်ကယ်ကို ရပ်ပြီး ဝန်းရံကို ဈေးကောင်းကောင်းသွားတဲ့ မှာလိုက်သေးတာ။ ကိုကိုက အရင်နဲ့ မတူသလိုပါပဲ...။ စက်ဘီးပေါ်က နောက်ပြန်လှည့်ကြည့်တော့ ခုထိ ဆိုင်ကယ်ကို ရပ်ပြီး ကြည့်နေဆဲ။ သွားတော့လေလို့ လက်ပြလိုက်ရတယ်...။

ဈေးရောက်တော့ အရင် ဒေါ်ဒေါ်နှင့် ဝယ်နေကျ ဈေးသည်တွေက ခင်မင်နေဆဲပါလား...။ ဈေးဝယ်ရတော့ ရန်ကုန်အိမ်ကိုလည်း လွမ်းသားလား...။

" မြဝန်းရံ... မနေ့ကမှ ရောက်တယ်... ဒီနေ့ ဈေးဝယ်ပြီလား "

" ဟယ် ကိုထိန်... နင်ဈေးဝယ်တယ်... ဒေါ်ဒေါ်ညို မဝယ်ဘူးလား "

" အမေ ခုတလော ဗိုက်အောင့်နေတာမို့ပါ..."

" ငါလည်း လာကြည့်ဦးမယ်... ဟိုဘက်အိမ် ဒီဘက်အိမ် မြင်နေရပြီး မရောက်သေးဘူး..."

" ငါ့လက်ဖွဲ့ကို နင်ကြိုက်ရဲ့လား မြဝန်းရံ "

ကိုကိုကြိုက်တတ်သည့် ပဲဆောင်းလျားသီးလေးတွေကို နုမနု ရွေးနေရာက ကိုထိန့်အမေးကြောင့် ပြန်မေးရပါတယ်။



" ကိုထိန့်လက်ဖွဲ့... သြော်... ဒေါ်ဒေါ်ညိုပေးတဲ့ ပတ္တမြားလုံးချောလေးတွေလား... ကြိုက်ပါတယ်... မေမေက ပန်းတိမ်မှာ လက်ကောက်လေးတွေ လုပ်ပေးတယ်..."

" အဲဒါက အမေပေးတာပါ... ငါပေးတဲ့ မှန်တင်ခုံကို ပြောတာ... အဲဒီမှန်တင်ခုံက မြဝန်းရံအတွက် ငါကိုယ်တိုင် အမှတ်တရ လုပ်ပေးတာပါ... နင် မှန်ကြည့်ရင် ငါ့ကို သတိရအောင်လို့ပေါ့..."

" ဟင်..."

ဝန်းရံဖြင့် နားမလည်နိုင်ပါ။ ကိုထိန်က ဝန်းရံအတွက် မှန်တင်ခုံ လက်ဖွဲ့သတဲ့လား။ အိမ်မှာလည်း မှန်တင်ခုံ မရှိပါဘူး။ မရှိလို့တောင်မှ ကိုကို့ကို ဝန်းရံမေးမိပါတယ်။

ဝန်းရံကလှပြီးသားပဲ မှန်တင်ခုံမလိုပါဘူး... ကိုကို့မျက်ဝန်းထဲမှာ ဝန်းရံလောက်လှတဲ့ မိန်းကလေး တစ်ယောက်မှ မရှိဘူးတဲ့...။

တကယ်ဆို... ဘာတွေလဲကွာ။

" စက်ဘီးပါလား မြဝန်းရံ "

" ပါတယ်... နင်ရော "

" ငါလမ်းလျှောက်လာတာ သွားနှင့်မယ် "

" အေး... အေး... ငါကများများဝယ်မှာ... လေးငါးရက်စာ ဝယ်ပြီး ရေခဲသေတ္တာထဲထည့်ထားမှ နောက်ရက်တွေ ဈေးမလာနိုင်ဘူး"

" နင်ဈေးမဝယ်နိုင်တဲ့နေ့ လိုတာရှိ ငါ့ပြောပါ... ငါ ဝယ်ပေးပါမယ် "

" ကျေးဇူးပဲ ကိုထိန်..."

ဟုတ်တာပဲ။ ကိုထိန် ဈေးဝယ်နေရင် ဈေးမှာလိုတာပေါ့။ ဈေးဝယ်ပြီး စက်ဘီးလေးစီး ပြန်လာခဲ့ရင်း ကိုထိန်လက်ဖွဲ့တယ်ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံဆီပဲ အတွေးရောက်နေမိပါတယ်။ မှန်တင်ခုံဆိုတာ နည်းနည်းနောနော ပစ္စည်းမှ မဟုတ်တာ။ ဟိုဒီမျှား ပို့ပစ်လိုက်တာလား...။

အိမ်ရှေ့ စက်ဘီးလေးရပ်တော့ ကိုထိန်က ဝရန်တာမှ လက်ပြပါတယ်။ ဝန်းရုံလည်း ရယ်ပြလိုက်တာပေါ့...။ အိမ်ထဲရောက်တော့ ဆွဲခြင်းကို မီးဖိုထဲထားပြီး တခြား ဘာမှ မလုပ်နိုင်သေး။ အောက်ထပ်အခန်း အပေါ်ထပ်အခန်း တစ်ခန်းဝင် တစ်ခန်းထွက် မှန်တင်ခုံ လိုက်ရှာရတယ်။

နောက်ဆုံးတော့ ဦးလေးဦးမောင်မောင်ကြည် အိမ်ဆောက်စဉ်က ပစ္စည်းအတိုအစတွေထားတယ်ဆိုတဲ့ ဟိုးနောက်ဘက် စတိုခန်းလေးကို ဖွင့်ကြည့်မိတဲ့အခါမှာမှ...။

" ဟင်... ဒါများလား "

လှပသစ်လွင်နေတဲ့ မှန်တင်ခုံလေးတစ်ခုက ရှိနေပါလား။ အရောင်တင်ဆီလေးတွေနဲ့ တောက်ပနေပြီး ဒီမှန်တင်ခုံဟာ အသစ်လေးဖါလို့ ပြောနေသလိုပါပဲ။ မှန်ဆားတွေမှာလည်း အသည်းပုံလေးတွေနဲ့ သေသပ်လှပစွာ လုပ်ထားတာပါ။ ကိုထိန်လက်ဖွဲ့တယ်ဆိုတဲ့ မှန်တင်ခုံ ဖြစ်နိုင်သလား...။

ဖြစ်နိုင်တယ်...

သိပ်ကို ဖြစ်နိုင်တာပေါ့...။

ကိုကိုဘာလို့ ဒီလိုလုပ်ရသလဲ...။ သူများက စေတနာနှင့် လက်ဖွဲ့တာကို... မေးရင်ကောင်းမလား...။ မမေးပဲ ဒီအတိုင်းထားလိုက်ရင် ကောင်းမလား...။

မေးမယ်... မေးဖြစ်အောင်ကိုမေးမယ်...

လူတစ်ဘက်သားက စေတနာနဲ့ လက်ဖွဲ့တာကို ဘာလို့



ဒီလို ချောင်ထိုးထားရတာလဲ...။ ကိုကိုကတော့လေ... ဘာတွေဖြစ်နေမှန်းကို မသိပါ...။

ညဘက် ကိုကိုပြန်လာမှ အေးအေးဆေးဆေး မေးမယ်...။

ဒါကြောင့်မို့ မှန်တင်ခုံကိစ္စကို ခဏထားလိုက်ပြီး ချက်ဖို့ပြုတ်ဖို့ ပြင်ဆင်ရတော့တာပေါ့...။ ဝယ်လာသမျှတွေ ရေခဲသေတ္တာထဲ သိမ်းရတယ်...။

ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်... ဘယ်လောက်ပဲ ဆူဆူပူပူ... မီးဖိုထဲက ကိစ္စတွေကို အတော်အတန် နိုင်နိုင်နင်းနင်းအောင်တော့ ဝန်းရုံ တတ်ကျွမ်းခဲ့တာပဲ မဟုတ်လား... ခုလိုအချိန်မှာ အိမ်မရှင်မဘာဝမှာ အကျိုး အများကြီး ရှိပါတယ်လေ။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

" ဝန်းရံက ဟင်းချက်ကောင်းတာပဲ..."

အန့်တီမိုးကတော့ ပြောပါပြီ။ ဝန်းရံ အရင်ထက်စာ ဟင်းချက် ပိုကောင်းလာတာလည်း အမှန်ပါပဲ။ ထမင်းချိုင့်ယူလာခဲ့ပြီး နှိုင်းဆနဲ့အတူ လာစားတယ်လေ။ အန့်တီမိုးပါ စုပြီးစားတော့ ဝန်းရံက နှိုင်းဆထဲ ဟင်းတွေထည့်ပေးပြီး ပြုစုတာကို သဘောကျနေကြတယ်...။

" ဝန်းရံရောက်လာမှပဲ ပျော်စရာကောင်းလာသလိုပါလား... အန့်တီမိုးတောင် ပျော်လာသလိုပဲ..."

" အပြန်တော့ ဝန်းရံ လာမကြိုတော့ဘူးနော် ကိုကို... အိမ်မှာ အလုပ်ရှိတာလေးတွေ လုပ်ဦးမယ်..."

" ဘာအလုပ်ရှိလို့လဲ ဝန်းရံရယ်..."

" အိမ်အလုပ်ဆိုတာ ဘာရယ် မယ်မယ်ရရ ပြောလို့မရ ပေမယ့် များနေတာပဲလေ... ဝန်းရံပြန်မယ်..."

စက်ဘီးနဲ့ ထွက်ခဲ့တဲ့အထိ မျက်ဝန်းတစ်ဆုံး လိုက်ကြည့်နေမိပါတယ်။ ဝန်းရံကို ဘာလို့များ ဒီမျှ စိတ်မချဖြစ်နေရပါသလဲ...။ ဝန်းရံဟာ သိပ်ကို မိုက်မဲတဲ့လူမှ မဟုတ်တာ...။

" ကိုနှိုင်း... ဘာရပ်ကြည့်နေတာလဲ..."

" ဝန်းရံ ပြန်သွားလို့ပါ "

" မခွဲနိုင်လို့ လိုက်ကြည့်တာလား... စိတ်မချလို့ လိုက်ကြည့်



တာလား..."

" ဝန်းရံက စိတ်မြန်တယ်... စက်ဘီးစီးတာ ကောင်းကောင်း စီးလို့ ပြောရတယ်... ဟိုက်ဝေးလမ်းတွေပေါ်မှာကျ အဆေးပြေးကားတွေ များတယ်..."

" အရမ်းချစ်တာပဲလား ကိုနှိုင်း "

" ချစ်ရတာပေါ့ လင်းဇေရယ်... ကိုယ်တို့အချစ်က ငါးရာ နှစ်ဆယ့်ရှစ်ကနေ တိုးလာခဲ့တာ... တွယ်ငြိတဲ့နှင်းက တရိပ်ရိပ် မြင့်တက်လာခဲ့တာမှ..."

" အခု ဖြည်လို့ကို မရတော့ဘူး မဟုတ်လား "

" သံယောဇဉ်တွေကတော့ တွယ်ငြိနှင်းမြင့်လေ ဖြည်ရခက် လေပါပဲ... ဝန်းရံအပေါ်ကတော့ ဘယ်ဖြည်နိုင်ပါ့မလဲ "

" သူကလည်း ဒီလိုပဲ နေမှာပေါ့ ကိုနှိုင်းရဲ့ "

" လက်ထပ်ပြီးမှ ကိုယ်လည်း သူ့ထက် ကလေးပိုဆန်နေ တယ် ထင်ပါရဲ့ကွာ..."

အခု ဝန်းရံ အိမ်ပြန်သွားပြီ...

အိမ်ပြန်ရောက်ပြီလား... အိမ်ရောက်ပြီးရင် ဘာလုပ်မလဲ...။ ဘယ်သွားဦးမလဲ... ဘယ်သူနဲ့တွေ့မလဲ ဘာတွေပြောမလဲ...။

" ကိုယ် အိမ်ပြောင်းရင် ကောင်းမလား စဉ်းစားနေတယ်... လင်းဇေရယ်..."

" အခုအိမ်က ဘာလို့လဲ ဦးမောင်မောင်ကြည်တို့နဲ့ အဆင် မပြေလို့လား "

" မဟုတ်ပါဘူး... နည်းနည်းလှမ်းသလားလို့... ဆေးရုံဝင်း ထဲပဲ ပြန်လာနေရမလား... နှယ်နီတို့သားခန်း အားနေတာပဲဟာ..."

www.burmeseclassic.com

www.burmeseclassic.com



" ဟိုအိမ်ကလေးက ပိုကောင်းပါတယ် ကိုနှိုင်းရယ်… လုံးချင်းလေးနဲ့… ကိုနှိုင်းတော့ တစ်ခုခု ဖြစ်နေပြီ ထင်တယ်… ကိုနှိုင်းတို့ ကျွန်တော်တို့ဆိုတာ သေခြင်းကို နေ့စဉ်တွေ့နေရတာမျိုးပါ… ဘာလို့ ဒီလောက် ပူနေရတာလဲ… ကောင်းမယ် ထင်ပြီး ဆိုးတာတွေ မြင်တယ်… ဆိုးမယ် ထင်ပြီး ကောင်းတာတွေ မြင်တယ်… ဘာလို့များ ကိုနှိုင်း ပြောင်းလဲနေပါလိမ့်…"

လင်းဇောကတောင် ပြောနေရပြီ… ဘာလို့ ကိုနှိုင်း ပြောင်းလဲနေပါလိမ့်တဲ့။ နှိုင်းဆကိုယ်တိုင်တောင် ဒီလို မေးနေရပါပြီ။ ဝန်းရံကို သိပ်ချစ်ရတာ တကယ့်ကို ပြောင်းလဲလာသလိုပါလား…။

" ဝန်းရံဟင်းချက်ကောင်းတယ် အန်တီမိုးပြောနေပြီ တစ်ရက် လာစားမယ် "

လင်းဇောကတော့ အန်တီမိုးနဲ့ ဝန်းရံအကြောင်းတွေ ပြောနေချိန် နှိုင်းဆ စိတ်ကတော့ အိမ်ကိုရောက်နေပြန်ပါပြီကော…။

✡ ✡ ✡

အိမ်တစ်အိမ်လုံးကို အပင်ပန်းခံပြီး ရှင်းလိုက်တယ်။ မလိုတော့ဘူးထင်တဲ့ပစ္စည်းတွေကို စတိုခန်းထဲ သွားထည့်ထားလိုက်တာပေါ့။ ဒါမှ မှန်တင်ခုံကို တွေ့တဲ့အကြောင်း ပြောလို့ရမယ်လေ…။ ကိုကို ဘယ်လို ပြန်ဖြေမလဲလို့ ဝန်းရံ သိချင်မိပါတယ်။

" ဝန်းရံ… ဝန်းရံ "

" ဟာ… ကိုကိုတောင် ပြန်ရောက်ပြီလား… ဝန်းရံ အိမ်ရှင်းနေတာနဲ့ ကိုကို ပြန်လာတာတောင် မသိလိုက်ဘူး…"

" ဘာတွေရှင်းနေတာလဲ ဝန်းရံရယ်… ကိုကို တတ်နိုင်သရွေ့ ရှင်းထားတာကို…"

" မီးဖိုထဲမှာ ခုံအပိုတွေ ရှုပ်နေတာမို့ စတိုခန်းထဲ ထည့်လိုက်တယ် "

" စတိုခန်း…"

စတိုခန်းဆိုပြီးတော့… ကိုကို လန့်သွားပုံက တကယ် ပုံမမှန်ပါလား။

" စတိုခန်းထဲမှာ မှန်တင်ခုံလေး တစ်ခုတွေ့တယ် ကိုကို… အသစ်ကြီးပါ ကိုကိုရာ… အဲဒါ ဒေါ်ဒေါ်ညိုတို့ ပစ္စည်းထင်ပါရဲ့… လှလိုက်တာ… လက်ရာလေးကလည်း… ကောင်းမှ ကောင်းပါပဲ… ဝန်းရံတောင်မှ လိုချင်တယ်… အသည်းပုံလေးတွေနဲ့… ကိုကိုနဲ့ဝန်းရံရဲ့

www.burmeseclassic.com



အသည်းပေါ့..."

" ဝန်းရံ... ကိုကိုရေချိုးပြီး ထမင်းစားချင်ပြီ... စကားတွေ မများပါနဲ့တော့လား..."

ပြောပြီး ရေသွားချိုးနေပြီ။

ဝန်းရံ အံ့ဩရပါတယ်။ ကိုကိုက ဘာလို့များ ဒီမျှ လိမ်ညာနေရတာလဲ... ကိုထိန်က မှန်တင်ခုံတစ်ခု လက်ဖွဲ့တာ... ဘာဖြစ်လဲ... ဘာဖြစ်လို့ ကွယ်ဝှက်ထားစရာ အကြောင်းရှိသလဲ။

" ဝန်းရံ... ဒါဘာဟင်းလဲ "

" မြေပဲ ငပိချက်လို့ ဒေါ်ဒေါ်ညို ပြောတာပဲ "

" ဒေါ်ဒေါ်ညိုလာပေးတယ်လား "

" ဟင့်အင်း... ကိုထိန်လာပေးတာ... ဒေါ်ဒေါ်ညိုက မှာလိုက်တယ်... ကိုကိုကြိုက်တယ်ဆိုလို့ ချက်ပေးတာတဲ့..."

" ဝန်းရံ..."

ကိုကိုကလည်းလေ...။

ကိုထိန်လို့ ပြောလိုက်တာနဲ့ ချက်ချင်းစိတ်တိုလာတာပါလား...။

" ဝန်းရံ... ကိုကို ပြောထားမယ်... နောက်ဆို ကိုကို ဆေးရုံ သွားနေတုန်း အိမ်တံခါး လုံးဝ ပိတ်ထားပါ... ယောကျ်ားလေးဆို ဘယ်ယောကျ်ားလေးမှ ဖွင့်မပေးပါနဲ့..."

" ကိုထိန်က ဘာဖြစ်လို့လဲ "

" ဘာဖြစ်ဖြစ်... ယောကျ်ားလေးတွေဆို တစ်ယောက်မှ မဖွင့်နဲ့... ကိုကို့စကားကို နားထောင်... မထောင်ဘူးဆို ဝန်းရံ ရန်ကုန်ပြန်... ကိုကို အလုပ်ဆင်းနေတုန်း နောက်ကြောင်းအေး



ချင်တယ်..."

ဝန်းရံ စိတ်မကောင်းပါဘူး ကိုကို။ တကယ်ဆို ကိုထိန် လာတယ်... ဟင်းလာပို့တယ် ဆိုတာဟာ ဘယ်လောက် အရေးကြီးနေလို့လဲ။ ဒါကိုများ နောက်ကြောင်း မအေးတာတို့ စကားနားမထောင်တာတို့တွေ လာပြောနေပြီး ရန်ကုန်ပြန်တဲ့။

ကိုကိုက ခွဲနိုင်သလား။ ဝန်းရံကဖြင့် ကိုကိုနှင့် မခွဲနိုင်လို့ ဒီလာရတယ်ဆို ဝမ်းသာလိုက်ရတာ။ အခုတော့ ရန်ကုန်ပြန်တဲ့။ စိတ်မှာ ဝမ်းနည်းသွားသလိုပါပဲ။

" ကိုကို ခွဲနိုင်တယ်လို့ ပြောတာပေါ့..."

စိတ်မကောင်းတော့ ထမင်းစားလက်စ ဖြတ်လိုက်ပြီး ထွက်လာခဲ့ပြီ...။ ပြောဦးမယ် ဝန်းရံဟာ စိတ်ကောက်တယ်လို့...။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

ထိန်လင်းနိုင် ဟင်းလာပို့တာကို ပြောရင်းမှ ဝန်းရံ စိတ်ကောက်သွားပြီ။ ဝန်းရံကို ခွဲနိုင်လို့ ပြောတာ မဟုတ်ပါဘူး။ ဝန်းရံ လိုက်မလာလို့တောင်... နှင်းဆ ဘယ်လောက်လွမ်းရပါသလဲ။ ဝန်းရံရောက်လာလို့ ပျော်လိုက်ရတာ။ အခုတော့ စကားပြောက အဆင်မပြေပြန်...။

" ဝန်းရံ "

ဝရန်တာမှာ ထိုင်နေတယ်... ငိုတော့ မငိုဘူး ထင်ပါရဲ့။

" ဝန်းရံ "

" ကိုကိုက တကယ်ခွဲနိုင်တယ်လို့ ပြောတာလား "

" မဟုတ်ပါဘူး ဝန်းရံရာ... ကိုကို စကား မပြောတတ်လို့ပါ..."

" ဝန်းရံဆိုတာ တစ်သက်တစ်ချစ်ချစ်မယ့် လူပါ... ကိုကို့အပေါ် အရင်က အစ်ကိုလိုချစ်တော့လည်း ဝန်းရံ အချစ်နိုင်ဆုံး ချစ်ခဲ့တယ်... အခု လက်ထပ်ခဲ့ကြတော့လည်း အချစ်နိုင်ဆုံး ချစ်တာပါ... ကိုကို ဝန်းရံကို မယုံကြည်လို့လား "

" မဟုတ်ပါဘူးကွာ မဟုတ်ပါဘူး... မဟုတ်ပါဘူး ဝန်းရံရယ်... ကိုကို စကားမပြောတတ်တာပါ... ခွင့်လွှတ်ကွာ နော်..."

" ဝန်းရံကို ရန်ကုန်ပြန်လို့ နောက်မပြောပါနဲ့... ကိုကို့ကို



မခွဲနိုင်လို့ အတူနေရမယ်ဆိုတော့ အရမ်းပျော်ရတာ "

" ဟုတ်ပါပြီ... မပြောတော့ဘူး..."

ခုတော့လည်း ဝန်းရံက နှင်းဆ ပခုံးစွန်းကို မှီပြီး စိတ်ကောက်ပြေသွားပြီ ထင်ပါရဲ့။ အပြင်မှာ ညဘက်တော့ အအေးဓာတ်က ရှိနေဆဲပါလေ။ နေ့ခင်းတော့ အတော်ပူလာပါပြီ...။

" ချမ်းလိုက်တာ "

" ခုလောက် အေးတာလေးကို ချမ်းတယ်ဆိုရင် ဟိုကျန်ခဲ့တဲ့လက အအေးမျိုးကို ဝန်းရံလေး ဘယ်လိုနေမလဲ မသိပါဘူး..."

" ကိုကို "

" ဟင်..."

" ဝန်းရံကို မီးဖို ဖိုပေးပါလား "

" မီးဖို... အဲလောက် ချမ်းလို့လား ဝန်းရံရာ... ချမ်းရင် ကိုကို ဖက်ထားမယ်..."

" မဟုတ်ပါဘူး... မီးဖိုလေးဖို... ပြီးတော့ ကန်စွန်းဥတို့ ထန်းမြစ်တို့ အာလူးတို့ ဖုတ်စားမယ်... ပျော်စရာကြီး..."

" ကြံကြံဖန်ဖန် ဝန်းရံလေးရယ်..."

ဝန်းရံကတော့ တကယ့်ကို ပြောနေတော့တာ။ မနက်ဖြန်ည ကျရင်တဲ့ အိမ်ရှေ့မှာ မီးဖိုဖိုပြီး ထန်းမြစ်တို့ ကန်စွန်းဥတို့ ဖုတ်မလို့တဲ့...။ ဒီလက အအေးလျော့သွားပါပြီဆို တကယ် ကလေး လိုပါပဲလား...။

" နော်... ကိုကို "

" အေးပါကွာ... မနက်ဖြန်ညမှ..."

" ဟုတ်ပြီ မနက်ကျရင် ဈေးကနေ ထန်းမြစ်တို့ ကန်စွန်းဥ

www.burmeseclassic.com

www.burmeseclassic.com



တို့ ဝယ်လာမယ်… ပျော်လိုက်တာ… ပျော်လိုက်တာ…”

ပျော်တယ်ဆိုတော့လည်း ကလေးလို လက်ခုပ်တီးနေပြန်ပါတယ်။ အခုမှ ငယ်ငယ်က ဝန်းရံအတိုင်း ကလေးလေးလို တွေ့ရတာပါလား…။ အဲဒီကောင်မလေးကို ချစ်ရတဲ့အချစ်က ငါးရာနှစ်ဆယ့်ရှစ်ကနေ ပြောင်းရတယ်ဆိုတော့လည်း ပိုလို့တောင် တွယ်ငြိနှောင်နှန်း မြန်ဆန်ခဲ့တာပဲ မဟုတ်လား…။

“ ကိုကို့ကို ချစ်တယ်… မခွဲနိုင်ဘူး ”

“ အတူတူပဲပေါ့ ဝန်းရံရယ်…”

နှင်းမှုန်လေးတွေက ဆုဝေ့ဝဲဝဲ ရှိနေဆဲပါလေ…။ သိပ်မကြာခင်တော့ ရာသီဥတုက ပြင်းထန်ပူလောင်လာဦးမှာပါ…။ ခုတော့လည်း ဝန်းရံကို ရင်ခွင်ထဲမှာ ထားပြီး… အမောတွေ ပြေနေပြန်ပါပေါ့လား…။

✡ ✡ ✡

ထန်းမြစ်တွေ ကန်စွန်းဥတွေ ဝယ်ခဲ့ပြီ။ ညကျရင်ဆိုတဲ့ အတွေးနဲ့ကို ဝန်းရံပျော်ရွှင်နေပါပြီ။ မုန်တင်ခုံကလေးကို အခန်းထဲ ရွှေ့ထားလိုက်တဲ့အခါမှာတော့ ကိုကို ဘာလို့ မနှစ်သက်ရပါလိမ့်လို့… စဉ်းစားတော့ စဉ်းစားမိပါတယ်။ ကိုထိန့်အပေါ် ခုချိန်ထိ မနှစ်သက်ဘူး ထင်ပါရဲ့။ ဝန်းရံစိတ်မှာတော့ ကိုထိန့်ကို ဟိုတုန်းကလည်း ဖြူစင်စွာခင်မင်တာ… အခုလည်း ဒီအတိုင်းပဲ… နောက်လည်း ပြောင်းလဲစရာအကြောင်း တစ်စွန်းတစ်စမှ မရှိပါဘူး…။

စိတ်မှာ ပျော်ရွှင်နေလို့. သီချင်းလေး တအေးအေးနဲ့ အိမ်အလုပ်တွေ လုပ်နေမိတာပေါ့…။

အဝတ်လျှော်တဲ့ အုတ်ကန်က အိမ်နောက်မှာဆိုတော့ အဝတ်လျှော်တဲ့အခါမှာတော့ အပြင်မှာ လျှော်ရတယ်လေ…။

ခန်းဆီး ပန်းရောင်လေးတွေက နုတော့ ညစ်ပတ်တာ အရမ်းမြန်တာမို့ ခန်းဆီးတွေလည်း ဆပ်ပြာမှုန့် စိမ်လိုက်တယ်… အိပ်ရာခင်းတွေပါ လဲပြီး အကုန်လျှော်မယ်ဆို စိမ်ထားတာပေါ့…။ ခဏ ဆပ်ပြာမှုန့်စိမ်ပြီးတော့… အိမ်ထဲဝင် ဟင်းအိုးကြည့်ရတယ်။

ကိုကို့အကြိုက် ပဲသီးနဲ့ ဘဲဥလေးကြော်ပြီးမှ အဝတ်လျှော်တော့မယ်ဆို ပဲသီးကို သေချာလှီးနေမိတယ်…။

“ မြဝန်းရံ… ဘာတွေချက်နေလဲ…”

www.burmeseclassic.com



နောက်ဖေးမီးဖိုတံခါးမှနေ လှမ်းမေးတဲ့ ကိုထိန့်ကြောင့် ပဲသီးနဲ့ ဘဲဥကြော်မယ်... ဆိတ်သားဟင်းလို့ ပြန်အော်လိုက်ရပါတယ်...။ ပဲသီးတွေလည်း ကြော်ပြီးလို့ ဝန်းရံနောက်ဘက် အုတ်ရေကန်ဆီ ထွက်လိုက်တဲ့အခါမှာတော့...။

" ဟင်... ကိုထိန် "

အဝတ်တွေ အားလုံးက လှမ်းတောင် လှမ်းပြီးနေပါရောလား။

ခုနက အဝတ်လျှော်ရိုက်သံတော့ ကြားသား...

ဒေါ်ဒေါ်ညို သူ့အဝတ် သူလျှော်တယ်ပဲ ထင်ခဲ့တာ။

" ဘာလို့ လျှော်ရတာလဲ ကိုထိန်... မဟုတ်တာ..."

" မြဝန်းရံ တစ်ယောက်တည်း ချက်ပြုတ်လျှော်ဖွပ်နဲ့မို့ ကူညီတာပါ... အိမ်မှာလည်း အမေက ထမင်းဟင်းပဲ ချက်ရတာ... အဝတ်အားလုံး ကိုထိန် လျှော်တာပါ မြဝန်းရံရဲ့... ကိုယ့်အစ်မမို့ ကူညီတာလေ "

သူကတော့ ကူညီတာပါဝဲ... ဒါပေမယ့် ကိုကိုသိလို့ကတော့ သွားပြီ။

နဂိုရ်ကမှ ကိုထိန်နှင့် ခင်မင်တာ မနှစ်သက်ပါဘူးဆိုမှ...

" ကိုထိန် "

" ပြောပါ "

" နောက် ဘယ်တော့မှ အဲလိုမလုပ်ပါနဲ့... ဝန်းရံစိတ်က ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ ကြိုက်တယ်... သူများကို အားမကိုးချင်ဘူး ဒါကြောင့် ကိုကို အလုပ်ပိတ်ရက်တွေ ဆိုရင်တောင် ဘာမှ မကူခိုင်းဘူး... ဒါကြောင့် ကြို တောင်းပန်မယ်... နောက် ဒီလိုမျိုးဆို ဝန်းရံ စိတ်ဆိုးရလိမ့်မယ်... ပြောပြီးပြီနော်... ဝန်းရံ တကယ့်ကို



စိတ်ဆိုးမှာ... ဒီတစ်ခါတော့ ရှိပါစေတော့..."

ဝန်းရံခုလိုပြောတော့ မျက်နှာမကောင်းပါပဲ တစ်ယောက်တည်း အလုပ်တွေများပြီး ပင်ပန်းမှာ စိုးရိမ်လို့ပါလို့ ပြောပါတယ်။ ဒါကြောင့် ရယ်မောရင်းမှ နောက်ဆို မကူပါနဲ့ မောင်လေးရယ်... မင်း မမက ဒီလောက် အဝတ်လျှော်ဖို့လောက်တော့ ဗလကောင်းပါသေးတယ် ဆိုပြီး... အိမ်ထဲပြန်ဝင်လာခဲ့ပါတယ်။

အခုဆို အိမ်ရှေ့တံခါး အိမ်နောက်တံခါး သေချာပိတ်ရတယ်။

ကိုကိုဆေးရုံသွားနေတဲ့အချိန်မှာ... ယောကျ်ားလေးတွေ တစ်ယောက်မှ မလာစေနဲ့ ဆိုတာကလည်း ရှိသေးတာကိုး။

" ဝန်းရံလေး... သမီးအရင်ကလို ကလေးဆန်မနေနဲ့တော့နော်... သမီးဟာ အိမ်ထောင်သည်ဖြစ်သွားပြီ... အစစ ဂရုစိုက်ပြီး သားအကြိုက် ဖြစ်အောင်နေ..."

ဒီကိုလာတော့မယ်ဆိုတော့ မေမေပြောတာကိုလည်း သတိရမိပါသေးတယ်။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

ဝန်းရံတစ်ယောက်ကတော့လေ...။

ဒါဆိုဒါပဲ...။ ကလေးလေးလိုပဲ သူဖြစ်ချင်ရာ သူပြုနေတာပါလား။ ထမင်းစားသောက်ပြီးတော့ မီးဖိုပေးရမယ်တဲ့။

" နေပါဦးလား... ညနည်းနည်း မိုးချုပ်လေ ပိုအေးလေပေါ့ ဝန်းရံရဲ့..."

" အခုလည်း အေးနေပါပြီ ကိုကိုရယ် "

နောက်ဆုံးတော့လည်း... ဝန်းရံအလိုပဲ လိုက်ရတော့တာပါ။ ထင်းမီးပုံလေး မွှေးပေးတဲ့အခါမှာ ဝန်းရံတစ်ယောက် ဘယ်လောက်ပျော်နေတယ် မသိ...။ သီချင်းဆိုနေတယ်လေ။

" မီးတောက်လာပြီ... မီးတောက်လာပြီ... ပျော်လိုက်တာ... ပျော်လိုက်တာ "

" ဝန်းရံ... ဗိုက်ဆာတာလည်း မဟုတ်ပဲနဲ့... ထန်းမြစ်တွေ ကန်စွန်းဥတွေ အများကြီး မဖုတ်နဲ့လေ..."

" ဝန်းရံစားမယ် "

" အေး... အေး ရင်ပြည့်တော့မှ ဆေးတိုက်ပါ ကိုကိုလို့ မပြောကြေးနော် "

" မပြောပါဘူး..."

" ကိုကိုက အဲ့ဒီအစားအစာတွေ ကြိုက်တာ မဟုတ်ဘူးနော် ဝန်းရံ..."

" ထန်းမြစ် ကြိုက်ပါတယ် "

" သိပ်မကြိုက်ပါဘူး..."

ထန်းမြစ်တို့ ကန်စွန်းဥတို့က ဖုတ်လိုက်တဲ့အခါမှာ မွှေးတာကတော့ တကယ်မွှေးပါတယ်။ ဒါပေမယ့် နှိုင်းဆက ထမင်းစားပြီးရင် ဘာမှ နောက်ထပ် မစားချင်တော့သလိုပါပဲ။ ဝန်းရံကတော့ ဆီနဲ့ဆားပန်းကန်ပါ ယူလာလိုက်သေးတယ်။



" ကိုကိုအရင်စား "

" ဝန်းရံစားပါ... ကိုကိုသိပ်မကြိုက်ဘူး "

" မကြိုက်လည်း ဦးချတဲ့ အနေနဲ့ တစ်ကိုက်စား "

" ကဲ ဒါဆိုရင် ခွံ့ကွာ... ကိုကို့လက်မှာ ပေကျံနေလို့..."

ဝန်းရံက ထန်းမြစ်လေးကို ခွံ့ပေးပါတယ်...

" ဒီဇနီးမောင်နှံ ဘာတွေလုပ်နေလဲ..."

နောက်မှ အသံကြောင့် လှည့်ကြည့်မိတော့ ဒေါ်ဒေါ်ညိုနဲ့ ထိန်လင်းနိုင်...။ သူတို့သားအမိကို တွေ့တော့ ပြုံးပြပြီး ဝန်းရံက ထန်းမြစ် ဖုတ်စားချင်လို့ ဆိုလို့ပါ... ဦးလေးနေကောင်းလားလို့ မေးရတယ်။

" ဝန်းရံလေးက ထန်းမြစ် ကြိုက်တယ်လား "

" မီးဖုတ်စားတာကိုကြိုက်တာပါ... ပြုတ်စားရင်တော့ မကြိုက်ဘူး..."

ဒေါ်ဒေါ်ညိုတို့ သားအမိက ဝင်ထိုင်ပါတယ်...။

" စားပါဦး ဒေါ်ဒေါ်ညို... ကိုထိန်စားလေ..."

" ကိုထိန်က ကန်စွန်းဥပဲ ကြိုက်တာ..."

www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို စား... ရော့..."

ညှော်သည်လိုမို့ ဝန်းရံက ကျွေးတာဖြစ်မှာပါ။ ဒါပေမယ့် နှိုင်းဆ မျက်ဝန်းမှာတော့ ဒီမြင်ကွင်းမျိုးကို မနှစ်သက်သလိုပါပဲ။ ထိန်လင်းနိုင်က ယူစားပါတယ်။ ဒေါ်ဒေါ်ညို့ကိုလည်း ပေးပါတယ်... ဒေါ်ဒေါ်ညိုက မိုးချုပ်နေလို့ အစာမကျေမှာ စိုးလို့ဆိုပြီး မစားပါဘူး...။

" ဦးလေး နေကောင်းနေလို့ တော်ပါသေးတယ် ဒေါ်ဒေါ်ညို"

" ဟုတ်ပါတယ်... ခုလိုမျိုး အိပ်ရာပေါ်လဲပြီး လူမမာကြီးလို ဖြစ်နေရတော့လည်း သူ့ကို ဒေါ်ဒေါ်ညို သနားပါတယ်... ဒါပေမယ့် မင်းတို့ ဦးလေးက အရမ်းဆိုးခဲ့တာဆိုတော့..."

" ကိုကို ဖုန်းသံထင်တယ်..."

" အင်း ဟုတ်တယ်... ခဏနော် ဒေါ်ဒေါ်ညို..."

ဖုန်းသံမို့သာ အိမ်ထဲဝင်လာခဲ့ရတာ။ ဝန်းရံအနားမှာ ဒေါ်ဒေါ်ညိုလည်း ရှိနေတာပဲလေ...။

✡ ✡ ✡

" ကိုထိန် စားလေ... ကိုကိုက ထမင်းစားပြီးပြီဆို သိပ်မစားတတ်ဘူးတဲ့... ဝန်းရံကတော့ ထမင်းထက် မုန့်ပိုကြိုက်တဲ့ လူမဟုတ်လား.. စားလို့ကောင်းလိုက်တာ "

" သမီးတို့ကို မြင်ရတော့ ဒေါ်ဒေါ်ညို အရမ်းကြည်နူးရပါတယ်... ခာရာနှိုင်းနဲ့ သမီးကိုမြင်တော့ အဲလိုမျိုး သားသမီးတွေနဲ့ ကြည်ကြည်နူးနူး နေချင်တယ်..."

" ဒါကတော့ ဒေါ်ဒေါ်ရယ်... နောက်ဆို ကိုထိန် အိမ်ထောင်ကျသွားရင် ခုလိုမျိုး သားသမီးတွေနဲ့ ပျော်ရမှာပေါ့..."

" သားနှစ်ယောက်ပဲ မွေးတာပါကွယ်.. ဒါပေမယ့် ကံဆိုတာ အကျိုးပေးရှိတယ်... သားတို့အဖေ အိမ်ထောင်ဦးစီးက စိတ်မှာတက် ညှံ့ဖျင်းတော့... သားတို့ ထိခိုက်ရတာ... သားကြီးလေး မွေးတုန်းကလည်း မျက်စိကွယ်နေခဲ့ပြီး ဆုံးသွားရှာတယ် "

" ရှင် "

ဒေါ်ဒေါ်ညို့စကားကြောင့် ဝန်းရံအံ့ဩသွားရပါပြီ... ဒေါ်ဒေါ်ညို့မှာ သားအကြီး ရှိသေးသလား ဆိုတော့ ရှိတယ်... မွေးကတည်းက မျက်လုံးလေးက ကွယ်နေရှာပြီး မွေးပြီး မကြာခင် ဆုံးသွားတာ... ဒေါ်ဒေါ်ညိုက သွေးနုံသားနု မီးတွင်းထဲ ကိုယ့်ကလေး တောင် ကိုယ်မမြင်လိုက်ရပါဘူး...တဲ့...။

www.burmeseclassic.com

www.burmeseclassic.com



" ဒေါ်ဒေါ်ညို... အဲဒီတုန်းက... အဲဒီတုန်းက ဘယ်မှာနေလဲ... ဒီအိမ်မှာပဲလား..."

" မဟုတ်ဘူးကွဲ... မင်းတို့ဦးလေးတာဝန်နဲ့ မြောင်းမြမှာ..."

" ရှင် မြောင်းမြ... ဟုတ်လား... ဒေါ်ဒေါ်ညို... အဲဒီ မွေးနေ့ သိသလားဟင်..."

" ဘာလို့လဲ ဝန်းရံ "

" ဪ... ဆုံးသွားတဲ့ ကလေးလေးကို သနားလို့ပါ... ကိုကိုနဲ့ အသက်တူလောက် ရှိနိုင်တယ်လေ..."

ဒေါ်ဒေါ်ညို ပြောလိုက်တဲ့ မွေးနေ့ကလေးတစ်ခုဟာ ဝန်းရံရဲ့ နားစည်ထဲကို ပြင်းထန်သော အရှိန်နဲ့ ဝင်ရောက်လာခဲ့ပါတယ်။ ဒီအကြောင်းကို ကိုကိုသိသလား... သိမယ်မထင်။ ပြီးတော့ ဒါဟာ တိုက်ဆိုင်မှုရော မဖြစ်နိုင်ဘူးလား ဖြစ်နိုင်ပါတယ်။ ဒီအကြောင်းကို အတိအကျသိနိုင်တဲ့ လူက ဖေဖေနဲ့ မေမေပဲ ရှိတာ။

" ပြန်မှပါ... မင်းတို့ဦးလေးနိုးလာဦးမယ် ဝန်းရံ... လာလေ... သွား ပြန်စို့ "

" ကျေးဇူးပဲ ဝန်းရံ..."

ဒေါ်ဒေါ်ညိုတို့ ပြန်သွားပြီးမှ ကိုကိုပြန်ရောက်လာပါတယ်။ ထူးဆန်းသော တိုက်ဆိုင်မှု တစ်ခုကြောင့် ဝန်းရံစိတ်မှာ ခံစားချက် တစ်ခုတော့ ရှိရပါတယ်။ ကိုကိုကတော့ ဒေါ်ဒေါ်ညိုတို့ ပြန်သွားပြီ လားတဲ့...။ ဟုတ်တယ် ကိုကို ဦးလေး နိုးလာမှာ စိုးလို့ ပြန်ပြီတဲ့လို့ ပြောရတယ်...။

" ဘယ်က ဖုန်းလဲ ကိုကို..."

" လင်းဖေဆီကပါ ဆေးရုံကိစ္စ..."



" ကိုကို... ဖေဖေနဲ့ မေမေ့ဆီက ဖုန်းမလာပြန်ဘူး... ဆက်ချင်တယ် "

" မနက်ဖြန် ဆေးရုံမှာ လိုက်ဆက်လေ..."

" ဆေးရုံမှာ..."

" အင်း..."

ဆေးရုံလိုက်ဆက်ဆိုရင်တော့ ကိုကို့ရှေ့မှာ စကားပြောရမှာ...။ ဒီလို အကြောင်းဆိုတာ ဖေဖေနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး မေးမှ ကောင်းမှာပေါ့..။

" ကိုကို..."

" ဟင် "

" ဝန်းရံမေးစရာရှိတယ်... တကယ်လို့ ဝန်းရံရဲ့ မေးခွန်းကို ကိုကို မနှစ်သက်ရင်လည်း စိတ်တော့မဆိုးပါနဲ့ "

" အံမယ်... ရှေ့ပြေးစကားတွေ ဘာတွေနဲ့ပါလား... ဆိုပါဦး ဘာမေးမလို့လဲ..."

" ကိုကို့စိတ်မှာ ကိုကို့အဖေ အမေကို တွေ့ချင်စိတ် ရှိသလားဟင် "

" ဘာများလဲလို့ ဝန်းရံရယ်..."

ကိုကိုက စိတ်မကောင်းဖြစ်သွားတဲ့ ပုံမျိုးတော့ မရှိပါဘူး... ဝန်းရံပါးလေးကိုတောင် လိမ်ဆွဲလိုက်သေးတယ်လေ။

" ဖေဖေပြောလို့ သိသိချင်းမှာတော့ မိဘအရင်းဆိုတဲ့ ခံစားချက်ကြောင့် ရင်ထဲသိချင်သလိုလို ဖြစ်လာပါတယ်။ ဒါပေမယ့် အဲဒီမိဘအရင်းက မျက်စိကွယ်နေတဲ့ ကလေးဆိုပြီး ပစ်ထိုက်ရက်ကြ တယ်... ဖေဖေနဲ့ မေမေကတော့ မျက်စိမမြင်မှန်း သိသိကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



မွေးခဲ့ရတယ်... ကိုကို့ကံ ကောင်းလို့ရယ် ဖေဖေတို့ ဆေးကုပေးလို့ရယ်... ခုလို ဘဝရခဲ့တာပါ... ဒါကြောင့် ဘာကိုမှ သိဖို့မလိုသလို... မသိရလည်း အရေးမကြီးပါဘူး... စိတ်ထဲတောင် မထားတော့ဘူး..."

" တကယ်လို့ သိခွင့်ရမယ်ဆိုရင်ကော..."

ဝန်းရံ ခုလိုမေးတော့ ကိုကိုက ငြိမ်သွားပြီး ဝန်းရံ့ကို လှမ်းကြည့်လိုက်တာ သိပါတယ်... မီးရှိန်လျော့သွားပြီဖြစ်တဲ့ မီးဖိုကို ကျောခိုင်းထားရတာမို့... အမှောင်တဲမှာဆိုတော့ ဝန်းရံ့မျက်နှာကို အကဲခတ်လို့ မရနိုင်ဘူးပေါ့...။

" ဝန်းရံ ထူးဆန်းနေသလိုပါလား "

" မထူးဆန်းပါဘူး ကိုကိုရဲ့... ဟိုတွေး ဒီတွေး တွေးကြည့်မိတာပါ... ဘဝဆိုတာက ဆန်းကြယ်တယ် မဟုတ်လား... တစ်နေ့နေ့ တစ်ချိန်ချိန် တိုက်ဆိုင်စွာများ တွေ့ခဲ့ရင်လို့လည်း ဝန်းရံက စိတ်ကူးယဉ်ကြည့်မိတာပါ ကိုကို..."

" တွေ့တော့လည်း တွေ့တွေ့ပေါ့... ဖေဖေနဲ့မေမေလောက် ချစ်မှာ မဟုတ်ဘူး... ပစ်ထားရက်တယ်လို့ ခံစားရလိမ့်မယ် ထင်တယ်... မိဘဆိုတဲ့ ကျေးဇူးကို ထည့်တွက်ပေးလို့ မပြစ်မှားပေမယ့် မချစ်နိုင်ဘူး ထင်တယ်... ကဲ ကိုကို မီးငြိမ်းခဲ့မယ်... ဝန်းရံ အိမ်ထဲဝင်နှင့်... အေးလာပြီ "

ကိုကို့စကားအရဆို သူ့မိဘအရင်းကို တွေ့ချင်ပုံမရပါဘူး...။ ဝန်းရံ့စိတ်မှာ ထင်နေတဲ့ အချက်ကလည်း... ဟုတ်ချင်မှ ဟုတ်မှာပါလေ။ ဖေဖေက ဒေါ်ဒေါ်ညိုတို့ကို တွေ့ဖူးသွားခဲ့တာပဲ... ဟုတ်ခဲ့ရင် မပြောပဲ နေမလား.. ပြောမှာပေါ့ ဝန်းရံ့ကိုက ကိုကို့ကို ပြောသလို စိတ်ကူးယဉ်ကြည့်မိနေပြလားလည်း မသိပါ။



ကိုကိုကမှ မသိချင်ဘူးဆိုတော့ ဒီအကြောင်းက နေပါစေတော့လေ...။ အပြင်မှာ အေးလာပေမယ့် အိမ်ကလေးထဲမှာတော့ နွေးနေသား။

" ဝန်းရံ သွားတိုက်နေလား "

" ဟုတ်ကဲ့.. ကိုကိုဘာလိုချင်လို့လဲ..."

" တံခါးပိတ်မလို့ပါ..."

ရေခွက်ထဲမှ ရေနည်းနည်းကို ယူပြီး ကိုကို့ဆီ လှမ်းပက်လိုက်တယ်။ အေးပါတယ်ဆိုမှ ဝန်းရံကတော့လေ... သွား သွား... ဝင်တော့တဲ့...။

ကိုကို့ကို နောက်ဘက်မှ လှမ်းကြည့်မိပြီး ဝန်းရံ့ကိုသာ မွေးစားခဲ့တာများဆို ကိုကို့လောက် ငြိမ်သက်နိုင်ပါ့မလားလို့လည်း တွေးမိပါတယ်။ လူဆိုတာ တကယ် ရင်ဆိုင်လာရရင်တော့ ဘယ်ပြောနိုင်ပါ့မလဲ။ သွေးအေးချင်လည်း အေးမှာပေါ့လေ။

" ဝန်းရံ့... အနွေးထည်အထူ လဲဝတ်လေ... အဲဒီ့အကျႌလေးက ပါးတယ် "

ဝန်းရံ့အပေါ် ကိုကို တကယ် ဂရုစိုက်ပါတယ်...

ဘာပဲပြောပြော ကိုကိုနှင့်ဝန်းရံ ဖူးစာဆုံခွင့် ရနိုင်ဖို့လည်း သည်သို့ ဖြစ်ခဲ့တယ် ထင်ပါရဲ့...

ဒါဆိုရင်တော့ သည်သို့ဖြစ်ခဲ့တာလည်း ကောင်းပါတယ်...။ ကိုကို့လို အလိုလိုက် ချစ်ခင်သော ခင်ပွန်းတစ်ယောက်ကို ဝန်းရံ ပိုင်ဆိုင်ခွင့်ရတာ ဝန်းရံ့အတွက်တော့ ပျော်ရွှင်ချမ်းမြေ့စရာပါပဲ။

✡ ✡ ✡

www.burmeseclassic.com

www.burmeseclassic.com

"ခုတလော ကိုနိုင်းတို့နှစ်ယောက်ရဲ့ ဆူညံပူညံလေးတွေ မကြားရပြန်ဘူးနော် အန်တီမိုး..."

"ဒါကတော့ အဆင်ပြေနေလို့ ဖြစ်မှာပေါ့ ဆရာလင်းရဲ့..."

လင်းဇေနဲ့ အန်တီမိုးကတော့ ပြောနေပြီ...။ ခုတလော အလုပ်တွေက များနေသလို ဝန်းရံနှင့်လည်း အဆင်ပြေနေတာတော့ အမှန်ပါပဲ။ ဝန်းရံအပေါ် မျက်ဝန်းနှင့် အဆင်မပြေစရာ မရှိတာလည်း ပါပါတယ်။

"ရာသီဥတုပူလာပြီ... အဖေတို့ အဓါတ်တို့ကို မခေါ်တော့ဘူးလား... နှစ်ယောက်တည်းပဲ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် နေချင်နေတာလား ကိုနိုင်း"

"မဟုတ်ပါဘူး လင်းဇေရယ်... ပူလာပြန်တော့လည်း ဖေဖေ နေမကောင်း ဖြစ်မလား... ဒါတွေလည်း စိတ်ပူရတယ်... ရန်ကုန်မှာက အပူအအေးမျှတယ်လေ အခု ဒီမှာက ပူနေပြီ... ရွှေလလောက်ဆို တအားပူတော့မှာ"

"ဟုတ်တယ်နော်... အေးတာကမှ ကောင်းသလိုပါပဲ... ဒီမှာကတော့ မိုးတွင်းတစ်တွင်းပဲ မိုးမရွာလို့ နေလို့ကောင်းသလိုနဲ့ နွေနဲ့ဆောင်းနေရတာ လူကြီးတွေ မကျန်းမာတဲ့လူတွေအတွက် အဆင်မပြေလှပါဘူး..."



"ပြန်မှာပါပဲ... တော်ကြာ ဝန်းရံမျှော်နေတော့မယ်"

"ဟုတ်ပါပြီ... ပြန်ပါ... ပြန်ပါ..."

ဆေးရုံရှေ့မှနေ ဆိုင်ကယ်စီးပြီးအထွက် အဝင်တံခါးနား အရောက် မျက်ဝန်းမှာတော့ အံ့ဩရင်းကြည့်မိတာ...။

ဝန်းရံက စက်ဘီးနင်းလာတာတော့ ဟုတ်ပါပြီ။ နောက်တကီ ကယ်ရီယာမှာပါလာတာက ထိန်လင်းနိုင်။ ဝန်းရံရာ... ဘယ်လိုကြောင့် ထိန်လင်းနိုင်ကို အခုလို စက်ဘီးပေါ်တင်နင်းရသလဲ။ စိတ်က အဆင်မပြေလိုက်တာ။

"ဟာ... ကိုကို... တော်ပါသေးတယ်... ကိုကိုများ ပြန်လာပြီလားလို့ ဒီမှာ ကိုထိန်ချော်လဲတာတဲ့... လက်က ချက်ချင်း ယောင်လာတယ်..."

ဝန်းရံ

ဝန်းရံ

ခက်ပါလား။ စက်ဘီးကို ထောက်ထားပြီး ထိန်လင်းနိုင်ကို လက်ဆွဲပြီး ဒဏ်ရာကအစ ပြနေတယ်။ ဘာလို့များ ဝန်းရံမှာ အမှတ်သညာ မရှိရတာလဲ...။

"ဟုတ်လား... ကိုကို ဂျူတီထွက်လာပြီ ဝန်းရံ... အထဲမှာ လင်းဇေ ရှိတယ်"

"ကိုကိုကလည်း ကိုကိုကြည့်ပေးလို့ရရင် ကြည့်ပေးလိုက်ပါလား..."

"လင်းဇေ ဂျူတီ ဝန်းရံ... ဝန်းရံ ဒီမှာနေခဲ့— လာ ထိန်လင်းနိုင်..."

ဝန်းရံ နေခဲ့ဆို နေမှနေခဲ့ရဲ့လား ကြည့်ရတယ်။ ခုကျတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း စက်ဘီးကို မီလို့ နေခဲ့သား။ ထိန်လင်းနိုင်ကို လင်းဇေလက်ထဲ အပ်ထားခဲ့ပြီး နှိုင်းဆ ပြန်ထွက်လာခဲ့ပါတယ်။

" ကိုကို အဆင်ပြေလား... ဘာဖြစ်သွားလဲ... အရိုးအက်သလား... အရိုးကျိုးသလား..."

" ကိုကို ဘယ်သိမလဲ ဝန်းရံ... အဲဒီ့ စက်ဘီးပေး "

စက်ဘီးကို မောင်သောင်းဌွေးကို ပြောပြီး အပ်ထားခဲ့ပြီး ဆိုင်ကယ်နှင့် ပြန်ခေါ်လာခဲ့ပါတယ်။

" ကိုကို... ကိုထိန် ဘာဖြစ်သွားလဲ "

" လင်းဇေဂျူတီပါဆို... လင်းဇေကို အပ်ခဲ့ပြီပဲ "

" ကိုကိုကလည်းလေ... ကိုထိန်က ဝန်းရံတို့နဲ့ ဆွေမျိုးတွေလို ဖြစ်နေပါပြီ... တစ်ခြံထဲ တစ်ဝိုင်းထဲ နေတာလေ... ဘာဖြစ်လို့လဲ တကယ်ဆို သူ့ကို ကိုကို ကိုယ်တိုင်..."

" တော်စမ်း ဝန်းရံ... လင်းဇေလည်း ဆရာဝန်ပဲ... ဘယ်တော့မှ ပစ္စလက္ခမလုပ်ဘူး... ဘယ်လိုဂရုစိုက်ရမယ် သိတယ်..."

နှိုင်းဆအသံ မာသွားလို့ ထင်ပါရဲ့ ဝန်းရံဆီမှ ဘာသံမှ မကြားရတော့။ ဝန်းရံတို့က အချိုးမပြေတာတွေ လုပ်လာပြန်ပြီလို့လည်း စိတ်မှာ အနှောင့်အယှက် ဖြစ်ရပြန်ပါတယ်။

" ထိန်လင်းနိုင်က သူ့ဘာသာ ဆေးရုံမလာတတ်လို့ လိုက်ပို့ရသလား..."

အိမ်ရောက်ရောက်ချင်း ဒီလို စကားမျိုးတွေကို ပြောရပြန်ပါပြီ။

" ဩော်... ကိုကိုရယ်... ဝန်းရံကို ကူညီရင်း... ဝန်းရံရှေ့မှာ ချော်လဲသွားတာ... သူက ခြေထောက်တွေကလည်း သန်စွမ်းရှာတာ မဟုတ်ပါဘူး... ဒါကြောင့် ဆေးရုံလိုက်ပို့တာပါ... လူတစ်ယောက်ကို



ကူညီတာ ဘာဖြစ်လို့လဲ... ကိုကိုတို့ ဆရာဝန်တွေက လူနာတွေကို ကူညီသလို ဝန်းရံတို့လည်း လူလူချင်း ကူညီနိုင်တာ ကူညီရမှာပဲလေ..."

" မြင်းလှည်းငှားပြီး ဆေးရုံပို့လိုက်ရတယ်... မင်းအခုလို မင်းစက်ဘီးပေါ် တင်လာစရာ မလိုပါဘူး... နောက်ပြီးတော့ ကူညီရင်း ချော်လဲတယ်ဆိုတော့ ဘာကူညီတာလဲ ဘာကူညီစရာရှိလဲ..."

" အပြင်ရေကန်က ရေပိုက်ပိတ်တယ်... ရေလုံးဝမလာဘူး... ဝန်းရံ ဘယ်လို အဝတ်လျှော်မလဲ... အုတ်ကန် အမြင့်ကြီး ဝန်းရံ ဘယ်လို ရေခပ်မလဲ... ကိုထိန်က ပိတ်နေတဲ့ပိုက် ပြင်ပေးတာ..."

သူ့ပြောလိုက်ရင်တော့ ဆင်ခြေက အမျိုးမျိုးပါလား။ အဝတ်က တစ်ရက်မလျှော်လို့ ဘာဖြစ်သွားမှာလဲ... ညနေ နှိုင်းဆ ပြန်လာမှ ပြောပေါ့...။ အခုတော့ ချက်ချင်းဆိုသလို ဖြစ်ရအောင် ထိန်လင်းနိုင်ကို သွားခေါ်တာနေမှာ။

" အဝတ်တစ်ရက်မလျှော်တော့ ဝန်းရံကို ဘယ်သူက အပြစ်တင်မှာလဲ... ညနေ ကိုကို ပြန်လာရင် ပြင်ပေးမှာပေါ့ "

" ကိုကိုက မော်ပြန်လာတာလေ... အလုပ်မှာလည်း မောလာရတယ်... အိမ်က တောက်တိုမယ်ရ အလုပ်တွေလည်း လုပ်ရဦးမှာမို့ ဝန်းရံက ကိုယ့်ဘာသာ ပြင်တာပါ... ကိုထိန်က လှမ်းမြင်လို့ လာကူတာပါ..."

" နောက်ကို မှတ်ထား... ဘယ်လောက် ခက်ခဲတဲ့အလုပ် ဖြစ်ဖြစ်... ကိုကိုပြန်လာမှပြော... ဘယ်ယောကျ်ားရဲ့ အကူအညီမှ မယူနဲ့... ကြားလား...."

" ကြားပါတယ် "

ကြားပါတယ်လို့ ပြောသွားတဲ့အသံက ပုံသိပ်မမှန်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောက်သွားပုံရတယ်… ဝန်းရံ့စိတ်ကောက်တာလောက်က ရိုးနေပါပြီ။ နေပါစေ… ထားလိုက်… ခဏနေ စိတ်ပြေလောက်ရင် နှစ်ခါ မချော့ရဘူး…။ ဒီကောင်မလေးကို သိပ်အလိုလိုက်လို့ မဖြစ်ဘူး။

အိမ်အရှေ့မှာ ထိုင်နေမိတယ်…

ဝန်းရံ့တော့ မီးဖိုထဲမှာ ထင်ပါရဲ့…။

နှင်းဆီ ဘာလို့များ ဒီလောက် စိတ်ပူပန်နေမိပါလိမ့်…။ ထိန်လင်းနိုင်က ဝန်းရံ့ကိုကြည့်တဲ့အခါတိုင်းမှာ မျက်ဝန်းတွေက ရိုးသားမှု မရှိဘူးလို့ နှင်းဆီ ထင်နေမိတာကရော…။

ပြီးတော့ နှင်းဆီတို့ လက်မထပ်ခင်တည်းက သူတို့ရင်းနှီးခဲ့ကြတာလေ…။

ဒီအိမ်မှာနေနေရင်တော့ ဒီလိုအဖြစ်တွေက ရှိနေမှာ။

ပြောင်းမလား… ဘယ်လိုအကြောင်းပြမလဲ…။ ဆေးရုံဝင်းထဲကို ပြန်ပြောင်းတာ အကောင်းဆုံးလား…။

✡ ✡ ✡

တယ်လိုလူနာမျိုးကိုမဆို ဂရုစိုက်ကြင်နာပြီး ကုသပေးတတ်တဲ့ ကိုကိုဟာ ကိုထိန့်အပေါ်ကျတော့ အင်မတန် လျစ်လျူရှုနိုင်သလိုပါပဲလေ…။

ဝန်းရံ့ကိုယ်တိုင်ကရော မှားနေလား။

ဘာလို့မှားရမှာလဲ။ ဝန်းရံ့စိတ်မှာ ကိုထိန့်အပေါ် ဖြူစင်နေတာပါပဲ…။ ကိုကို ကိုက ဖြစ်နေတာ…။ ဒီလောက် သဝန်ကြောင်နေတော့ စိတ်ပျက်စရာ အရမ်း ကောင်းလာပါပြီ။ ကိုကို ဘာလို့ ဒီလို ဖြစ်သွားရသလဲ…။ ဝန်းရံ့ အပျိုပေါက်စ အရွယ်တည်းက ကိုကိုဟာ သူ့သူငယ်ချင်းတွေကို ခင်ခင်မင်မင် အိမ်ခေါ်လာတယ်…။ သူ့သူငယ်ချင်းတွေက ဝန်းရံ့ကို ကြိုက်တယ်ဆိုရင်တောင် သူက သဘောကျလိုက်သေး…။

ဇော်ထွန်းဆွေက ကြိုက်တုန်းကများဆို ရေးပေးတဲ့ စာကို ယူလာပေးတာ။ အခုကျတော့ ကိုကို ဘယ်လို ပုံစံပြောင်းသွားပါလိမ့်…။

မနေ့က ညတည်းက စကားဟက်ဟက်ပက်ပက် မပြောဘဲ နေလေ… ဝန်းရံ့ကလည်း နေနိုင်ပါတယ်။ ဒေါသတွေနဲ့ စကား မပြောချင်ပါဘူး…။ စိတ်ဆိုးစကားများ ရန်ဖြစ်နေတာထက်စာရင်တော့ စကားမပြောပဲ ရှိတဲ့ အိမ်အလုပ်တွေ လုပ်နေတာက ပိုကောင်းတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား...။

မနက်ကလည်း ကော်ဖီတစ်ခွက်ပဲ သောက်ပြီး ထွက်သွားပြီ။

" ဝန်းရံရေ... မြဝန်းရံ..."

ကိုထိန့်အသံပါလား။ ဒီကိုထိန်ကိုမှ ကိုကိုက မျက်စိပေါးမွေး စူးနေတယ်။ ဒီတော့ အိမ်ထဲတော့ ခေါ်လို့မဖြစ်။ ဒါကြောင့် နောက်ဖေးပေါက်ကနေ အိမ်ပြင် ထွက်ခဲ့ရတာပေါ့...။

" ဘာလဲ... ကိုထိန်..."

" မြဝန်းရံ... နင် လက်ပံပွင့်တွေ ပွင့်နေတာ တွေ့ပြီး ပြီလား..."

" လက်ပံပွင့်... ဟင့်အင်း... မတွေ့ရသေးပါဘူး... ဘယ်မှာ လဲ "

" ဟို ခြံနောက်ဘက် လက်ပံပင်ကြီးမှာပေါ့... ငါလည်း သတိရလို့ သွားကြည့်တာ... နင် ဒီအိမ်ကို ရောက်ကတည်းက ဒါ ဘာပင်ကြီးလဲဆို... အခု လက်ပံတွေ ပွင့်နေပြီ... လိုက်ကြည့်လှည့်..."

" ဟုတ်လား..."

တကယ်ဆို ဝန်းရံအတွက်ကတော့ လက်ပံပွင့်နေပြီဆိုတာကို ကြည့်ချင်မိတဲ့အကြောင်း ထိန်လင်းနိုင်နဲ့ လိုက်ခဲ့မိပါလားလို့ သတိကို မရခဲ့တာပါ...။ ကိုထိန့်အပေါ်မှာ ရိုးသားတဲ့ ခင်မင်မှုကြောင့်လည်း ပါမယ် ထင်ပါရဲ့။ ခြံနောက်ဘက်ရောက်တော့ တစ်ခါက ဝန်းရံ တွေ့ခဲ့ဖူးတဲ့ လက်ပံပင်ကြီးဟာ... ဟိုးအရင်တစ်ခါနဲ့ လုံးဝ မတူ တော့ပါဘူး...။

အပင်ကြီးက တစ်ပင်လုံး အရွက်ရယ်လို့ မရှိတော့ပါပဲ အပွင့်နီနီတွေမှ အများကြီး။



" ဟာ... ဒါလက်ပံပွင့်တွေလား... လှလိုက်တာနော် ကိုထိန် လှလိုက်တာ..."

အပွင့်နီတွေ အများကြီးနဲ့ လက်ပံပင်ကြီးဟာ ဝန်းရံရဲ့ မျက်ဝန်းထဲမှာ လှလွန်းသလို ကြည့်ကောင်းလိုက်တာ...။ အပင်ပေါ်ကို လက်ညှိုးတစ်ညွှန်ညွှန်နဲ့ ပျော်ရွှင်စွာ ခုန်ပေါက်နေမိပါတယ်။ ဒီအချိန် လက်ပံတစ်ပွင့်က အပင်ပေါ်မှနေ ပြုတ်ကျလာတဲ့ အခါမှာတော့...။

" လက်ပံပွင့်လေး ကျလာပြီ... ချာလည် ချာလည်နဲ့ တအားလှတယ်... ဖမ်းမယ်... ဖမ်းမယ်... ရအောင်ဖမ်းမယ်... ကိုထိန်... ကိုထိန်... ဟိုမှာ တစ်ပွင့်ကြွေပြန်ပြီ... ဖမ်းပေးပါ... သိပ်လှတယ် "

တစ်ပွင့်ပြီး တစ်ပွင့် ချားရဟတ်လေးလို ချာလည် ချာလည် ကျလာတဲ့ လက်ပံပွင့်ကလေးကို ပြေးဖမ်းနေရတာမို့ ဝန်းရံအတွက် ပတ်ဝန်းကျင်ကို သတိမရလိုက်မိတာပါ။ ဒါပေမယ့် ကိုထိန့်လက်ထဲက လက်ပံပွင့်လေးကို လှမ်းယူလိုက်တဲ့ အချိန်မှာတော့...။

" ကိုကို..."

" လက်ပံပွင့်က ဘာလုပ်စားလို့ရလို့ အဲလောက် ပျော်မြူးနေ ရတာလဲ... နောက်ပြီး ဒီမှာ ဘာလာလုပ်နေတာလဲ... လာ ပြန်လိုက်ခဲ့..."

ဝန်းရံလက်ကို ဆောင့်ဆွဲလိုက်တာများ နာသွားတာပဲ...။ ကိုကို့ရဲ့ ဒေါသမျက်နှာကြောင့် ဝန်းရံ ရုတ်တရက် ဘာပြောရမှန်း မသိလိုက်...။

" ကိုနိုင်... ကိုနိုင်... ကျွန်တော်..."

" မင်းဝင်မပါပါနဲ့..."

www.burmeseclassic.com

www.burmeseclassic.com



ဝန်းရံကို ဆွဲခေါ်လာလိုက်တာများ တရွတ်တိုက် ပါလာသလောက်ပါပဲ။ လက်နာတယ် ကိုကို လွှတ်ပါဆိုလည်း မလွှတ်ဘူး။ အိမ်ပြန်ရောက်ကော့ တံခါးကို ဆောင့်ပိတ်လိုက်ပါတယ်။ ဝန်းရံကို တွန်းလိုက်တာများ အခန်းနံရံနဲ့တောင် တိုက်မိတယ်။

" အမှတ်သည်းခြေ နည်းနည်းမှ မရှိဘူး... အဲဒီကောင်လေးနဲ့ မတွဲပါနဲ့ဆို... မင်းဟာ အိမ်ထောင်သည်တစ်ယောက်လို့ကော ကိုယ့်ကိုယ်ကို သတိရရဲ့လား ဝန်းရံ..."

" ဝန်းရံတို့က ဘာဖြစ်နေလို့လဲ ကိုကိုရယ်..."

" ဪ... ဘာမှမဖြစ်လို့ တတွဲတွဲ..."

" ဘယ်မှာတွဲလို့လဲ "

" ငါ့မျက်စိနဲ့မြင်နေတာတောင်... ဟာကွာ... ဝန်းရံကွာငါ..."

ကိုကို့ကို ဝန်းရံ အံ့သြမိသလိုပါပဲ။

ဟိုးငယ်တည်းက တွေ့သမျှ ခုလို ဒေါသလည်း မကြီးပါဘူး...။ စိတ်လည်းမဆိုးပါဘူး...။

" မင်းရန်ကုန်ပြန်တော့... ငါ နိစ္စဓူဝ ရင်ပူနေရတယ်... အလုပ်ထဲရောက်ရင်လည်း အိမ်မှာ ဘယ်လိုဖြစ်နေမလဲ ရင်ပူနေရမှတော့ မကောင်းတော့ဘူး... အလကားပဲ..."

" အဲဒါကတော့ ကိုကို့ရဲ့ စိတ်က ဖြစ်နေတာပဲ... ဝန်းရံ ဘာအမှားမှ မလုပ်ဘူးဆိုတာ ကိုယ့်ဘာသာ အသိဆုံးပဲ... ဝန်းရံကို အလိုမရှိဘူး... ဝန်းရံကြောင့် အမြဲ နောက်ကြောင်းမအေး ဖြစ်နေရတယ်ဆို ပြန်မှာပါ... ခွဲနိုင်တယ်ဆိုတာ သိရပြီပဲ..."

ရန်ကုန်ပြန်ဆိုတဲ့ စကားလောက် အသည်းနာတာ မရှိဘူး။ ကိုကို့ကို ချစ်လို့... ကိုကိုနဲ့ မခွဲနိုင်ပါဘူး ခဏခဏ ပြောခဲ့တယ်...



ကိုကိုကတော့ ထစ်ခနဲဆို ရန်ကုန်ပြန်တဲ့။ ဝန်းရံက ဘာတွေလုပ်နေလို့ နိစ္စဓူဝ သူ့ကို ရင်ပူစေရတာလဲ... တော်ပြီ... ဒီတစ်ခါ တကယ်စိတ်ဆိုးတယ်။

ဒါကြောင့် ချက်ချင်းပဲ ရန်ကုန်ပြန်ဖို့ ပြင်ရပြီ။

စိတ်ဆိုးဆိုးနဲ့ အဝတ်တွေ အကုန် အိတ်ထဲ လုံးထွေးထည့်လိုက်တယ်။ ကိုကိုကြည့်နေတာ တွေသားပဲ။ ဒီတစ်ခါတော့ လာမချော့လေနဲ့။ တော်ပါတော့... ပြန်မယ်။ ဒါမှ မှတ်သွားမယ်။ မဟုတ်ရင် ထစ်ခနဲရှိ ဝန်းရံ ရန်ကုန်ပြန်... ရန်ကုန်ပြန်နဲ့လေ...။ အခုပြန်မယ်— ကိုကို ဘာတတ်နိုင်သေးလဲ...။

ဒီတစ်ညတော့ လာမချော့လေနဲ့...။

ဘူတာမှာ ရထားလက်မှတ်ကိုလည်း ကိုယ့်ဘာသာ သွားဝယ်ပစ်ဦးမယ်...။

ဝန်းရံကို မချစ်လို့သာ ခွဲခွာနေဖို့ ပြောတာလို့ပဲ တွေးတော့ စိတ်မှာ နာကျင်လိုက်ရတာ...။

✡ ✡ ✡

www.burmeseclassic.com

ဝန်းရံ... ဝန်းရံ

သူကလည်း ဆိုးသေးတယ်... သူကပဲ ပြန်စိတ်ကောက်တယ်။ စက်ဘီးနဲ့ ထွက်သွားတော့ ဘယ်လဲဆို လိုက်ရှုပြန်တော့ ဘူတာသွား လက်မှတ်ဝယ်တယ်။ နှိုင်းဆ စိတ်ဆိုးလို့ ရန်ကုန်ပြန်လို့ ပြောမိပါတယ်... ပြန်မယ်ဆို စိမ်ခေါ်တဲ့ သဘောပေါ့... ပြန်ကွာ... ပြန်။ နှိုင်းဆလည်း စိတ်ဆိုးဆိုးနဲ့ ဆေးရုံ ထွက်လာခဲ့ပါတယ်။ အိမ်မှာတော့ ဝန်းရံ ဘယ်သို့ စီစဉ်မယ် မသိနိုင်...။

" ကိုနှိုင်း နေမကောင်းလို့လား "

" ဝန်းရံဖျားနေခဲ့လို့ အိမ်ခဏ ပြန်ကြည့်ချင်တယ် လင်းဓေ... "

လင်းဓေကို ပြောခဲ့ပြီးမှ အိမ်ပြန်လာခဲ့ရတယ်...။ အိမ်မှာတော့ သော့ခတ်ထားပါလား...။ နာရီကြည့်မိတယ်...။ ပထမရထားကတော့ ဒီအချိန်ဆို ထွက်သွားပြီပဲ...။ လိုက်မှုးသွားပြီလား။ ရန်ကုန်ပြန်ရောက်သွားရင်တော့ ဖေဖေတို့ မေမေတို့ စိတ်ဆင်းရဲရတော့မှာပါပဲ။ သက်ပြင်းတော့ တွင်တွင်ရှိုက်ရပြီ...။

ဒါကြောင့်မို့ ဖေဖေနှင့် မေမေ့ဆီ ဖုန်းဆက်ရကောင်းမလား...။ ရန်ကုန်ပြန်တာ မဟုတ်ပဲ ဟိုဒီလျှောက်သွားနေပြန်ရင်လည်း လူကြီးတွေကို စိတ်ဒုက္ခပေးရာ ရောက်ဦးမယ်။



" ဆရာနှိုင်း... ဝန်းရံစာပေးခဲ့တယ်... အဒေါ်နေမကောင်းလို့ ရန်ကုန် ချက်ချင်း ပြန်ရမယ်ဆို... ဆေးရုံဝင်သွားပါဆိုတော့လည်း ရထားလွတ်မှာ စိုးလို့တဲ့... ဝန်းရံ စိတ်များ ကောက်သွားတာလားဟင် "

ဒေါ်ဒေါ်ညို့ကို စာလေးတစ်စောင်နှင့် တွေ့ရပါတယ်။ လူကြီးဆိုတော့လည်း ဝန်းရံနှင့် နှိုင်းဆ ရန်ဖြစ်ပြီး ပြန်သွားတာများလားလို့လည်း တွက်ဆမှာပေါ့လေ။ ဒါကြောင့် ဒေါ်လေးညို စိတ်မပူပါနဲ့... ဝန်းရံက ဒီလိုပါပဲ... ဒေါ်ဒေါ်နေမကောင်းလို့ ပြန်တာပါဆို ပြောတဲ့အချိန် ခပ်လှမ်းလှမ်းမှာ ထိန်လင်းနိုင် လှမ်းကြည့်နေတာ တွေ့ရပါတယ်။

" ကျေးဇူးပဲ ဒေါ်လေးညို "

စာကို ဖွင့်ဖတ်ကြည့်လိုက်တယ်...။

ရန်ကုန်ပြန်ဆိုလို့ ပြန်သွားပါပြီ... ဖေဖေတို့ စိတ်မကောင်း မဖြစ်စေရပါဘူး... နှစ္စရူဝ ရင်ပူနေရမှတော့ မနေတာပဲ ကောင်းပါတယ်တဲ့...။

ရန်ကုန်ပြန်ပြီဆိုတော့လည်း ကောင်းပါတယ်လို့ပဲ တွက်ဆပြီး... ထားလိုက်မှပါ...။

ဝန်းရံမရှိသော နေရာလေးက ခြောက်သွေ့သွားသလိုတော့ ခံစားရပါလား။

" ကိုနှိုင်း... ဝန်းရံဖျားနေတာ ဘယ်လိုနေလဲ "

" မဖျားပါဘူး... လင်းဓေရာ... ထုံးစံအတိုင်း စကားပြောတာ အဆင်မပြေလို့ ဆူလိုက်တာ... ရန်ကုန်ပြန်သွားပြန်ပြီတဲ့... ဝန်းရံက သိပ်အလုပ်ပေးတာပဲ... အခုရန်ကုန်ပြန်တာ ရောက်မရောက် မေးရမယ်... လူကြီးတွေကို သူက ဘယ်လို ညာဦးမယ် မသိပါဘူး... "

www.burmeseclassic.com

www.burmeseclassic.com



လင်းဇေကတော့ ရယ်တယ်။ ကိုနိုင်းနဲ့ ဝန်းရံက သိပ်လည်း ချစ်သလို သိပ်လည်း ရန်ဖြစ်တာကိုးတဲ့…။ သူ့ကိုပဲ စိတ်ပူနေရတော့ စိတ်မရှည်လို့ ရန်ကုန်ပြန်လို့ ပြောလိုက်တာဆိုတော့လည်း လင်းဇေက ပြန်ဆို ပြန်တဲ့အခါ ကြိုလွမ်းနှင့်ရော မဟုတ်လားတဲ့…။

" ကိုနိုင်း တစ်ယောက်တော့ ရန်ကုန်ပြန်ရလိမ့်ဦးမယ် ထင်တယ်… ကျွန်တော်ကတော့ ဒီတစ်ခါ ဂျူတီစောင့်ပေးရရင် ရန်ကုန်မှာရှိတဲ့ အကောင်းဆုံး မုန့်မုန့်သမျှ မှာမှာနော် "

" ဝယ်ခဲ့ပါမယ်ကွာ…"

" တွေ့လား အန်တီမိုး… မသွားဘူးလို့ မပြောဘူး… ဝယ်ခဲ့ပါမယ်တဲ့… မိန်းမကို လိုက်ခေါ်ရတော့မှာပါလား…"

လိုက်ခေါ်ရတာ အကြောင်းမဟုတ်။ ချော့ခေါ်ပြီး ပြန်လာလို့ ဒီအိမ်မှာပဲ ပြန်နေရရင်…။ တကယ်စိတ်ပူပန်နေရတယ်။ ဘာလို့များ နိုင်းဆ ဒီလို စိတ်တွေဖြစ်သွားရပါလိမ့်…။ ဝန်းရံကို တစ်ချိန်ကလည်း ချစ်ခင်ခဲ့ပေမယ့် ငါးရာနှစ်ဆယ့်ရှစ်ကနေ တစ်ထောင့်ငါးရာပဟာ အဲဒီလောက် ကွာခြားသလား။

✡ ✡ ✡

ဖေဖေနှင့်မေမေရှေ့ရောက်တော့လည်း ဝန်းရံဆိုတာ ကလေး ပြန်ဖြစ်သွားသလိုပါပဲ။ တစ်လမ်းလုံးလည်း ကိုကိုနှင့် ရန်ဖြစ်လာပါ တယ်လို့ မပြောပါပဲနဲ့ အကြောင်းတစ်ခုခု ပြမယ် စဉ်းစားလာခဲ့တာ။ ဒါပေမယ့် ဖေဖေ မေမေ့ မျက်ဝန်းနှင့် တစ်ချက်ပဲ ကြည့်လိုက်ရသေး တယ်။

" ကိုကို အရင်က ကိုကိုမဟုတ်တော့ဘူး… မကောင်းတော့ ဘူး. ဖေဖေ…"

ဖွင့်ပြောမိပါပြီ။ ဝန်းရံကို ခဏခဏဆူတယ်။ ရန်ကုန်ပြန် လို့လည်း ခဏခဏ နှင်လွှတ်တယ်လို့ ပြောမိတာပေါ့။

" သမီးမှာ အပြစ်မရှိပဲ သားက ဒီလိုပြောပါ့မလား… ဝန်းရံ ဘာအပြစ်လုပ်မိသလဲ…"

" ဘာမှမလုပ်ပါဘူး… ဖေဖေကလည်း "

" ဘာမှမလုပ်ပါပဲ ဒီလိုမဖြစ်ဘူး… ပြောစမ်း ဘာတွေကြောင့် ဖြစ်သလဲ…"

ကိုကိုက အရင်လို မဟုတ်ပါဘူး။ ဝန်းရံအတွက် ကိုယ်နှိုက် လက်ဖွဲ့တဲ့ မှန်တင်ခုံကို ဝှက်ထားတာကအစ ပြောပြလိုက်တယ်၊ ကိုထိန် ရေပိုက်ပြင်ရင်လည်း စိတ်ဆိုးတယ်… ကိုထိန်ချော်လဲလို့ ဆေးရုံပို့တော့လည်း စိတ်ဆိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com



" ဒါကတော့... ဝန်းရံကို ချစ်လို့ မနာလိုစိတ်လည်း ရှိတာပေါ့... ဝန်းရံက အိမ်ရှင်မ ဖြစ်နေပြီ... အပြောအဆို အနေအထိုင် ဆင်ခြင်ရမယ်... ကိုယ့်ခင်ပွန်းရဲ့ မျက်ဝန်း... ပတ်ဝန်းကျင်မျက်ဝန်း အားလုံးနဲ့ အဆင်မပြေဖြစ်နိုင်တဲ့ အပြောအဆို... အနေအထိုင် အားလုံး ဆင်ခြင်ပြီး ထိန်းသိမ်းရမယ်... အိမ်ထောင်သည်ဆိုတာ အပျိုထက်တောင်မှ ဆင်ခြင်ရတယ်..."

" ဝန်းရံကတော့ ကိုထိန့်ကို ရိုးသားတယ်ဆို ခင်ခင်မင်မင် နေမိတာပါ... ပြီးတော့... ကိုကို မသိလို့ပါ... ကိုထိန်က သူ့ညီလေး ပဲဟာ..."

ရုတ်တရက် စိတ်တိုသလိုမို့ လွှတ်ခနဲ ပြောမိလိုက်ပါပြီ...။

ဖေဖေနဲ့ မေမေကတော့ ဝန်းရံအပြောကြောင့် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်နေရာက ဝန်းရံဘာတွေလျှောက်ပြောနေတာ လဲတဲ့... ဒီတော့မှ ဝန်းရံသိချင်တာကို မေးမိပါပြီ။

" ကိုကိုက ဒေါ်လေးညိုရဲ့သား မဟုတ်လား... ဝန်းရံ သိပါတယ်... ကိုကို့ကိုသာ မပြောတာ... ဦးလေးကလည်း လူမမာ ဖြစ်သွားလို့ပါ... ကိုကို့လိုပဲ ချောတာ... တူလည်းတူတယ်..."

" ဝန်းရံ..."

" ဝန်းရံ... အဲဒီအကြောင်း သမီးကိုကိုသိသလား "

" ဟင့်အင်း... ကိုကို့ကိုတော့ မပြောပါဘူး... သေချာ မသေချာမှ ဝန်းရံမသိတာ ဖေဖေတို့ မေမေတို့ကိုလည်း ပြောပြချင် ပေမယ့် ဖုန်းမဆက်ရဲဘူးလေ "

ဒေါ်လေးညိုနှင့် စကားပြောပြီးတော့... ကိုကို့ကို မိဘ အရင်းတွေ မတွေ့ချင်ဘူးလားလို့ ဝန်းရံမေးမိတာ မဟုတ်လား။



ကိုကို ပြန်ပြောတဲ့စကားတွေကို ဖေဖေနှင့် မေမေသိအောင် ပြောပြမိပါ တယ်။ တွေ့လည်း ဖေဖေနဲ့ မေမေ့လောက် ချစ်မှာမဟုတ်ဘူးတဲ့... ပစ်ထားရက်တယ်လို့ ခံစားရလိမ့်မယ် ထင်တယ်... မိဘဆိုတဲ့ ကျေးဇူးကို ထည့်တွက်ပေးလို့ မပြစ်မှားပေမယ့် မချစ်နိုင်ဘူး ထင်တယ် တဲ့လေ...။

" သားက အဲလိုပဲ ပြောသလား "

" ဟုတ်တယ် ဖေဖေ "

" ကလေးက လိမ္မာတာပဲ... ဖေဖေကသာ လူကြီးဖြစ်ပါ လျက် မိုက်တာပါ..."

ဖေဖေမျက်နှာမကောင်းတော့ဘူး။

ဝန်းရံကြောင့်ပါ...။ ဝန်းရံ ဒီအကြောင်းတွေ ပြောမိတာကိုး။ ဖေဖေ ရန်ကုန်ပြန်မယ်ဆိုတော့ ဦးလေးကို သွားနှုတ်ဆက်တာမှာတင် ကိုကို့မိဘတွေဆိုတာ သိလာခဲ့သတဲ့။

" သားကို ခုချိန်မှ ပြန်မပေးချင်တော့သလိုမို့ ဖေဖေ ဒီကိစ္စကို စိတ်ထဲမှာ ထားပြီး မေမေတစ်ယောက်ကိုပဲ ဖွင့်ပြောခဲ့တာ... ဖေဖေ မှားမှန်း သိတယ်..."

" ကိုကိုကဖြင့် သိလည်းမသိပါပဲ... သူပြောပြီးပြီပဲ ဖေဖေတို့ကို ပိုချစ်တယ်တဲ့... ပြောလိုက်ပါတော့ ဖေဖေရယ်..."

" ဟုတ်တယ် အစ်ကို... မတော်တဆ ဦးမောင်မောင်ကြည် သေပြီးမှ ဖွင့်ပြောမိရင် သား စိတ်မကောင်း ဖြစ်ချင်ဖြစ်မယ်... ဒါကြောင့် သူ့အဖေအရင်းကို မသေခင် တွေ့ပါစေ..."

ဖေဖေလည်း တွေတွေဝေဝေလေးနဲ့။

ဝန်းရံကတော့ သေချာနေပြီဆိုရင် ဖွင့်ပြောလိုက်စေချင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒါမှလည်း ကိုထိန့်အပေါ် ကိုကိုချစ်ခင်လာမယ် မဟုတ်လား။

" နုနုလည်း အဝင်းရှိနေတော့ နေခဲ့… ကိုတို့သားအမိ သားအဖ သုံးယောက် အရပဲ လိုက်သွားမယ်… ကားမောင်းဖို့ မောင်သိန်းဝင်း လှမ်းခေါ်လိုက်… နုနု… သားဆီက ဖုန်းလာရင် ဝန်းရံကို ပြန်လိုက်ပို့တယ်လို့ပြော…"

" ဖေဖေ အခုချက်ချင်းကြီး…"

" အေးလေ… ဘာဖြစ်လဲ… သမီး အဝတ်အိတ် ကားပေါ် ပြန်တင်လိုက်…"

ဝန်းရံကတော့ ရန်ကုန်မှာ တစ်ညတောင် မအိပ်ရတော့ပါလား။ ရန်ကုန်ပြန်လို့ ခွဲနိုင်ရက်လွန်းစွာ နှင်လွှတ်သူကို လာခေါ်မှ ကောင်းကောင်း ကောက်ပြလိုက်ဦးမည် တေးထားကာမှ… အခုတော့…။ ဒါပေမယ့် ဖေဖေနှင့် မေမေလိုက်လာမယ်ဆိုတော့ ပျော်တော့ ပျော်ပါတယ်။ နှုတ်ခမ်းကလေးကိုတော့ ကိုကိုနှင့်တွေ့ရင် အစွမ်းကုန် စူပုတ်ထားလိုက်ဦးမယ်။

✡ ✡ ✡

" ရန်ကုန်အိမ်ကို ဖုန်းခေါ်တာ လုံးဝခေါ်မရဘူး… လင်းဇေရာ ရန်ကုန်ဖုန်း ပျက်ပြန်ပြီ ထင်တယ်… ငါတော့ စိတ်ပူပါတယ်… ခက်တော့နေပါပြီ…"

ဖုန်းခေါ်မရလေ စိတ်ပူရလေပါပဲ။ ဝန်းရံကတော့ စိတ်ကောက်နေတော့ နိုင်းဆ စိတ်ပူသလို ခံစားရမှာ မဟုတ်ပါ။ လင်းဇေကတော့ ကိုနိုင်းဒီလောက် စိတ်ပူနေရင် ဒီညရထားနဲ့ လိုက်သွား… ကျွန်တော် ဂျူတီနေပေးပါမယ်တဲ့။ အတော်ဒုက္ခပေးတဲ့ ဝန်းရံပါပဲ…။

" သား… ကိုနိုင်း "

ခေါ်သံကြောင့် အံ့သြစွာ ကြည့်နေမိပါတယ်။

မေမေလို့တောင်မှ မခေါ်လိုက်နိုင်။ ဒီအချိန် ရထားဆိုက် ချိန်လည်း မဟုတ်ပါပဲ… မေမေ ဘယ်လိုရောက်လာပါလိမ့်…။

" အန်တီ… တစ်ယောက်တည်းလား…"

" မဟုတ်ပါဘူး မောင်လင်းဇေရယ်… သားဖေဖေရော မချွဲဝန်းရံကော ပါပါတယ်… ကားနဲ့လာကြတယ်…"

" ကိုနိုင်း ပြန်လိုက်သွားတော့… ကျွန်တော် ရှိနေပြီ…"

မေမေနှင့်လိုက်လာခဲ့တယ်။

အိမ်ကကားကို ယူလာတာပါလား။ ဖေဖေတော့ ရှေ့ခန်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုသိန်းဝင်းနဲ့ ထိုင်နေတယ်လေ…။

“ သား ပြန်လို့ရပြီလား ”

“ ရပါပြီ… လင်းဇေလည်း ရောက်နေပါပြီ ”

မချွေဝန်းရံကတော့ နောက်ခန်းမှာ… မေမေ့ကို အလယ်မှာထားပြီး စကားတစ်ခွန်းမပြော။

“ ဝန်းရံရောက်ရောက်ချင်း ပြန်ခေါ်လာတာ သားရဲ့… မင်းအဖေက ချက်ချင်းကို လိုက်ချလာတာ… ”

“ ကျွန်တော်လည်း ဒီညရထားနဲ့ လာရမလားလို့ ရန်ကုန်အိမ်ကို ဖုန်းကလည်း ခေါ်မရတော့ စိတ်ပူတယ်လေ… ”

အိမ်ရောက်တော့ ဖေဖေ ပင်ပန်းပါတယ် နားပါစေဆို အိပ်ရာခင်းဖို့ ပြင်ဆင်မယ်ဆို ရတယ် ဝန်းရံလုပ်လိုက်မယ်တဲ့။ နှိုင်းဆ မျက်နှာကို မကြည့်ပါဘူး။ စိတ်ကောက်နေတယ် ထင်ပါရဲ့။

“ ဖေဖေနဲ့ မေမေ့ကို ဘာလို့ခေါ်လာတာလဲ… လူကြီးတွေ စိတ်မကောင်းဖြစ်အောင် လျှောက်ပြောတယ် မဟုတ်လား… ဝန်းရံကြောင့်မို့ ဖေဖေနဲ့ မေမေ လိုက်လာရတာ မဟုတ်လား ”

သိလည်းမသိပါပဲ လျှောက်ပြောနေတယ်တဲ့လေ…

တကယ်ဆို ဖေဖေနဲ့မေမေကို ဝန်းရံ အကူအညီတောင်းပြီး ခေါ်လာတာ နေမှာ။ ဘယ်လိုကောင်မလေးလဲ။ လူကြီးတွေကို စိတ်ဒုက္ခပေးတယ်…။

“ ဖေဖေနဲ့ မေမေ နားပါဦး… ကားနဲ့တောက်လျှောက် ညဘက်ပါ မောင်းလာရတယ်လို့ပဲ… ဖြည်းဖြည်းမှလာရောပေါ့… သားက လင်းဇေနဲ့ ဂျူတီချိန် ပြောနေလို့ပါ… လိုက်ခေါ်မှာပေါ့… ဝန်းရံကလည်း စိတ်ကောက်တာလေးနဲ့ ပြန်သွားရလား… လူကြီးတွေ



စိတ်မကောင်းအောင်… ”

“ ကိုကိုပဲ ရန်ကုန်ပြန် ရန်ကုန်ပြန်နဲ့ နှင်လွှတ်နေတာကိုး… ပြန်မှာပေါ့… ”

ကြည့်ပါလား။ မျက်နှာကိုက ရှုပုတ်နေတာပဲ။ ဖေဖေနှင့် မေမေကတော့ ဝန်းရံရဲ့ ဒီလိုအချိုးတွေကို ရိုးနေပြီ ထင်ပါရဲ့…။ သူ့မှာတော့ ဖေဖေတို့ စိတ်မကောင်းမှာ စိုးရိမ်လို့ ဝန်းရံ ဘယ်လိုဆိုးနေတယ် ဆိုတာတွေ မပြောရက်ပါဘူး။

“ ဖေဖေနဲ့ မေမေ့ရှေ့မှာ ကိုကို့အကြောင်း တိုင်မယ်… ကိုကို အရင်လို မကောင်းတော့ဘူး… ဟိုးအရင်က ကိုကိုဆိုတာ ဝန်းရံအပေါ် နားလည်မှု သိပ်ရှိတယ်… အခုတော့ အရမ်း သဝန်ကြောင်ပြီး အမှန်ကို အမှန်လို မမြင်ဘူး… ကိုထိန်နဲ့ သမီးကို ခဏခဏ အထင်လွဲတယ်… ကိုထိန်လက်ဖွဲ့ထားတဲ့ မှန်တင်ခုံကိုလည်း ညာဝှက်ထားတယ် ”

ကြည့်စမ်း။

ဒီကောင်မလေး… မှန်တင်ခုံကိစ္စ သိသိကြီးနဲ့ ဘာလို့များ အခုမှ ဖေဖေတို့ကို ဖွင့်ပြောရလဲ…။

“ ဝန်းရံ ဖေဖေတို့ နားပါစေဦး ”

“ မပင်ပန်းပါဘူး သားရယ်… မပြောမပြီးတဲ့အကြောင်းတွေလည်း ရှိတယ်… ”

ဖေဖေက နှိုင်းဆအနားကို လာထိုင်ပြီးတော့ လက်ကို ဖက်ထားတဲ့အခါ နှိုင်းဆ စိတ်မကောင်းဖြစ်သွားရတယ်၊ ဒီအဖေ အမေ ကျေးဇူးကြီးမှန်းသိပါလျက် စိတ်ဆင်းရဲအောင် ဆုပ်မိသလို ဖြစ်နေပြီလား။

www.burmeseclassic.com

www.burmeseclassic.com



" သားကို မေမေတို့ သားလေးလို ချစ်ခဲ့တာ သိတယ်နော်... အထူးသဖြင့် မျက်စိကွယ်နေလည်း ရတယ်... ချစ်စရာ သနားစရာလေးဆို မွေးခဲ့တာ... ဒါပေမယ့်... ဘယ်လောက်ချစ်ချစ် သားရဲ့ မိဘအရင်းကိုတော့ သားသိချင်မှာပါ... မေမေတို့ကလည်း ပြန်မရှာတော့ဘူးဆိုနေရတာ လိပ်ပြာသန့်တယ်... တိုက်တိုက် ဆိုင်ဆိုင်ကြီးတွေ့နေပါလျက်.... ပြောမပြဘူးဆိုတာမျိုးကျတော့ လိပ်ပြာက မသန့်ဘူး.... ဒါကြောင့် ပြောပြရမှာပါ... သားကို မချစ်လို့ မဟုတ်ပါဘူး..."

နိုင်းဆအတွက်တော့ မေမေ့ရဲ့စကားတွေက ထူးဆန်းအံ့သြဖွယ်ရာ ကောင်းပါတယ်...။ တစ်ခြံဝင်းထဲ နေကြတယ်။ တွေ့ဆုံနေရတယ်... ဖခင်အရင်း မိခင်အရင်းကို စိတ်နှင့်မျှ မထင်ခဲ့ဖူးဘူး...။

" ဦးမောင်မောင်ကြည်က ရောဂါကြောင့် ရုပ်ကျသွားပေမယ့် မေမေက ဘယ်မမှတ်မိပဲ နေပါ့မလဲ... ဒါပေမယ့် သားကို ပြန်မပေးချင်တဲ့စိတ်နဲ့ သိပါလျက် ဖွင့်မပြောခဲ့တာ... မေမေ အများကြီးစိတ်ထိခိုက်ခဲ့ရတယ်..."

" မညိုညိုက သိပါ့မလား "

" မေမေ... ဒေါ်လေးညိုက ကိုကို့ကို ပေးပစ်လိုက်တယ်ဆိုတာ သိပုံမရဘူး... သူ့သားအကြီးလေးဟာ မွေးတုန်းက မျက်စိလေးကွယ်နေပြီး ဆုံးရှာတယ်ပဲ ပြောတာ... ကြည့်ရတာ ဒေါ်လေးညိုမသိဘူး..."

" ကိုမောင်မောင်ကြည်က သားကို မေမေ့ဆီပေးတုန်းက သူ့မိန်းမကို ဆုံးပြီပဲ ပြောမယ် ပြောတာပဲ... မညို သိပုံမရဘူး "

" ဒေါ်လေးညိုက ပိုသနားစရာကောင်းပါတယ် "



နိုင်းဆအတွက်တော့ မျက်လှည့်ပြလိုက်သလိုပါပဲ။ အဖြေအပျက်တွေက မြန်ဆန်စွာ ရောက်ရှိလာခဲ့တာ။ထိန်လင်းနိုင်နဲ့ နိုင်းဆဟာ ညီအစ်ကို အရင်းတဲ့လား။

" သား အခုအချိန် အမေအရင်းအပေါ် အာဃာတ မထားစေချင်ဘူး... ပြီးတော့ သူဟာ ဘဝမှာ နောက်ဆုံး အချိန်လောက် ရောက်နေပါပြီ... ခဏနေရခိုက် ပျော်ရွှင်သွားစေချင်လို့ မေမေ ဖွင့်ပြောရတာပါ..."

နိုင်းဆကတော့ ရုတ်ခြည်းသိရတဲ့ ဒီအချက်အပေါ် ခံစားရတယ်လို့ မရှိတော့ပါဘူး။ ရင်ထဲမှာကိုက ဟိုးအရင်တည်းက ကြိုတင်ပြင်ဆင်ထားပြီးပြီပဲ... မိဘအရင်းတွေလည်း မိဘလို့သာ သတ်မှတ်ရမယ်... မေမေ မေမေ့ထက် ချစ်နိုင်မယ် မထင်ခဲ့ပါဘူး။

ဒေါ်လေးညိုက အမေတဲ့လား။ နိုင်းဆအပေါ် အမြဲချစ်ခင်ခဲ့တာတော့ အမှတ်ရမိပါတယ်။ သူတို့ကတော့ နိုင်းဆနှင့် ပတ်သက်တာသိရင် ဘယ်လို ခံစားကြမလဲ...။ စိတ်မှာ ဘယ်လိုခံစားချက်မှ မရှိသလို ထုံထိုင်းနေလိုက်တာ။

✡ ✡ ✡

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဦးလေးဦးမောင်ကြည်က ဖေဖေ့လက်ကို ဆုပ်ကိုင်ပြီး ငိုပါလေရော။ ဝန်းရံလည်း ခုလိုမြင်ရတော့ စိတ်မကောင်းပါဘူး…။ ဒေါ်လေးညိုခမျာလည်း အံ့ဩလွန်းလို့ ထင်ပါရဲ့… ငိုတောင် မငိုနိုင်ပါပဲ… နောက်တော့ ဦးလေးကိုပဲ အပြစ်တင်တော့တာ။

“ ရှင်မို့ ကိုယ့်သားလေးကို မျက်စိကွယ်လည်း ဘာဖြစ်လဲ… ပေးပစ်ရတယ်လို့ ရှင်… ကျွန်မ မသိလို့ သိများသိရင် ရင်ကွဲလို့သေမယ်… ရှင် ဒါကြောင့် သားငယ်လေးကို မျက်စိကွယ်မှာကြောက်ပြီး ထိန်လင်းနိုင်လို့ ပေးခဲ့တာကိုး… ရှင့်ရဲ့ မကောင်းတဲ့စိတ်ဓာတ်ကြောင့် သားအငယ်လေးခမျာလည်း ရောဂါဖြစ်ပြီး ခုလိုဘဝလေး ဖြစ်ရရှာတာ… ပေးပါဦးလား… နောက်ထပ် ဒုက္ခိတလေးဆို နောက် တစ်ယောက်ပါ ပေးပါဦးလား ”

အစက မငိုနိုင်ရှာတဲ့ ဒေါ်လေးညိုဟာ ပြောရင်း ပြောရင်းမှ ငိုပါလေရော…။ ကိုထိန်ကလည်း ငိုင်ပြီး ထိုင်နေပါတယ်…။

“ ခုလိုပြန်တွေ့ခွင့်ရတာရော… ဖွင့်ပြောခဲ့တာရော… ဘယ်လို ကျေးဇူးဆပ်နိုင်ပါ့မလဲ… မေတို့ကျေးဇူးတွေ ကျွန်မ ဘယ်လိုမှ မဆပ်နိုင်အောင် များပါတယ်…”

ဒေါ်လေးညိုက မေမေ့ဖက်ငိုတော့ ကိုထိန်လည်း ခြံထဲ ဆင်းသွားပါလေရော…။ ကိုထိန့်အပေါ် အမြဲလို ဖြူစင်စွာ



ခင်မင်ခဲ့တာ။ အခုတော့ ကိုထိန်ဟာ တကယ်ပဲ ကိုကို့ညီလေးတဲ့ လား…။ ဝန်းရံလည်း ငိုနေတဲ့ လူကြီးတွေအနား နေရတာ မောလွန်းလို့ အပြင်ထွက်လာခဲ့တာ…။ ကိုထိန်ထွက်သွားတဲ့နောက် လိုက်ခဲ့မိတယ်။

လက်ပံပင်ကြီးရဲ့ အမြစ်ပါးပျဉ်မှာ ကိုထိန်ထိုင်နေပါလား။

“ ဟိတ်… ကိုထိန်… နင်က အခု ငါ့မောင်လေး တကယ် ဖြစ်သွားပြီ… နင် ငိုတော့ မငိုပါဘူးနော် ”

“ မငိုပါဘူး ဝန်းရံရယ်… ငါ ဟိုးအရင်တည်းက ကိုနိုင်းကို မြင်တိုင်း ရင်မှာ တစ်ခုခုခံစားနေရသလို ဖြစ်ရတာ… ခုမှသိတယ်… ငါတို့ သွေးက စကားပြောနေတာပါ… နင့်အပေါ်ဆိုလည်း ငါ အရမ်းခင်တာပါ… နောက်ပိုင်း ကိုနိုင်း စိတ်ဆိုးမှန်းသိတော့ ငါ စိတ်မကောင်းဖြစ်ရတာ…”

“ ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့… အခု နင်နဲ့ငါ တကယ် မောင်နှမ ဖြစ်ပြီပဲဟာ… ဟော… ကိုကို…”

ကိုကို လိုက်လာနေပါလား။ ရင်ထဲမှာ နည်းနည်းတော့ စိတ်ပူပါတယ်။ ကိုထိန့်အပေါ် ကိုကို သံယောဇဉ်ကော ရှိပါ့မလား…။

“ အိမ်ထဲမှာ လူကြီးတွေက ငိုနေတော့ ဝန်းရံရောလို့ ကိုထိန်နဲ့ ဒီမှာ လာထိုင်နေတာပါ…”

ကိုကိုစိတ်ဆိုးနေမလားလို့လည်း ကြည့်ရသေးတယ်။ ကိုကိုက ပြုံးနေပြီးမှ ဝန်းရံ… ဟိုမှာ… ဟိုမှာ… လက်ပံပွင့်လေး ကြွေကျလာပြီဆို အပြေးလိုက်ဖမ်းနေတယ်။ လေနည်းနည်းပြင်းတာနဲ့ လက်ပံပွင့်လေးတွေ တစ်ပွင့်တစ်ပွင့် ဝေ့ဝဲကြွေကျနေတာမှာ ကိုကို လိုက်ဖမ်းပြီး ပျော်နေတာ မြင်တော့ ဝန်းရံပါ ပျော်လာပြီလေ။

“ ဝန်းရံလည်း ရအောင်ဖမ်းမယ်… ကိုထိန်… ဟိုမှာ

www.burmeseclassic.com



တစ်ပွင့်ကျလာပြီ… ကျလာပြီ ”

ဝန်းရံ့အော်တော့ ကိုထိန်က လိုက်ဖမ်းပေးပါတယ်။ လက်ပံပွင့်လေးလည်း ကိုထိန့်လက်ထဲအရောက် ချော်လဲပါလေရော။

“ ဟာ… ”

ချော်လဲပြီး ချိုင်းထောက်တွေလည်း လွင့်နဲ့ ကိုထိန့်ကို ကိုကို ပြေးထူတယ်လေ။ ဖုံတွေခါပေးပြီး ဒဏ်ရာလိုက်ရှာနေတဲ့ ကိုကို့ပုံစံ… ကိုထိန့်အပေါ် စိတ်ပူပန်နေတာလေးကို ဝန်းရံ နှစ်သက်စွာ ကြည့်မိပါတယ်။

“ ရတယ် ကိုနိုင်… ရတ့ယ်… ”

ကိုထိန်ကလည်း သူ့ဘာသာ ကြိုးစား ထူရှာပါတယ်။

ဝန်းရံကတော့ သူတို့ညီအစ်ကိုကို ကြည်နူးစွာ ပြုံးကြည့်မိနေပါပြီ။

✡ ✡ ✡

ထိန်လင်းနိုင်ကို ဘာလို့ အခု ကြည့်လို့ သွားသလဲ။ စိတ်ရဲ့ အပြောင်း အလဲက မြန်ဆန်လွန်းပါသား…။ ခုတော့လည်း ဝန်းရံနှင့်အတူ လက်ပံပွင့်တွေ လိုက်ဖမ်းရင်း နှိုင်းဆတောင် ပျော်ရွှင်လာမိသလိုပါပဲလေ။ သူ ချော်လဲသွားတဲ့အခါမှာ စိတ်ပူပန်ရ ပြန်ပါလား။ သွေးဆိုတာ အမြဲ အဲဒီလို ပူနွေးနေတတ်ပါသလား။

“ ကိုကိုနော်… ကိုထိန့်ကို ချစ်တာချစ်… ဝန်းရံထက်တော့ မပိုရဘူး… ”

“ ဟာ… ဒီကောင်မလေး… ”

“ မြဝန်းရံက ရယ်ရတယ်… မိန်းမကို မိန်းမလိုချစ်မှာပေါ့… ညီကို ညီလိုချစ်မှာပေါ့ တူမလား ”

“ တူ တူ… မတူတူ ဝန်းရံကိုပဲ ပိုချစ်… ”

ခုတော့လည်း မိချွဲလေးက အချွဲများနေပြန်ပါပြီ။

“ ကိုထိန်… ရေပိုက် ပိတ်နေပြန်ပြီ… သိလား… ”

“ ကျွန်တော်ပြင်ပေးမယ် ”

“ မပြင်နဲ့ ကိုထိန်… ကိုကိုက ဟိုတစ်ခါပြောထားတယ်… သူ့ဘာသာ ပြင်မယ်တဲ့… ”

“ ဝန်းရံ… လူဆိုးမ… ဝန်းရံဘာသာပဲ ရအောင်ပြင်တော့… ကိုကိုက ဖေဖေတို့ဆီ ခဏသွားကြည့်မယ် တော်ကြာ… နေမကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်ကြဦးမယ်... ကိုကိုသိပြီသိလား... နောက်ဆို ဝန်းရံကို ချော့မော့ ဖျောင်းဖျပြီး မနှစ်သက်တာတွေ မလုပ်အောင် ပြောတော့မယ်... ဝန်းရံလည်း... ပြန်စဉ်းစားထား..."

ကိုကိုက ပြောပြီး ထွက်သွားပြီ။ ကိုထိန်ကတော့ ရေပိုက်ပြင် မလို့ဆို ရေကန်နား အလုပ်ရှုပ်နေပြီပေါ့။ ကိုကိုပြောသလို ဝန်းရံလည်း စဉ်းစားပြီးပါပြီ... နောက်ထပ် စဉ်းစားနေဖို့ကို မလိုဘူး...။

အိမ်ထောင်ရှင်မကောင်း တစ်ယောက်အဖြစ် ဝန်းရံ နေမယ်ဆို... ကိုကို မနှစ်သက်တာတွေ မဖြစ်စေရဘူးလေ...။ မေမေက လည်း ဝန်းရံကို ပြောတာပဲ။ ဘယ်လောက်ပဲ ဖြူစင်ရိုးသားပါစေ ကိုယ့်ခင်ပွန်းမဟုတ်တဲ့ သူစိမ်းမှန်သမျှနဲ့ ဘယ်တော့မှ တရင်းတနှီး မနေသင့်ဘူး... အဲဒါ ဝန်းရံမှားသတဲ့... ကိုကို့ကို တောင်းပန်ရ မှာပေါ့...။

" ဝန်းရံ... ဘာလုပ်မလို့လဲ..."

" ရေပိုက်ပြင်ပြီးပြီလေ... ကိုထိန်ပြင်ပေးသွားတာပါ... ဝန်းရံက အဝတ်တွေ သွားယူမယ်... အခုမှ အဝတ်လျှော်မလို့... ဖေဖေတို့ရော..."

" ဖေဖေနဲ့ မေမေက... ခေါ်လေးညီနဲ့ စကားပြောနေတယ်... ဦးလေးက မောတယ်ဆိုလို့ ဆေးထိုးပြီး အိပ်ခိုင်းလိုက်ပြီ "

" ကိုကို... ကိုကိုက ကံကောင်းပါတယ်... အခုဆို အဖေနှစ်ယောက် အမေနှစ်ယောက်တောင် ရှိတာပဲ ဒါပေမယ့် မိန်းမတော့ တစ်ယောက်ပဲ ရှိပါစေ "

ဝန်းရံအပြောကြောင့် ကိုကိုကရယ်ပြီးတော့ ဝန်းရံလည်း အူတိုတတ်ပါလားတဲ့။ ကိုကိုကပြောတယ်... သူလည်း နောက်ဆို



တွေ့သမျှ မြင်သမျှ အထင်လွဲပြီး မနာလိုတတ်တဲ့ အကျင့်ကို ပြင်မတဲ့... သံသယများတဲ့ မျက်ဝန်းရဲ့ အမြင်တွေဟာ ဦးနှောက်ကို မှားယွင်းစွာ တွေးခေါ်စေတတ်လို့... မမှားသင့်တာတွေ မှားတတ်တဲ့ သံသယတွေ ဖျက်ပစ်မတဲ့လား။ ဝန်းရံကလည်း... အိမ်ရှင်မပီသအောင် သာယာတဲ့အိမ်ကလေးဖြစ်ဖို့ နောက်ဆို ဆင်ခြင်စရာရှိတာတွေ ဆင်ခြင်မယ်လို့ ပြောမိပြီ...။

" ရေတွေပြည့်ပြီး လျှံကုန်ပြီ... ပိတ်လိုက်တော့လေ..."

ရေကန်ထဲမှာ ရေကတရိပ်ရိပ်မြင့်တက်လာပြီ... ပြည့်လျှံရုံပဲ ကောင်းပါတယ် ဖိတ်စဉ်ပြီး အလေအလွင့်ဖြစ်ကုန်တော့ နှမြောစရာပါပဲ။ အဝတ်တွေသွားယူဖို့ အခန်းဆီပြန်လာတဲ့အခါမှာ...။

" ကိုကိုတို့အချစ်လည်း တစ်ထောင့်ငါးရာ အချစ်အဖြစ် တွယ်ငြိနွန်း တရိပ်ရိပ် မြင့်မားလာခဲ့တယ်... သာယာတဲ့ လှပတဲ့ အိမ်ကလေးအဖြစ် ပြည့်ဝ ပျော်ရွှင်နေရုံ အကောင်းဆုံးပေါ့... သံသယ တွေ ဖိတ်လျှံကျကုန်ရင် အဲဒီအိမ်ကလေးမှာ အချစ်တွေ ဆုံးရှုံးလွင့် ပျက်ဆီးရမယ်ဆို နှမြောစရာ..."

ကိုကို သည်သို့ပြောတယ်...

ဝန်းရံလည်း သိပါပြီ...။ သာယာပျော်ရွှင် အေးချမ်းသော ကြည်နူးဖွယ်အိမ်ကလေးတစ်အိမ်ကို ခင်ပွန်းနဲ့ ဇနီး စတင် တည်ဆောက်တဲ့အခါ... အဲဒီအိမ်ကလေး အရှည်တည်တံ့ သာယာဖို့ ဆိုတာ နှစ်ယောက်လုံးရဲ့ နားလည်မှုတွေနဲ့ မှန်ကန်စွာ ပြင်ဆင်နိုင် ကြဖို့ အဓိကပဲ မဟုတ်လား။

" ဒီမှာကြည့် ကိုကို "

မှန်တင်ခုံလေးက အသည်းလေးနှစ်ခုကို ပြလိုက်တဲ့အခါမှာ...

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုက ကိုကို… တစ်ခုက ဝန်းရံလို့ ယူဆလိုက်ရင်…"

မှန်ကလေးထဲမှာတော့ ဝန်းရံကလည်း ပြုံးလို့…

ကိုကိုကလည်း ပြုံးလို့…။

"ထာဝရချစ်ကြမယ်နော် ဝန်းရံ…"

အခုတော့ နှစ်ယောက်လုံး အမြင်မှန်သွားပြီဆိုတာ… အမှန်တွေကို မြင်အောင်ကြည့်နိုင်ခဲ့လို့ပဲ မဟုတ်လား ကိုကိုရယ်…။

ခိုင်ခင်သက်

BURMESE CLASSIC

www.burmeseclassic.com